# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၀၅)


# မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ထိုင်းနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်ဒရေး ဘတ်စ်ရုတာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်အား ယနေ့ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)




# ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် မူးယစ်ဆေးဝါးပြဿနာ

၂၀၁၆ ခုနှစ်ကို ပြန်ကြည့်လျှင် မူးယစ်ဆေးဝါးအများအပြား ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ခြမ်းဒေသတို့တွင် လူငယ်များအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့မှု မြင့်တက်ခဲ့သည်။ ထို့ကြောင့်ပင် ဒေသခံများကို မူးယစ်ဆေးဝါးဆန့်ကျင်မှုအတွက် ဦးဆောင်လှုပ်ရှားခဲ့သည်များ ရှိခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့(မူးယစ်ဗဟို)မှ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ် ၁၁ လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၈၁၁၇ မှု ဖြစ်ပွားခဲ့ပြီး တရားခံ အမျိုးသား တစ်သောင်းကျော်၊ အမျိုးသမီး တစ်ထောင့်ငါးရာနီးပါး စုစုပေါင်း ၁၂၂၆၅ ဦး ဖမ်းဆီး စစ်ဆေးနိုင်ခဲ့သည်ဟု သိရသည်။ မူးယစ်ဆေးဝါးဟုဆိုရာတွင် ဘိန်းစိမ်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဆေးခြောက်နှင့် အခြားသော အမျိုးအစားပေါင်းများစွာ ပါဝင်ပါသည်။ ဘိန်းဖြူနှင့် ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ အက်ဆစ်များ စသည်ဖြင့် အမျိုးပေါင်း ၄၀ ခန့် ပါဝင်နေသည်။

၂၀၁၆ ဧပြီလမှ ဒီဇင်ဘာလကုန်အထိ ကာလအတွင်း ကျပ်သိန်းပေါင်း တစ်ထောင်ခန့်မှ ကျပ် ဘီလီယံ ရာနှင့်ချီ၍ တန်ဖိုးရှိသော ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိသည့် အမှုကြီးပေါင်း ၄၀ ခန့် ရှိသည်ကို တွေ့ရသည်။ ထိုအထဲတွင် ဇူလိုင်လအတွင်းက မင်္ဂလာဒုံမြို့နယ်တွင် ကုန်တင်ယာဉ်တစ်စီးပေါ်မှ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သန်းကျော် (ကာလတန်ဖိုး ဒေါ်လာသန်း ၁၃၀ ကျော်တန်သည့်) ဖမ်းဆီးရမိမှုမှာ မြန်မာနိုင်ငံတွင် စံချိန်တင်အများဆုံးဖြစ်သည်။ ကမ္ဘာတွင်ပင် တစ်ကြိမ်တည်းဖမ်းဆီးရမှု ပမာဏတွင် ဒုတိယအများဆုံး ဖမ်းဆီးရမိခြင်းဟု ဆိုပါသည်။

ဖမ်းဆီးရမိမှုများကို လေ့လာရာတွင် မြန်မာနိုင်ငံအနှံ့အပြားနှင့် နယ်စပ်ဒေသများတွင် အများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် ဖားကန့်၊ လားရှိုး စသည့်နေရာများပါသလို ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း၊ ရခိုင်ပြည်နယ် စစ်တွေ၊ ရသေ့တောင်မြို့နယ် ပင်လယ်ပြင်၊ ရခိုင်ပြည်နယ်အဝင် ပန်းတောင်းမြို့နယ်များ၊ သထုံမြို့နယ်၊ မြဝတီ၊ တာချီလိတ်နှင့် တနင်္သာရီတိုင်း မြိတ်ကျွန်းစုများတွင်ပါ ဖမ်းဆီးရမိမှုများ ရှိခဲ့သည်။ ၂၀၁၆ ဇန်နဝါရီမှ ဇူလိုင်လအထိ ခုနစ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွေ့ရှိရသော စာရင်းများအရ ရှမ်းပြည်နယ်သည် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှု ၃၄ သန်းကျော် ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ၂၄ သန်းကျော်နှင့် မန္တလေးတိုင်းဒေသကြီး ၁၀ သန်းကျော်တို့ဖြင့် အများဆုံးဖမ်းဆီးရမိသည်ကို တွေ့ရပါသည်။

စိတ်ကြွရူးသွပ်ဆေးပြားအများစု၏ မြစ်ဖျားခံရာသည် ရှမ်းပြည်နယ်နှင့် နယ်စပ်ဒေသများဖြစ်ပြီး ဦးတည်ရာသည် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသဖြင့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ် ထွက်ပေါက်များသို့ ဖြစ်နေသည်ကို တွေ့ရပါသည်။ ၆ လပိုင်းမှ ၁၂ လပိုင်း အတွင်း မောင်တောဒေသတစ်ခုတည်းတွင် အချိုကြီးဖမ်းဆီးရမိမှု ခုနစ်ကြိမ်ခန့်ရှိခဲ့ရာ နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေမှုများရှိနေသည်ဟု ယူဆနိုင်ပါသည်။ ထို့ပြင် ဖမ်းဆီးရမိသောဒေသများ၊ ထုတ်လုပ်နေသည်ဟု ယူဆနိုင်သောနေရာများမှာ နိုင်ငံရေးမတည်ငြိမ်မှု အများဆုံးရှိနေသော ဒေသများဖြစ်နေပါသည်။

ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများ၏ တန်ဖိုးမှာလည်း ဒေါ်လာ သန်း ရာပေါင်းများစွာရှိနေရာ အလွန်ကြီးမားလှသော စီးပွားရေးလုပ်ငန်းကြီးဖြစ်နေပါသည်။ ဤသည်မှာ ဖမ်းဆီးရမိသော ပမာဏသာဖြစ်ပြီး လွတ်မြောက်သွားသော ပမာဏမည်မျှရှိမည်ကို မှန်းဆရန် ခက်ခဲလှသည်။ နိုင်ငံရေးမတည်ငြိမ်မှုများလေ နယ်စပ်ဒေသပဋိပက္ခများ ရှည်ကြာလေ မူးယစ်ဆေးဝါးပြဿနာ ပိုမိုကြီးထွားလေဖြစ်လေရာ၊ ထိုလုပ်ငန်းမှရရှိသော ငွေကြေးများသည် ထိုပဋိပက္ခများအတွက် ပြန်လည်အသုံးပြုရာ ဖြစ်နေသည်ဟု ယူဆနိုင်ပါသည်။

မူးယစ်ဆေးဝါးပြဿနာမှာ ပြည်တွင်းပဋိပက္ခများကြောင့် ပိုမိုအားကောင်းလာသော ဘေးထွက်ဆိုးကျိုးတစ်ခုဖြစ်ရာ လက်ရင်းပြဿနာများဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို အားသွန်လုပ်ဆောင်နေသည့် အစိုးရ၏လုပ်ငန်းစဉ်များတွင် အင်အားစုအသီးသီးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း တင်ပြရပါသည်။ ။




## စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်ကြီးကိုးပါးထံမှ ဂေါပကအဖွဲ့ဝင်များက ဩဝါဒခံယူပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်က ဘုရားကြီးဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံကြီး၌ ကျင်းပသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင် ဦးထွန်းနိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဦးဇော်လွင်ထွန်း(စီမံရေးရာ)၊ ဦးအောင်သိန်း(ဘဏ္ဍာရေးရာ)တို့က ဆောင်ရွက်ရန်ကိစ္စများကို လျှောက်ထားကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်း၊ တရားပွဲများကိုကျင်းပခြင်းနှင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက်တွင် အောင်ပွဲအခမ်းအနားကျင်းပကာ မွန်းလွဲပိုင်း၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရားဖူးလာသည့်ပရိသတ်များအတွက် နိဗ္ဗာန်ဈေးဖွင့်လှစ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရန်ကုန်ဘတ်စ်ကားလိုင်း မထသ ဝန်ထမ်းများ ကိုက်ညီသည့်တာဝန်ခန့်ထားရေး မျှော်လင့်

ရန်ကုန် ဇန်နဝါရီ ၁၂

**ရန်ကုန်ဘတ်စ်ကားလိုင်း မထသကို မကြာမီရက်ပိုင်းအတွင်း ဖျက်သိမ်းတော့မည်ဖြစ်သည်။ ယခုလက်ရှိ မထသမှဝန်ထမ်းများသည် စားဝတ်နေရေးအတွက် ရန်ကုန်ဘတ်စ်ကားယာဉ်လိုင်းအသစ်တွင် အရည်အချင်းနှင့်ကိုက်ညီသည့် နေရာများခန့်ထားပေးရေး မျှော်လင့်နေကြသည်။**

မရမ်းကုန်းမြို့နယ် အနောက်ပိုင်းခရိုင် မထသ ဒုလက်ထောက်ဌာနမှူး ဦးခင်မောင်လင်းက "အများပိုင်ကုမ္ပဏီက တာဝန်ယူမယ့် ဘတ်စ်ကားလိုင်းစနစ်ကိုကျွန်တော်တို့လည်း သဘောကျတယ်၊ စိုးရိမ်တာက အလုပ်ပြန်ခန့်မယ့်ကိစ္စပါ၊ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထားဖောင်တင်ခိုင်းထားတယ်၊ မလျှောက်ခဲ့ရင် ကျွန်တော်တို့အပြစ်ဖြစ်မယ်၊ ဒီတော့ အားလုံးဖောင်တင်လိုက်တယ်၊ ဖောင်ကလိုအပ်ချက်ရှိတယ်၊ အမည်၊ ရာထူး၊ လစာ လုပ်သက်၊ လိပ်စာပါတယ်၊ မျှော်မှန်းလစာ မပါဘူး၊ ဘယ်လိုလစာရမလဲ ဘာရာထူးရမလဲ၊ ဘာတာဝန်ထမ်းရမလဲ၊ ဦးရေ ဘယ်လောက်ခန့်ထားပေးမလဲ၊ ဘယ်လိုအရည်အချင်းတွေရှိရမလဲ၊ ကျွန်တော်တို့သိချင်တယ်၊ ဌာနကဘယ်သူကိုမှ မေးမရဘူး။ ဇန်နဝါရီ ၁၆ ရက်ဆိုပယ်ဖျက်တော့မယ်၊ အလုပ်ပြုတ်ပြီလားနားရမလား၊ ဘာလုပ်ရမလဲဆိုတဲ့ စိုးရိမ်စိတ်ရှိပါတယ်"ဟု ပြောသည်။

အနောက်ပိုင်းခရိုင် မထသ ထောက် / ပြည့် ဒုလက်ထောက်ဌာနမှူး ဦးဇော်လင်းထွန်းက "မော်တော်ယာဉ်ဘတ်စ်ကားလိုင်း စနစ်သစ်ပြောင်းလဲတာ ကြိုက်ပါတယ်။ ကျွန်တော်တို့ အနောက်ပိုင်းဝန်ထမ်း ၂၄၈ ယောက်ရှိတယ်၊ ၂၀၀၇ ခုနှစ် စည်းမျဉ်းအရ ဝန်ထမ်းအဆင့် ၁၀ ဆင့်ရှိတယ်၊ ၁၀ က နေ့စား၊ အဆင့်ကိုးနဲ့ ရှစ်က အချိန်မှူးတွေ၊ အဆင့်ခုနစ်က ဂိတ်မှူးတွေဖြစ်တယ်။ ကြီးကြပ်ရေးမှူး လစာ ၇၇၀၀၀၊ ဂိတ်မှူးလစာ ၇၁၀၀၀၊ မှုလကိုက်ညီတဲ့ လစာအလုပ်ကို ပေးမှာလား၊ ဘယ်လိုအရည်အချင်း ဘာတွေ တတ်ရမလဲမှန်းလို့မရလို့ပါ၊ ဌာနမှာလည်း ရှင်းပြနိုင်တဲ့သူမရှိဘူး၊ နှစ်ရှည်လများကြာခဲ့တဲ့အလုပ်ကို ခင်တွယ်ပါတယ်။ ဒီအလုပ်မှီတွယ်နေရတာပါ။ အလုပ်လက်မဲ့ဖြစ်ပြီလား၊ မိသားစုလည်း ပူပန်တယ်၊ ကျွန်တော်ကလည်း စိုးရိမ်တာပေါ့ ရှင်းရှင်းလင်းလင်းသိချင်တာပါ" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဇီးကုန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ဇီးကုန်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးကပြုလုပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က အခြေခံပညာအထက်တန်းကျောင်း(မြို့မ) ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကိုက နိုင်ငံသားစိစစ်ရေးကတ် ၉၈ ခုအား ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းလက်ခံယူခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ · ၃၁ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ · ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လွတ်လပ်မျှတ၍ အများယုံကြည်လက်ခံသည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက်ထားမှုများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) မှ ဦးနေလင်းစိုးနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။**

MILI အဖွဲ့နှင့်တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဧပြီလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ MILI အဖွဲ့က ဦးဆောင်ပြုလုပ်မည့် မသန်စွမ်းမဲဆန္ဒရှင်များ၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းများ၊ မသန်စွမ်းမဲဆန္ဒရှင်များ၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်ရေးအတွက် စီမံကိန်း ဦးတည်ဇရိယာများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ ပိုမိုပါဝင်လာနိုင်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ ပါဝင်သော ဖိုရမ်တစ်ခုကျင်းပနိုင်ရေး၊ မသန်စွမ်းမဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် တရုတ်နိုင်ငံမှ လေ့လာစောင့်ကြည့်မည့်အဖွဲ့များ ဖိတ်ခေါ်မည့်ကိစ္စ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စများ၊ ရွေးကောက်ပွဲ အကူအညီပေးရေးဆိုင်ရာများ၊ ကော်မရှင်အနေဖြင့် လွတ်လပ်မျှတ၍ အများယုံကြည်လက်ခံသည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# (၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

(၄)ကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်ရွှေပြည်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်နှင့် နီပေါနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဖူလုံမှုဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်လုပ်ဆောင်သွားမည့်အခြေအနေ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်တိုးတက်လျက်ရှိသည့် စွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲမှုနှင့် မဟာဓာတ်အားလိုင်း ဆက်သွယ်ခြင်းအပါအဝင် စဉ်ဆက်မပြတ်စွမ်းအင်တိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက်မဟာဓာတ်အားလိုင်း ချိတ်ဆက်နိုင်ရေးနှင့် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ-ထိုင်း အားကစားကဏ္ဍတိုးတက်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ထိုင်းနိုင်ငံဟိုတယ်ခရီးနှင့်အားကစားဝန်ကြီး H.E. Mrs. Kobkarn Wattanavrangkul နှင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ASEAN School Sport Council အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး မြန်မာနိုင်ငံရှိ ကျောင်းနေအရွယ်ကလေးများ စာသင်ကျောင်း၌ အားကစားကို ပိုမိုပါဝင်လှုပ်ရှားနိုင်ရေးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အားကစားကဏ္ဍ ယခုထက်တိုးတက်အောင်မြင်အောင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားနယ်မြေရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A,B,C)နှင့် ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၊ ဘိလိယက်အားကစားရုံတို့ကို လေ့လာကြည့်ရှုကြပြီး အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ကရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်းအားပျော့

**နေပြည်တော် ဇန်နဝါရီ ၁၂**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲ တိုင်းထွာချက်များအရ တနင်္သာရီကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဥရောပသမဂ္ဂက ယူရို ရှစ်သန်းထောက်ပံ့မှု စာချုပ်ချုပ်ဆို

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကန်းတွင် ပါဝင်သည့် မြို့ပြရေပေးဝေရေးနှင့် Capacity Building ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် AFD က ယူရိုရှစ်သန်းကို ကူညီထောက်ပံ့သည့် စာချုပ်ချုပ်ဆိုသည့်အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးမြို့တော်စည်ပင်ရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါစာချုပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr.Olivier Richard၊ ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ(AFD)မှ စီမံကိန်းဒါရိုက်တာ Mrs.Ariane တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

"ရေထုတ်လုပ်မှု တိုးတက်လာပြီး အခွန်အခအပြည့်အဝရရှိဖို့နဲ့ လက်ရှိ ရေပေးဝေမှုကို ပြန်လည်ပြုပြင်ပြီး တိုးချဲ့မယ်။ ပြုပြင်တည်ဆောက်မယ်။ ဆက်ပြီးတော့လည်း လက်ရှိ ရေပိုက်တွေထဲက မကောင်းတာတွေကို အစားထိုးပြင်ဆင်ပြီး ရေအားမကောင်းတဲ့နေရာတွေမှာ ရေအားကောင်းအောင်လုပ်မယ့် စီမံကိန်းပါ" ဟု မြို့တော်စည်ပင်သာယာရေးဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါ်ခင်မေဌေးက ပြောကြားသည်။

လက်ရှိ ရေပေးဝေရေးစနစ်မှ မြစ်ရေတင်စီမံကိန်းမှာ ဧရာဝတီမြစ်ရေကို မန္တလေးတောင်ပေါ်မှတစ်ဆင့် မြေဆွဲအားနှင့် ဖြန့်ဝေပေးသည့် စွမ်းအင်သုံးစွဲမှုနှုန်းလျှော့ချသော နည်းလမ်းဖြင့် ရေရှည်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်သစ်နဲ့ မြန်မာနိုင်ငံက ကျန်းမာရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်လာတာက ဆယ်စုနှစ်ရှိပါပြီ။ မန္တလေးက ဆေးရုံတွေနဲ့ ပြင်သစ်က ဆေးရုံတွေ ပူးပေါင်းဆောင်ရွက်မှုက အမြစ်ရှိခဲ့တာကြောင့် မန္တလေးကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်"




ဟု AFD မှ Mr.Ghislain ကပြောကြားသည်။

ယင်းစီမံကိန်းအတွက် ချေးငွေ ယူရိုသန်း ၄၀ သဘောတူထားကာ အဓိကဖြစ်သည့် ရေပေးရေးလုပ်ငန်းများအပြင် မန္တလေးပြည်သူများအား အသိပညာပေးမှုမြှင့်တင်ပေးမည့် သင်တန်းများ၊ ဟောပြောပွဲများပြုလုပ်မည်ဖြစ်ပြီး မြို့တော်စည်ပင်၏ ငွေကြေးစီမံခန့်ခွဲမှုမှာ ရေခွန်နှင့် ပတ်သက်၍ အပြည့်အဝ ရရှိရေးတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုများ အောင်မြင်စွာကျော်လွှားနိုင်ရန် လုပ်ဆောင်နေမှုအခြေအနေများဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ညှိနှိုင်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ထိုသို့တွေ့ဆုံစဉ် ညှိသည်တော်ဝန်ကြီးက မိမိခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လုပ်ဆောင်ရန်အတွက်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ရင်ဆိုင်နေရသည့် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများရှိသည်ကို သိရှိကြောင်း၊ မိမိနိုင်ငံတွင်လည်း အလားတူ စိန်ခေါ်မှုများရှိကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုများအား အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် လုပ်ဆောင်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် လုပ်ဆောင်နေမှုတို့အား ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလိုကလင်းကင်တို့ ဆွေးနွေးစဉ်** (သတင်းစဉ်)

# စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆက်သွယ်ရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများ အပါအဝင် ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများ ဈေးနှုန်းသင့်တင့်သော ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို စိတ်ကြိုက်ရွေးချယ်အသုံးပြုခွင့်ရရှိရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာနိုင်ငံလူဦးရေနှင့် အကျယ်အဝန်းစသည့် အချက်အလက်များအပေါ်မူတည်၍ ဆက်သွယ်ရေးအော်ပရေတာလေးခုဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်ကမူဝါဒများချမှတ်ပေးခဲ့ပြီးဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါမူဝါဒများအား ဆက်လက် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ပြည်ပအော်ပရေတာနှစ်ခုဖြစ်သည့် Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အား ၅-၂-၂၀၁၄ ရက်တွင် လည်းကောင်း၊ ပြည်တွင်းအော်ပရေတာအဖြစ် ယခင်နိုင်ငံတော်ပိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေး ဂျပန်နိုင်ငံမှ KDDI နှင့်ပူးပေါင်းကာ Joint Operation လုပ်ငန်းအဖြစ် ပူးပေါင်းစေ၍ ၂၄-၃-၂၀၁၅ ရက်တွင် လည်းကောင်း၊ NationwideTelecommunications လိုင်စင်များထုတ်ပေး၍ ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင် ဆောင်ရွက်စေခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုအရ မြန်မာနိုင်ငံ၏ ယနေ့ဆက်သွယ်ရေးဈေးကွက်သည် ယှဉ်ပြိုင်မှုရှိသော ဈေးကွက်ပုံစံဖြင့် အများပြည်သူသို့ ဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ပြည်သူများကလည်း ကမ္ဘာ့တစ်ဝန်း နေ့စဉ်ဖြစ်ပျက်နေသော အကြောင်းတရား၊ သတင်း၊ ရာသီဥတုအခြေအနေ၊ ငွေကြေးဆိုင်ရာသတင်းအချက်အလက်၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး လူနေမှုဘဝ ကဏ္ဍပေါင်းစုံတွင် များစွာအထောက်အကူပြုစေသည့်အတွက် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေသည်မှာ ထင်ရှားလှသည်။

ယခုအခါ ဆက်သွယ်ရေးအော်ပရေတာ သုံးခုဖြင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးနေရာမှ Myanmar National Tele & Communications Co.,Ltd အား စတုတ္ထမြောက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ရက်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအစိုးရ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များနှင့်အညီ မိုဘိုင်းအော်ပရေတာ လေးဦးရွေးချယ်ဆောင်ရွက်သွားရန် ၂၀၁၃ ခုနှစ်ကတည်းကပင် မူဝါဒချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ စတုတ္ထမြောက် အော်ပရေတာလိုင်စင်ရရှိသူ ကုမ္ပဏီအနေဖြင့်လည်း တိုးတက်လာသောဆက်သွယ်ရေးနည်းပညာများနှင့်အညီ မြို့ပြမှ ကျေးလက်ဒေသ ဝေးလံခေါင်ဖျားအထိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အခြေခံလူမှုဘဝလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍများ၏ လိုအပ်ချက်များအား ဆက်သွယ်ရေးအော်ပရေတာများအားလုံးမှ ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။




ဆက်လက်၍ Myanmar National Tele & Communications Co.,Ltd မှ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ကျေးဇူးတင်စကားပြောကြားပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက စတုတ္ထမြောက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း NationwideTelecommunications Licence အား Myanmar National Tele & Communications Co.,Ltd သို့ပေးအပ်ရာ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လက်ခံရယူသည်။ အဆိုပါကုမ္ပဏီမှာ ပြည်တွင်းကုမ္ပဏီများပူးပေါင်းဖွဲ့စည်းထားသည့် Myanmar National Telecommunications Holdings Company မှ အစုရှယ်ယာ ၂၃ ရာခိုင်နှုန်းတို့ ပူးပေါင်း၍ ပြည်တွင်းအစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဗီယက်နမ်နိုင်ငံ Viettel Global Investment Joint Stock Company မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E.Mrs. Luan Thuy Duong၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ၊ ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြောင်းရွှေ့လာသည့် တိုင်းရင်းသားပြည်သူများအား ထောက်ပံ့



**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်း SSA(ဝမ်ဟိုင်း)အဖွဲ့၏ ဆက်ကြေးကောက်ခံခြင်းနှင့် အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းတို့ကြောင့် ဟိုဆိုင်းကျေးရွာအုပ်စု ပန်နှင်းကျေးရွာနှင့် ဝမ်မိုင်းကျေးရွာတို့မှ ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ရေဖြူကျေးရွာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရေဖြူကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက နှုတ်ဆက်အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းသည့် ဆန် ၁၁၉ အိတ်၊ ဆီ ၂၂၇ ပိဿာ၊ ဆားအထုပ် ၁၈၀ နှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရေသန့်ဆေးတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထို့အပြင် မားသဲကျေးရွာအုပ်စု မုံပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၁ ဦးအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော (၁၈)ဖြာ မင်္ဂလာတရားတော် သရုပ်ဖော်ပြပွဲနှင့် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်က ငါန်းဇွန်မြို့ မိုးသိင်္ဂီဇာတ်ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ငါန်းဇွန်မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်းပေါင်း ၃၃ ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆု မောင်ချစ်မွှေး (ပန်းရွာဓမ္မစကူးလ်)၊ ဒုတိယဆု မောင်သိန်းသန်းဝင်း (ရွှေလင်ပန်းဓမ္မစကူးလ်)၊ တတိယဆု မောင်ဝေဇင်ထွန်း (ကျောက်တလုံးဓမ္မစကူးလ်)၊ စတုတ္ထဆု မကေဇင်မိုးက (Future Garden) တို့က ရရှိခဲ့ကြပြီး နှစ်သိမ့်ဆုများလည်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တနင်္သာရီကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။**

✪ *ကျောဖုံးမှ*

တစ်နိုင်ငံလုံးအတွက် အလွန်အရေးကြီးသည့် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးကို ယနေ့အချိန်အခါတွင် အစွမ်းကုန်တည်ဆောက်နေပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင် ဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံအား အထောက်ကူပြုသည့် အနေအထားဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာ ငြိမ်းချမ်းရေးရရှိရေးအတွက် လုပ်ဆောင်သည့်အနေဖြင့် အမျိုးသားရေးဦးတည်ချက် ၄ ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အခမ်းအနားကျင်းပရာတွင်လည်း လုံခြုံရေးအမြင်၊ လုံခြုံရေးအသိ၊ သတိများ လျှော့ချခြင်းမပြုဘဲ အထူးကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်ပြီး ယဉ်ကျေးချိုသာစွာ ပြောဆိုဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က ပြည်ထောင်စုနေ့ ဦးတည်ချက်များနှင့်အညီ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေးနှင့် နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနားစီစဉ်ရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲဖျော်ဖြေရေး၊ ကျန်းမာရေး၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး၊ စာရင်းစစ်ဆေးရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများအား ပြန်လည်သုံးသပ်ပြောကြားရာတွင် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် ဆပ်ကော်မတီ ၁၄ ခုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို ဗဟို ကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ ၁၄ ခုတို့ ပေါင်းစည်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို စေ့စပ်သေချာစွာ ဆောင်ရွက်ထားရန်လိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို အမြဲတမ်းစစ်ဆေးပြီး စနစ်တကျ သပ်သပ်ရပ်ရပ် ပြီးစီးအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားခဲ့သည်။

အစည်းအဝေးသို့ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးနိုင်သက်လွင်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးစာပြန်ပွဲတော် ကျင်းပ

**သီပေါ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်အား အမှူးထား၍ (၁၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေးစာပြန်ပွဲတော်ကို ဇန်နဝါရီ ၈ ရက်က အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါစာပြန်ပွဲသို့ မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းပေါင်း ၆၇ ကျောင်းတို့မှ ရဟန်းသံဃာတော်နှင့်ရှင်သာမဏေပေါင်း ၃၉၄ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ ဆွမ်းကွမ်းဝေယျာဝစ္စများအတွက် စေတနာရှင်များက လှူဒါန်းကြပြီး ဇန်နဝါရီ ၁၂ ရက်(ပြာသိုလပြည့်နေ့)၌ အောင်လက်မှတ်များဆက်ကပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

▲ *ကျောဖုံးမှ*

ပြန်တွေ့ကြရမှာဖြစ်လို့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမှာ အလွန်ပျော်နေသလို ကြားကာလတွေမှာ ကြိုတင်ပြင်ဆင်မှုတွေ၊ လေ့ကျင့်မှုတွေအများကြီး လုပ်ထားပါတယ်။ ထက်ထက်အနေနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်သွားမယ်လို့ ပြောပါရစေ။ Winner ရအောင် ကြိုးစားမယ်။ ကမ္ဘာမှာ မြန်မာဆိုတာကို သိနိုင်အောင် မြန်မာ့ရိုးရာ ရုပ်သေးရုပ် အကနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ရုပ်သေးရုပ်အကတွေကလည်း မြန်မာ့ရိုးရာမှာ တိမ်ကောပျောက်ကွယ်လာတာ တွေ့ရတယ်။ ဒါကို ကမ္ဘာကသိအောင် ကြိုးစားသွားမှာပါ" ဟု မြန်မာအလှမယ် ထက်ထက်ထွန်းက ပြောသည်။



မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် ထက်ထက်ထွန်းသည် ကမ္ဘာ့အလှမယ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတွင် ဆန်ခါတင်ရွေးချယ်ထားသော Miss Universe Myanmar 2016 အလှမယ်တစ်ဦးဖြစ်သည်။ ယခုသွားရောက်ယှဉ်ပြိုင်မည့် ကမ္ဘာ့အလှမယ် Miss Universe ပြိုင်ပွဲသည် နိုင်ငံပေါင်း ၉၀ ကျော်မှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲကြီးဖြစ်သည်။

"ဒီနှစ်နဲ့ဆို Miss Universe Myanmar Organization အနေနဲ့ သွားပြိုင်တာ လေးကြိမ်ရှိပါပြီ။ ပြိုင်ပွဲအတွေ့အကြုံက တစ်နှစ်ထက်တစ်နှစ် ပိုပြီးပြည့်စုံလာပါတယ်။ ထက်ထက်ထွန်းကို လုပ်နိုင်ပဲ့မလားလို့ အစပိုင်းမှာတော့ စိတ်ပူမိတယ်။ ဒီပွဲကြီးမတိုင်မီ ကြားကာလ ဖိလစ်ပိုင်မှာလုပ်တဲ့ အာရှအလှမယ်ပြိုင်ပွဲမှာ သူ့အနေနဲ့တော်တော်လေး ကျေနပ်လောက်အောင်ကို ယှဉ်ပြိုင်နိုင်ခဲ့တာ တွေ့ရတယ်။ ဒီအတွက် စိုးရိမ်စိတ်တော့ မရှိတော့ဘူး။ ဒီနှစ်က အချိန်ကလည်းရတော့ ကြိုတင်ပြင်ဆင်မှုတွေကို အကောင်းဆုံးပြင်ဆင်နိုင်တယ်။ အခု ပြိုင်မယ့် ပြိုင်ပွဲကြီးကတော့ ကမ္ဘာ့အဆင့်ရှိပြီး အာရှ၊ ဥရောပမှာရှိတဲ့ နိုင်ငံကြီးတွေက အလှမယ်တွေ လာရောက်ယှဉ်ပြိုင်ကြမယ့် ပြိုင်ပွဲကြီးဖြစ်ပါတယ်" ဟု Miss Universe Myanmar Organization မှ စီစဉ်သူ မစိုးယုဝေက ပြောသည်။

ပြိုင်ပွဲပုံစံသည် Miss Universe ပြိုင်ပွဲကြီး မရောက်မီ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အလှမယ်များအား စခန်းသွင်းလေ့ကျင့်ထားပြီး ကြားကာလတွင် အသေးစားပြိုင်ပွဲလေးများ အဆင့်ဆင့်ယှဉ်ပြိုင်ကြရမည်။ ထိုယှဉ်ပြိုင်မှုအပေါ် ဒိုင်လူကြီးများက အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဇန်နဝါရီ ၃၀ ရက်တွင် နောက်ဆုံးပြိုင်ပွဲကြီးအား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချိန်ခါမရွေး သတိပေး**
**မီးဘေးကင်းဝေးမှာ**

❍ *ကျောဖုံးမှ*

တွင် Soil Test ပြုလုပ်ခြင်း၊ အထက်ရပ်နားနေရာ တည်ဆောက်မည့် ဇွဲကပင်တောင်ပေါ်တွင် ဘူမိဗေဒပညာရှင်များဖြင့် ကျောက်သားစမ်းသပ်ခြင်း၊ တစ်စီးလျှင် လူ ၅၀ ပါဝင်သည့် ကေဘယ်ကားနှစ်စီးဖြင့် အကောင်အထည်ဖော် တည်ဆောက်မည့် ကေဘယ်ကားပုံစံအား အမေရိကန်ဒေါ်လာ ငါးသောင်းပေးအပ်၍ GARAVENTA ကုမ္ပဏီဖြင့် ဒီဇိုင်းရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါစီမံကိန်းအား ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံမှုအဖြစ် ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စုရှိ ဇွဲကပင်တောင် OSS-66၊ ဇွဲကပင်ဆရာတော်ပိုင် ဥယျာဉ်ခြံမြေ ၁၂ ဒသမ ၇၂ ဧကနှင့် ကာကွယ်တောမြေချိန်ဧရိယာဧက ၀ ဒသမ ၇၀ တို့အား အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီက ဖေဖော်ဝါရီလမှာ ပြည်ပ ပညာရှင်တွေဖြစ်တဲ့ ဂျပန်နိုင်ငံနှင့် ဩစတြီးယားနိုင်ငံ ပညာရှင်တွေနဲ့ စာချုပ်ချုပ်ဆိုသွားမှာ ဖြစ်ပါတယ်။ အဲဒီကျမှ ငွေကြေး လျာထားချက်ကို သိနိုင်မှာဖြစ်လို့ အခု အကြမ်းဖျင်းအနေနဲ့တော့ ကေဘယ်ကား ရိုးရိုးအတွက် အမေရိကန်ဒေါ်လာ သိန်း ၇၀ လောက်



ခန့်မှန်းထားတယ်" အကျိုးအမြတ်အနေနဲ့ကတော့ ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဘက်က ၂၅ ရာခိုင်နှုန်းဖြစ်ပြီး ကျွန်တော်တို့ ကုမ္ပဏီဘက်က ၇၅ ရာခိုင်နှုန်းသဘောတူထားပါတယ်။ ကုန်ကျမှုအနေဖြင့် အဆောက်အအုံပိုင်းတွေရော အားလုံးအပြီးအစီးဆိုရင် အမေရိကန်ဒေါ်လာသိန်း ၁၂၀ လောက်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျန်တဲ့အဆောက်အအုံပိုင်းတွေရော အားလုံးအပြီးအစီးဆိုရင် အမေရိကန်ဒေါ်လာ သိန်း ၁၂၀ လောက်တော့ တွက်ချက်ထားပါတယ်။ အခုသဘောတူညီချက်အရ စီမံကိန်းကာလကို တစ်နှစ်ခြောက်လ သတ်မှတ်ထားပေမယ့် ဒီထက်စောပြီး ပြီးစီးဖို့ရှိပါတယ်"ဟု ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောချစ်သူက ပြောသည်။

ဇွဲကပင်တောင်သည် သာမန်ကျန်းမာရေးကောင်းမွန်သည့် လူငယ်များ ခြေလျင်တက်မည်ဆိုပါက တစ်နာရီခွဲခန့်အချိန်ကြာမြင့်မည်ဖြစ်သည့်အပြင် အသက်ကြီးသူများနှင့် ကျန်းမာရေးအားနည်းသူများဆိုလျှင်လည်း နှစ်နာရီကျော်ခန့် တက်ရောက်ရပြီး အဆင်းအတက် ငါးနာရီခန့် အချိန်ပေး တက်ရသည့်အတွက် မည်သူမဆို အလွယ်တကူတက်ရောက်ဖူးမြော်နိုင်ရန် ကေဘယ်ကားစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇွဲကပင်ကေဘယ်ရထားစီမံကိန်းကြီးအား ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလိုလားသည့် အဖွဲ့အစည်းများက ပူးပေါင်း၍ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းသွားမည်ဖြစ်ရာ ဒေသတွင်း တိုင်းရင်းသားအဖွဲ့အစည်းများစည်းလုံးညီညွတ်မှုနှင့်အတူ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်လာကာ ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးရေးအတွက် အထောက်အပံ့ကောင်းဖြစ်စေမည်ဖြစ်ကြောင်း ဇွဲကပင်မြေဘက်စုံဖွံ့ဖြိုးရေးကော်မတီ အထွေထွေအတွင်းရေးမှူးက ပြောသည်။

# ကြက်သားမှုန့်သုံးစွဲသူများ အချိုမှုန့်များပါဝင်သည်ကို သတိထား

**ရန်ကုန် ဇန်နဝါရီ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ (၄၅)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ ကြက်သားဟင်းခတ်အရသာမှုန့်အချို့တွင် အချိုမှုန့်ပါဝင်မှုပမာဏကို တပ်မတော်ဆေးသုတေသနတပ်က သုတေသနပိုစတာအဖြစ် တင်သွင်းပြသခဲ့သည်။

အစားအစာ ပြင်ဆင်ချက်ပြုတ်ရာတွင် စားသုံးမှုခလေ့ တွင်ကျယ်လာသည့် ကြက်သားအရသာဟင်းခတ်မှုန့်အချို့တွင် အချိုမှုန့်ပမာဏများပြားစွာ ပါဝင်နေသည့်အတွက် လူတစ်ဦးအနေဖြင့် တစ်နေ့လျှင် ပျမ်းမျှလက်ဖက်စားဇွန်း နှစ်ဇွန်း (သုံးဂရမ်) ထက်ပို၍ မစားသုံးသင့်ကြောင်း တပ်မတော် ဆေးသုတေသနတပ် ဆေးဝါးဗေဒပါရဂူ ဒေါက်တာ ငြိမ်းချမ်းအောင်က ပြောသည်။

"ကြက်သားမှုန့်ဆိုတိုင်းလည်း အချိုမှုန့်မပါဘူးဆိုပြီး သတိမပြုမိဘဲ မစားမိဖို့ပါ၊ တွေ့ရှိချက်အရဆိုရင် ၄၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းဆိုတော့ တစ်ဝက်နီးပါးလောက် ပါဝင်နေတာတွေ့ရပါတယ်၊ နိုင်ငံတကာ သုတေသနပြုချက်အရဆိုရင် လူတစ်ယောက်ကို ခန့်မှန်းခြေတစ်ရက် လက်ဖက်စားဇွန်း နှစ်ဇွန်းထက်ပိုပြီး မစားသင့်ပါဘူး"ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း အိမ်တွင်းစားဖိုဆောင်များ၌သာမက စားသောက်ဆိုင်များတွင်ပါ ဟင်းလျာပြင်ဆင်ချက်ပြုတ်ရာတွင် အချိုမှုန့်အစားထိုးအဖြစ် ကြက်သားမှုန့်ကို ထည့်သွင်းချက်ပြုတ်သည့် အလေ့အထ တွင်ကျယ်လာသည်။

မြန်မာနိုင်ငံတွင် ရောင်းချနေသော အချိုမှုန့်အစားထိုး ကြက်သားဟင်းခတ်မှုန့်များထဲမှ အမျိုးအစား သုံးမျိုးကို တပ်မတော်ဆေးသုတေသနတပ်မှ စုဆောင်း၍ ယင်းတို့ကို A,B,C ဟူ၍ သင်္ကေတစနစ်ပြုလုပ်မှတ်သားခဲ့ပြီး ယင်းအမျိုးအစားများတွင် Monosodium Glutamate အချိုမှုန့်ပါဝင်မှု ရှိ/မရှိကို Thin Layer Chromatography (TLC)နည်းလမ်းသာမက အချိုမှုန့်ပါဝင်မှုအတိအကျကို High Performance Liguid Chromatography (HPLC) နည်းလမ်းဖြင့် စစ်ဆေးခဲ့ကြောင်း။

အဆိုပါ နည်းလမ်းဖြင့် ရရှိလာသော ရလဒ်များအရ ကြက်သားဟင်းခတ်မှုန့်များတွင် အချိုမှုန့်ပမာဏ ၄၀ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းဝန်းကျင်အထိ ပါဝင်နေကြောင်း သုတေသနပြုလုပ်ချက်များအရ သိရသည်။

"အချိုမှုန့် Monosodium Glutamate စားတိုင်း ရောဂါဖြစ်ရမယ်လို့တော့ အတိအကျမဟုတ်ဘူး။ ဒါပေမယ့် စားရင်တော့ဖြစ်နိုင်တယ်။ ပုံမှန်ကိုယ်အလေးချိန်ရှိတဲ့ လူတစ်ဦးအနေနဲ့ တစ်နေ့ကို လက်ဖက်စားဇွန်း နှစ်ဇွန်း(သုံးဂရမ်)ထက်ပိုပြီးတော့ စားမယ်၊ ဒါမှမဟုတ် ဒီပမာဏထက် ပိုပြီးအလွန်အကျွံ နေ့စဉ်စားမယ်ဆိုရင် လတ်တလောအခြေအနေနဲ့ဆို ခေါင်းကိုက်မယ်၊ ရင်ပူမယ်၊ ရေအလွန်ဆာမယ်၊ မျက်နှာရဲတက်လာမယ်၊ လေးလံထိုင်းမှိုင်းလာမယ်။ ရေရှည်အတွက်ကတော့ ဦးနှောက်အဆိပ်တက်မယ်၊ အဝလွန် ရောဂါရမယ်၊ ဆီးချို၊ သွေးတိုးရောဂါတွေလည်း ဖြစ်စေနိုင်တယ်"ဟု ၎င်းက ဆိုသည်။

၁၉၇၀ ပြည့်နှစ်ကျော်ဝန်းကျင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နှင့် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနများက အချိုမှုန့်တွင် ဘေးအန္တရာယ်မဖြစ်နိုင်ဟု ဆိုကြသော်လည်း ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းလေ့လာချက်များအရ အချိုမှုန့်ကို သတ်မှတ်ပမာဏထက် ပိုမို၍ နေ့စဉ်စားသုံးပါက သို့မဟုတ် သတ်မှတ်ပမာဏထက် အလွန်အကျွံစားသုံးပါက အထက်ပါရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးနှင့် ညီညွတ်သည့်စားသောက်မှုပုံစံ ဖြစ်စေရန်လည်း "အစားအစာတိုင်းကို စိတ်ချလက်ချ မစားသုံးသင့်ပါဘူး၊ အသား၊ ငါးဆိုရင်လည်း မူလအရသာရှိပြီးသားပါ။ အချိုလေး နည်းနည်းလိုချင်တယ်ဆိုရင်တော့ ပုစွန်ခြောက်မှုန့်ခတ်တာတို့ လုပ်သင့်ပါတယ်။ ဆီးချိုရောဂါမရှိဘူးဆိုရင်တော့ ဟင်းလျာတွေထဲမှာ သကြားထည့်တာက ကျန်းမာရေးအတွက် ပိုသင့်လျော်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် အသိဉာဏ်နဲ့ယှဉ်ပြီး သုံးစွဲနေထိုင်ကြစေလိုပါတယ်"ဟု ဒေါက်တာငြိမ်းချမ်းအောင်က သုံးသပ်ပြောကြားသည်။

အချိုမှုန့်အစားထိုး ကြက်သားမှုန့်သုံးစွဲသူများအနေဖြင့် ယင်းကြက်သားမှုန့်များတွင် အချိုမှုန့်များ ပါဝင်နေသည်ကို သတိပြုသင့်ကြောင်းကိုလည်း အဆိုပါတပ်မတော်ဆေးသုတေသနတပ်မှ ဒေါက်တာငြိမ်းချမ်းအောင်နှင့်အဖွဲ့၏ သုတေသနပိုစတာတွင် ထည့်သွင်းဖော်ပြထားသည်။ **နန္ဒာဝင်း၊ မြတ်စန္ဒီသင်းဇော်**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်း ကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စမတ်ကတ်အသွင်ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်

**အမေး၊ အရေး - မင်းမင်းဇော်၊ အောင်ရဲသွင်(သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်**

နေပြည်တော် ဇန်နဝါရီ ၁၂

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် National Electronic ID (NeID)ကတ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် ရှေ့ပြေးစီမံချက်ဆောင်ရွက်မှုများအနေဖြင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် NeID အထောက်အကူပြု စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ NeID ကတ် ပြောင်းလဲထုတ်ပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

**မေး ။ National Electronic ID (NeID) ကတ် ပြုလုပ်ဆောင်ရွက်မယ့် ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ NeID ကတ် ပြုလုပ်ပေးရတဲ့ ရည်ရွယ်ချက်က အစိုးရအဖွဲ့ရဲ့ နိုင်ငံတော်စီးပွားရေးမူဝါဒကနေ ဆင်းသက်လာတယ်လို့ ပြောရမှာဖြစ်တယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်ထဲမှာ Data ID Card System ဆောင်ရွက်သွားမယ်။ Digital Government Strategy ဆောင်ရွက်သွားမယ်။ E-Government System ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ မူဝါဒချမှတ်ထားတယ်။ အဲဒီမူဝါဒတွေထဲကမှ E-Government System အောက်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ Smart Card ခေါ်တဲ့ NeID ကတ်တွေ ဆောင်ရွက်ဖို့နဲ့ E-passport တွေ ဆောင်ရွက်သွားဖို့ဆိုပြီး စီမံချက်ထဲမှာ ထည့်သွင်းဖော်ပြထားတာရှိပါတယ်။ NeID ကတ်တွေဟာ E-Government System ကို အထောက်အကူပြုစေဖို့ စတင်စဉ်းစားဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး ။ NeID ပြုလုပ်ဖို့အတွက် ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ပထမဆုံးအနေနဲ့ ဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ လက်ရှိ ရှိနေတဲ့ အမျိုးသားမှတ်ပုံတင်ကတ်၊ နိုင်ငံသားမှတ်ပုံတင်ကတ်တွေကို ပြန်ပြီးလေ့လာတယ်။ တခြားနိုင်ငံတွေမှာ အသုံးပြုနေတဲ့ အမျိုးသားမှတ်ပုံတင်ကတ်တွေနဲ့ နိုင်ငံသားမှတ်ပုံတင်ကတ်တွေအကြောင်းကို လေ့လာတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ကိုင်ဆောင်အသုံးပြုနေတဲ့ နိုင်ငံသားမှတ်ပုံတင်ကတ် အမျိုးအစားတွေကို ကမ္ဘာ့နိုင်ငံအနည်းငယ်မှာပဲ ကိုင်ဆောင်အသုံးပြုကြတော့တာဖြစ်တယ်။ တခြားနိုင်ငံတွေမှာ Smart Card ခေါ်တဲ့ NeID ကတ်တွေ အသုံးပြုနေကြတာဖြစ်တဲ့အတွက် ပထမဆုံး ဌာနတွင်းမှာလေ့လာပြီး ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ဆက်သွယ်လေ့လာ ဆောင်ရွက်နေတာဖြစ်တယ်။

NeID ကတ်တွေအတွက် နိုင်ငံတကာကုမ္ပဏီတွေက လာရောက်ရှင်းလင်းပြသပြီး ဖြစ်တယ်။ အရှေ့တောင်အာရှနိုင်ငံတွေ၊ အာရှနိုင်ငံတွေနဲ့ အီးယူနိုင်ငံတွေက ကုမ္ပဏီတွေကလည်း လာရောက်ရှင်းလင်းပြသကြပြီးဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေနဲ့ အခက်အခဲတွေကိုလည်း ရှင်းလင်းပြသကြတယ်။ ကမ္ဘာ့ဘဏ်က အဖွဲ့အစည်းတွေနဲ့ သီးခြားအဖွဲ့အစည်းတွေကလည်း သူတို့ရဲ့ အတွေ့အကြုံတွေကို လာရောက်မျှဝေကြတယ်။ ဌာနကို ကုမ္ပဏီ ၃၀ ကျော် လာရောက်ရှင်းလင်းပြသပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒေသတွင်းအဖွဲ့အစည်းတွေအပါအဝင် အခြားသောဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေနဲ့ ဆက်လက်လေ့လာဆောင်ရွက်နေတယ်။

**မေး ။ NeID ကတ် ပြုလုပ်မယ်ဆိုရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲ။**

ဖြေ ။ စောစောက ရှင်းပြခဲ့တဲ့ထဲမှာပါတဲ့ လက်ရှိနိုင်ငံသားစက္ကူကတ်ပြားကို နိုင်ငံအနည်းငယ်မှာပဲ အသုံးပြုပါတော့တယ်။ အဲဒီစက္ကူကတ်တွေအပေါ်မှာ တခြားသောနိုင်ငံတွေက အယုံအကြည်မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပျက်စီးလွယ်တယ်။ ဓာတ်ပုံတွေခွာပြီး ပြုပြင်ပြောင်းလဲရတာလွယ်တယ်။ အတုလုပ်ရတာလွယ်တယ်။ ဒါကြောင့် ဒီစက္ကူကတ်ပြားတွေကို ဆက်မလုပ်တော့ဘဲ NeID ကတ်တွေ Smart Card တွေ လုပ်လိုက်မယ်ဆိုရင် အတုလုပ်ဖို့ ခက်ခဲသွားမှာဖြစ်တယ်။ ပုဂ္ဂလိကလုံခြုံရေးနဲ့ နိုင်ငံတော်လုံခြုံရေးအတွက်ပါ ကောင်းသွားမယ်။ တခြားနိုင်ငံတွေမှာ ဒီ Smart ကတ်ပြားထဲမှာပဲ လူမှုဖူလုံရေးအကျိုးကိစ္စတွေ ထည့်တာ၊ ယာဉ်မောင်းလိုင်စင်တွေထည့်တာ၊ ငွေစုလက်မှတ်တွေထည့်တာ၊ လစာပေးတာတွေထည့်တာကို ဒီကတ်တစ်ခုတည်းမှာပဲ စုပေါင်းပြီးထည့်နိုင်တဲ့ အပိုင်းတွေရှိတယ်။ ဒါကြောင့် ဒီ Smart ကတ် တစ်ခုလုပ်ပြီးရင် ကိုယ့်နိုင်ငံမှာ ဘာလိုအပ်သလဲ၊ ဘာတွေထည့်နိုင်သလဲဆိုတာရယ်။ အကုန်အကျ ရေရှည်သက်သာ သွားမယ်ဆိုတဲ့ ကိစ္စရပ်တွေအပါအဝင် ကိုင်ဆောင်တဲ့သူတွေအနေနဲ့ ကတ်တစ်ခုတည်းကို ကိုင်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့ လုပ်ဆောင်စရာတွေကို တိတိကျကျ ဆောင်ရွက်လာနိုင်မှာ ဖြစ်တယ်။ အထူးသဖြင့် အတုအပလုပ်ဆောင်နိုင်ခြင်းမရှိဘဲ လုံခြုံရေးအရ ကောင်းမွန်သွားမှာဖြစ်ပါတယ်။

**မေး ။ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကနေ NeID ကတ်ကို ပြောင်းလဲမယ်ဆိုရင် အရင်တုန်းကထည့်ထားတဲ့ မှတ်တမ်းတွေ ပြောင်းလဲနိုင်ပါသလား။**

ဖြေ ။ အရင်ကကောက်ယူခဲ့တဲ့ မှတ်တမ်းတွေကို အခြေခံရဦးမှာဖြစ်တယ်။ ခေတ်မီတဲ့ ဆာဗာတွေနဲ့ မှတ်တမ်းတွေကို ထိန်းသိမ်းသွားမယ်။ လိုအပ်တဲ့အချက်အလက်တွေလောက်ကိုပဲ ဖြည့်စွက်ကောက်ယူသွားမှာ ဖြစ်ပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားတဲ့ လူဦးရေကိုသိပါရစေ။**

ဖြေ ။ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်လောက်ရှိတယ်။ အဲဒီအထဲက ၃၇ သန်း လောက်ကို ပြုလုပ်ဆောင်ရွက်ပေးပြီးပါပြီ။ တချို့က ၁၈ နှစ် မပြည့်သေးတာရှိတယ်။ တချို့က သေဆုံးသွားတာတွေရှိတယ်။ တချို့က လုပ်ဖို့ကျန်နေတာတွေ ရှိပါတယ်။

**မေး ။ NeID ကတ်နဲ့ပတ်သက်လို့ ရှေ့ပြေးဆောင်ရွက်မှုအခြေအနေကို သိပါရစေ။**

ဖြေ ။ ရှေ့ပြေးအနေနဲ့ နိုင်ငံတစ်ဝန်းလုံးကို နိုင်ငံတော်အစိုးရက ခွင့်ပြုလို့ ဆောင်ရွက်ရမယ်ဆိုရင် ဘယ်အချက်အလက်တွေက အားနည်းချက်တွေဖြစ်နိုင်တယ်၊ ဘယ်အချက်အလက်တွေက အားသာချက်တွေဖြစ်နိုင်တယ်၊ တကယ်လက်တွေ့လုပ်ရင် ဘယ်အချက်အလက်တွေက အခက်အခဲနဲ့ရင်ဆိုင်ရနိုင်တယ်ဆိုတာတွေကို ပြင်ဆင်တဲ့အနေနဲ့ ကြိုတင်ရှေ့ပြေးလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းကို နေပြည်တော်မှာ စတင်ဆောင်ရွက်ခဲ့တယ်။ ဒုတိယအနေနဲ့ မန္တလေးတိုင်းဒေသကြီးမှာ ဆောင်ရွက်နေတယ်။ တတိယအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတယ်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်းများစွာရှိတယ်။ နယ်မြေဒေသနဲ့ အခြေအနေတွေ မတူကွဲပြားကြတဲ့အတွက် အဲဒီနယ်မြေတွေမှာ ရှေ့ပြေးစီမံချက်အနေနဲ့ စမ်းသပ်ကောက်ယူနေခြင်းဖြစ်ပါတယ်။ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုလည်း လိုအပ်ရင် လိုအပ်သလို ရှေ့ပြေးစမ်းသပ်ချက်လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**မေး ။ NeID အထောက်အကူပြုစာရင်း ကောက်ယူခြင်းလုပ်ငန်း ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ချက်တွေအတွက် ဝန်ထမ်းတွေကို သင်တန်းပို့ချပေးတာတွေ ရှိပါသလား။**

ဖြေ ။ လိုအပ်တဲ့အချက်အလက်တွေ ကောက်ယူဖို့အတွက် နိုင်ငံတကာအဆင့်အတန်းနဲ့ကိုက်ညီတဲ့ ပစ္စည်းတွေကို အသုံးပြုဆောင်ရွက်နေပါတယ်။ အဲ့ဒီလို ဆောင်ရွက်နိုင်ဖို့ ဌာနမှာရှိတဲ့ ဝန်ထမ်းတွေကို လိုအပ်တဲ့လေ့ကျင့်မှုတွေ၊ စမ်းသပ်မှုတွေ ဆောင်ရွက်နေပါတယ်။

**မေး ။ ရှေ့ပြေးစီမံချက်ဆောင်ရွက်မှုရဲ့ အားနည်းချက်၊ အားသာချက်တွေကို သိလိုပါတယ်။**

ဖြေ ။ အချက်အလက်ပြည့်စုံတဲ့ နိုင်ငံသားတွေဆိုရင် လုပ်ဆောင်ရတာ လွယ်ပါတယ်။ ပညာအဆင့်အတန်းရှိတဲ့သူဆိုရင် ပိုလွယ်ပါတယ်။ မှတ်ပုံတင်ကတ်ပြား မရှိဘူး။ အိမ်ထောင်စုစာရင်းလည်းမရှိဘူးဆိုရင် အနည်းငယ်ကြန့်ကြာမှုရှိပါတယ်။ လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ ကြီးမားတဲ့ပြဿနာ မရှိနိုင်ဘူးလို့ နားလည်ထားပါတယ်။ ဆက်လက်ပြီး ရှေ့ပြေးဆောင်ရွက်မှုတွေလုပ်ရင်းနဲ့ တွေ့ရှိလာမယ့်အခက်အခဲတွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်တယ်။ ဝန်ထမ်းတွေကိုလည်း လိုအပ်တဲ့ သင်တန်းပေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မေး ။ NeID ကတ်ထုတ်ပေးတာနဲ့ပတ်သက်လို့ ဘယ်လိုသတ်မှတ်ချက်နဲ့ပြည့်စုံတဲ့သူတွေကို ထုတ်ပေးသွားမှာလဲ။**

ဖြေ ။ ဥပဒေနဲ့အညီ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်ထားတဲ့သူအားလုံးကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ရွှေ့ပြောင်းလုပ်သားတွေနဲ့ ပြည်ပမှာရောက်နေတဲ့သူတွေကို ဘယ်လိုဆောင်ရွက်ပေးသွားမလဲ။**

ဖြေ ။ ရွှေ့ပြောင်းလုပ်သားဆိုတာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံတွေမှာလည်း ရှိပါတယ်။ ထိုင်းနိုင်ငံမှာရောက်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို C of I ကတ်ထုတ်ပေးတဲ့ကိစ္စ ဆောင်ရွက်ပါမယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ NeID ကတ်အတွက် လိုအပ်တဲ့ ဆောင်ရွက်မှုတွေကို အခုလက်ရှိဆောင်ရွက်နေတဲ့ကိစ္စနဲ့ထပ်တူ ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။

**မေး ။ ယခင်နိုင်ငံသားကတ်တွေကို ဘယ်လိုဆက်လက်ဆောင်ရွက်သွားပါမလဲ။**

ဖြေ ။ အရင်ကကိုင်ဆောင်တဲ့ စက္ကူကတ်ပြားတွေကို Smart Card တွေနဲ့ တဖြည်းဖြည်း ပြန်လည်လဲလှယ်ထုတ်ပေးသွားမယ်လို့ စီစဉ်ထားတယ်။ ဒါက ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်ဖြစ်တယ်။ ဝန်ကြီးဌာနရဲ့ လေ့လာတွေ့ရှိချက်တွေကို တာဝန်ရှိသူအဆင့်ဆင့်တွေကို တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားမှာဖြစ်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း နည်းပညာ၊ လုံခြုံမှုတွေကို စနစ်တကျ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ NVC ကတ် ကိုင်ဆောင်ထားတဲ့သူတွေကိုရော Smart Card ထုတ်ပေးဖို့ အစီအစဉ်ရှိပါသလား။**

ဖြေ ။ ဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို Smart Card တွေ ထုတ်ပေးသွားမှာဖြစ်ပါတယ်။

# ငြိမ်းချမ်းရေးအကြံပေးအဖွဲ့နှင့် DPN တို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ငြိမ်းချမ်းရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည် ဦးဆောင်ပြီး ဦးလှမောင်ရွှေ၊ ဒေါက်တာမင်းဇော်ဦးနှင့် နည်းပညာအထောက်အကူအပြုအဖွဲ့မှ ဦးကျော်လင်းဦး တို့ပါဝင်သည့် ငြိမ်းချမ်းရေး အကြံပေးအဖွဲ့နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် ချုဦးရယ် ဦးဆောင်သော နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့သည် ဇန်နဝါရီ ၁၃ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဦးလှမောင်ရွှေက "အခုကကတော့ ဆွေးနွေးပွဲတွေ ပြန်လည်ဆောင်ရွက်ဖို့ပဲ။ ဒီဇင်ဘာမှာတုန်းက ခရစ္စမတ်တွေ၊ နှစ်ကူးတွေရှိနေတော့ တွေ့ဆုံနိုင်ခြင်းမရှိဘူး။ ကျွန်တော်တို့ ဆွေးနွေးမှာ သုံးခုရှိတယ်။ နံပါတ်တစ်ကတော့ DPN အဖွဲ့နဲ့ အခြားဆွေးနွေးစရာရှိတဲ့ ကိစ္စတွေကို ဆွေးနွေးဖို့ပါ။ နှစ်ကတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ( JMC)ကိစ္စကို ရှင်းပြဖို့နဲ့ နံပါတ်သုံးကတော့ ရန်ကုန်မှာ အစည်းအဝေးတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ပါ" ဟု ပြောသည်။

နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)သည် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့်အဖွဲ့နှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲတွင် နိုဝင်ဘာလ ၁၁ ရက်က နောက်ဆုံးတွေ့ဆုံဆွေးနွေးခဲ့ပြီး ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်ခြင်းမရှိပေ။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)က အချက်(၉)ချက်ကို အစိုးရသို့ တောင်းဆိုထားပြီး တောင်းဆိုချက်ပါ အချက်အများစုမှာ အကြမ်းဖျင်းအားဖြင့် သဘောတူညီမှုရရှိပြီးဖြစ်သည်။

"အစိုးရဘက်က ပေးထားတဲ့ ပေါ်လစီကတော့ ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းဖွင့်ထားမယ်။ ပြီးရင် NCA လက်မှတ်ရေးထိုးမယ်။ ပြီးရင် (၂၁)ရာစုပင်လုံမှာ ဆွေးနွေးညှိနှိုင်းကြမယ်ဆိုတဲ့ ပေါ်လစီပေးထားတော့ ပေါ်လစီဘောင်ထဲကနေဆောင်ရွက်ဖို့ ပြင်ဆင်ထားတာပေါ့။ နောက် မကြာမီကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံရဲ့ ဒုတိယအစည်းအဝေးမှာ ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေ တက်ရောက်နိုင်ဖို့ဆိုတဲ့ ကိစ္စလည်းပါတယ်"ဟု ဦးလှမောင်ရွှေက ပြောသည်။

UNFC တောင်းဆိုချက် ၉ ချက်နှင့်ပတ်သက်၍မူ UNFC ဘက်က တောင်းဆိုသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC တွင် နိုင်ငံခြားသားများအား ထည့်သွင်းရန်ဆိုသည့်အချက်မှာ အစိုးရအနေဖြင့် သဘောတူညီရန် အခက်အခဲအဖြစ်ရှိနေပြီး UNFC မှ ပါစေချင်သည့်ပုံစံနှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော် ပါစေချင်သည့် ပုံစံသည်လည်း အနည်းငယ်ကွဲပြားလျက်ရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပူးတွဲစောင့်ကြည့်တဲ့နေရာမှာ တိုင်းပြည်ရဲ့ အနေအထားနဲ့ ကိုယ့်အိမ်တွင်းပြဿနာ ကိုယ်တိုင်ရှင်းရမယ်ဆိုတဲ့ အခြေခံနဲ့ JMC စထူထောင်လာတာဖြစ်တဲ့အတွက် အိမ်တွင်းရေးပြဿနာကို ပြည်ပက နိုင်ငံခြားသားကို ခေါ်ယူခြင်းမရှိဘဲ အရပ်သား ကိုယ်စားလှယ်ကိုသာ ထည့်သွင်းထားပါတယ်။ NCA အခြေခံထဲမှာလည်း မထည့်ထားတဲ့အတွက် ပြင်ပက အခြားကို JMC ထဲမှာ ထည့်သွင်းမှာတော့ မဟုတ်ပါဘူး" ဟု ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်တွင် ပြုလုပ်သည့် JMC မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားထားသည်။

မူဘောင် Framework ပြင်ဆင်နေမှုများ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ အစိုးရအနေဖြင့် ဇန်နဝါရီလအတွင်း အပြီးသတ်ရေးဆွဲနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ဦးလှမောင်ရွှေက "အခု ကျွန်တော်တို့ ချင်းမိုင်းမှာ အလွတ်သဘော သွားရောက်ဆွေးနွေးတာက ရန်ကုန်မှာ အစည်းအဝေးတွေ ပြန်စနိုင်ဖို့ပါ" ဟု ပြောသည်။

ယခုသွားရောက်သည့် ငြိမ်းချမ်းရေးအကြံပေးအဖွဲ့အနေဖြင့် DPN အား ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ကြားမည်ဖြစ်ပြီး မူဘောင် Framework နှင့်ပတ်သက်၍ ရှင်းပြရန်နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွန့်**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၂

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ကနေဒါနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ်ဂျွန်စတန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူ၊ ပြည်သားအပေါင်းအား ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် မိမိအနေဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

လွတ်လပ်ရေးနေ့အခါသမယသည် နိုင်ငံသူ နိုင်ငံသားများအတွက် အတိတ်ကို ပြန်ပြောင်းအောက်မေ့ရုံသာမက အနာဂတ်ကိုလည်း ယုံကြည်ချက်အပြည့်ဖြင့် ဆက်လက်လျှောက်လှမ်းမည့် အခွင့်အရေးများကိုလည်း ပေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုနယ်ပယ်များတွင်လည်း အောင်မြင်စေရန်နှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စရပ်များတွင်လည်း အောင်မြင်စွာ ညှိနှိုင်းဆောင်ရွက်နိုင်စေရန် ဆန္ဒပြုပါကြောင်း၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ဆက်လက်အားကောင်းစွာ ပေါ်ထွန်းစေရန် အလို့ငှာ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်ချင်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ကြီး လာမည့်နှစ်တွင်လည်း ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်ပြီး ကုံလုံကြွယ်ဝစေရန် ဆန္ဒမွန်ကောင်းပေးလိုက်သည်ကိုလည်း လက်ခံစေချင်ပါကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

**ဖင်လန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဖင်လန်သမ္မတနိုင်ငံ သမ္မတ ဆော်လီနီနစ်တိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အဆွေတော်နှင့် ပြည်သူ ပြည်သားများ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခများနှင့် ပြည့်စုံပါစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်အတူ ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီခွဲက ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး **(ယာပုံ)** ယင်းတွေ့ဆုံမှုမတိုင်မီ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Mr. Abul Hassan Mahmood Ali နှင့် လည်းကောင်း၊ နိုင်ငံခြားရေးအတွင်းဝန် Mr. Md. Shahidul Haque နှင့် လည်းကောင်း ဒါကာမြို့ရှိ Padma နိုင်ငံတော် ဧည့်ဂေဟာ၌ သီးခြားစီတွေ့ဆုံခဲ့သည်။

တွေ့ဆုံမှုများတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေးနွေးမှုယန္တရားများ ပုံမှန် ပြန်လည်ကျင်းပနိုင်ရေးနှင့် တပ်မတော်နှစ်ရပ်အကြားတွင် လည်းကောင်း၊ နှစ်နိုင်ငံနယ်စပ်လုံခြုံရေးတပ်ဖွဲ့များအကြားတွင် လည်းကောင်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ကျင်းပသွားကြရန် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နယ်စပ်တစ်လျှောက် ငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရေးနှင့် အကြမ်းဖက်သမားများ စိမ့်ဝင်လာမှုကို တားဆီးနိုင်ရေးတို့အတွက် သတင်းအချက်အလက်ဖလှယ်ရေးမှာ အရေးကြီးကြောင်း အလေးထားဆွေးနွေးခဲ့ကြပြီး အောက်တိုဘာ ၉ ရက် မြန်မာနယ်ခြားစောင့်ရဲစခန်းများ တိုက်ခိုက်ခံရမှုဖြစ်စဉ်နောက်ပိုင်း မြန်မာနိုင်ငံဘက်မှ ထွက်ပြေးလာသည်ဟု ဆိုသူများကို စနစ်တကျ စိစစ်အတည်ပြုနိုင်ရေးနှင့် ပြန်လည်ခေါ်ဆောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်ရန်လည်း သဘောတူညီခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိကြောင်းနှင့် အကြမ်းဖက်မှုကို လုံးဝသည်းမခံသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မူဝါဒကိုလည်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ ၎င်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများကို ဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရေးအတွက် ယင်း၏ ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပေးလိမ့်မည် မဟုတ်ကြောင်း အလေးထားပြောကြားခဲ့ပြီး နယ်စပ်ပြဿနာများကို ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို မေတ္တာရပ်ခံခဲ့သည်။



အထူးကိုယ်စားလှယ်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ထံသို့ ပေးပို့သည့် သဝဏ်လွှာကိုလည်း ပေးအပ်ခဲ့ပြီး အဆိုပါသဝဏ်လွှာတွင် အိမ်နီးချင်းကောင်း ပီသစွာ အပြန်အလှန်ယုံကြည်နားလည်မှုရှိစွာဖြင့် နှစ်နိုင်ငံအကြားကိစ္စရပ်များကို ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ထည့်သွင်းဖော်ပြထားသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးကဏ္ဍများထဲတွင် ဆက်သွယ်ရေးကဏ္ဍပါဝင်

**နေပြည်တော် ဇန်နဝါရီ ၁၂**




မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးကဏ္ဍအတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း မြန်မာနိုင်ငံ၏ မြို့တော်၌ ယနေ့ ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် ပညာရှင်များက အသိအမှတ်ပြု ပြောကြားခဲ့ကြသည်။

ဂျပန်၊ နော်ဝေနှင့် ကာတာတို့အပါအဝင် နိုင်ငံများမှနေ၍ နှစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံကျော် ပြုလုပ်ခဲ့သည့်အတွက် ဆက်သွယ်ရေးကဏ္ဍသည် မြန်မာနိုင်ငံအတွင်း တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးကဏ္ဍများထဲမှ တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် ရလဒ်အနေဖြင့် နောင်လာမည့် ၁၅ နှစ်ကျော် ကာလအတွင်း နိုင်ငံအတွင်း ခန့်မှန်းခြေ အလုပ်အကိုင်အခွင့်အလမ်း နေရာပေါင်း ၂၅၀၀၀ ခန့် ဖန်တီးနိုင်ပြီး မြန်မာနိုင်ငံ၏ ဂျီဒီပီကိုလည်း ၅ ရာခိုင်နှုန်းကျော် ထောက်ကူနိုင်မည်ဟု မျှော်မှန်းထားသည်။

နေပြည်တော်၌ ကျင်းပခဲ့သည့် Myanmar Mobile Symposium သည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအဖြစ် ကျင်းပသော အခမ်းအနားတစ်ခုဖြစ်ပြီး GSMA ၏ ဦးဆောင်မှုဖြင့် MPT (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ အူရီဒူးမြန်မာနှင့် တယ်လီနောမြန်မာတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ယခုဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ဆက်သွယ်ရေးကဏ္ဍနှင့် ယင်းကဏ္ဍနှင့် ဆက်စပ်ကဏ္ဍများမှ လုပ်ငန်းအဖွဲ့အစည်းများ၊ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆက်သွယ်ရေးကဏ္ဍအတွင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားများအတွက် အကျိုးရလဒ်ကောင်းများ ရရှိနိုင်စေရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများအား ပိုမိုဆွဲဆောင်နိုင်မည့်မူဝါဒများကို အတည်ပြု ကျင့်သုံးမှုရှိရန်နှင့် လွယ်ကူရိုးရှင်းသည့် နည်းဥပဒေများ ချမှတ်ထားမှုရှိရန် ယခုဆွေးနွေးပွဲက တိုက်တွန်းပြောကြားကြောင်း သိရသည်။

ထို့အပြင် ဆက်သွယ်ရေးနှင့် ICT ကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားခြင်းသည် အထက်ပါ အကျိုးရလဒ်ကောင်းများ ရရှိစေရေးအတွက် အလွန်အရေးပါပြီး မူဝါဒချမှတ်သူများ၏ ဦးစားပေးအချက်တစ်ချက်အဖြစ် ဆက်လက်ရှိနေသင့်ကြောင်း ပြောကြားခဲ့သည်။

“အစိုးရအနေနဲ့ မိုဘိုင်းနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချပြီး အားပေးကူညီမှုတွေ ပြုလုပ်တဲ့အခါ အကျိုးရလဒ်ကောင်းတွေ ရရှိလာနိုင်တယ်ဆိုတာကို မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုတွေက သက်သေပြနေပါတယ်” ဟု GSMA ၏ Head of Asia ဖြစ်သူ Alasdair Grant က ပြောကြားသည်။

“ပိုပြီးအရေးကြီးတာကတော့ ဒီလို အံ့အားသင့်လောက်စရာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် အခုလို အကူးအပြောင်းကာလမှာ စည်းမျဉ်းချမှတ်ထိန်းသိမ်းသူတွေ၊ အော်ပရေတာတွေနဲ့ ဝန်ဆောင်မှုပေးအပ်သူတွေအနေနဲ့ အတူလက်တွဲလုပ်ကိုင်ဖို့ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

“မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေနဲ့ တယ်လီကွန်း ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရေးနဲ့ လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းတွေနဲ့အတူ အပြောင်းအလဲကို ဖော်ဆောင်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ တိုးတက်လာတဲ့ ဈေးကွက်အနေအထားနဲ့ လိုက်လျောညီထွေရှိတဲ့ ဥပဒေစည်းမျဉ်းတွေကလည်း အသင့်ဖြစ်နေဖို့လိုသလို နိုင်ငံတစ်ခုလုံး အတိုင်းအတာနဲ့ အကျိုးအမြတ်တွေ ဖြစ်ထွန်းနိုင်ဖို့အတွက် ကဏ္ဍအစုံမှာလည်း မှန်ကန်တဲ့ အနေအထားမှာရှိနေဖို့ လိုအပ်ပါတယ်”ဟု MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ် Toshitake Amamiya က ပြောကြားသည်။

“နောက်ဆုံးပေါ် ကွန်ရက်ချိတ်ဆက်မှုနည်းပညာတွေကြောင့် အမြန်ဆန်ဆုံး အင်တာနက်ကို အသုံးပြုနိုင်ခွင့်ကနေ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြန်မာနိုင်ငံသားတွေရဲ့ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုသလို မြန်မာနိုင်ငံမှာ လုပ်ငန်းသစ်တွေ စွန့်ဦးတီထွင်လုပ်ကိုင်လိုစိတ်တွေကို အရှိန်အဟုန်နဲ့ ဖြစ်ပေါ်စေပါတယ်။ အူရီဒူးမြန်မာအနေနဲ့ အဓိကကျပြီး အရေးပါလှတဲ့ အခြေခံအဆောက်အအုံကဏ္ဍတွေဖြစ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနဲ့ တခြားသော အဓိကကျပြီး လိုအပ်တဲ့ရေိယာတွေအတွက် ငွေကြေးအပါအဝင် တခြားသော အထောက်အပံ့တွေကို ကူညီပံ့ပိုးပေးပြီး ‘တောက်ပကောင်းမွန်သော အနာဂတ်ဆီသို့ ’ ဦးတည်ခေါ်ဆောင်ပေးဖို့ ခိုင်မာတဲ့ရည်ရွယ်ချက်ထားရှိပါတယ်”ဟု အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Rene Meza က ပြောကြားသည်။

“တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေတဲ့ လူ့အသိုင်းအဝိုင်းတွေဟာ အားကောင်းတဲ့ လူ့အသိုင်းအဝိုင်းတွေဖြစ်ပါတယ်။ လျင်လျင်မြန်မြန်ပြောင်းလဲနေတဲ့ ဒစ်ဂျစ်တယ်ကမ္ဘာကြီးမှာ အစိုးရတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာစေနိုင်ပြီး လူတိုင်းအတွက် အကျိုးရှိစေမယ့် ဖွဲ့စည်းမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အတူလက်တွဲလုပ်ကိုင်ဖို့က မရှိမဖြစ် လိုအပ်တဲ့အရာတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ် ဒစ်ဂျစ်တယ်နည်းပညာရဲ့တန်ဖိုးနဲ့ ရရှိလာနိုင်မယ့် အခွင့်အလမ်းတွေကို ဘယ်လိုမျိုး ဆက်လက်အသုံးပြုသွားမလဲဆိုတဲ့အပေါ်မှာ ပါဝင်လုပ်ဆောင်သူတွေအားလုံးနဲ့ ညှိနှိုင်းပြောဆိုမှုတွေ ဆက်လက်လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်သလို ကြိုလည်းကြိုဆိုပါတယ်”ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

**ခင်ရတနာ**

# ဇန်နဝါရီ ၁၀ ရက်က RB News ဝက်ဆိုက်၌ ပါရှိခဲ့သည့် သတင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ မမှန်မကန် သတင်းထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ၌ ဇန်နဝါရီ ၈ ရက်က နယ်မြေခံတပ်မှ အဘရှာ ဟာတူလ္လာ၏သား ကော်ရီမူလ္လာကို ဖမ်းဆီး၍ လူမဆန်စွာရိုက်နှက်ပြီး လက်နက်များသိုဝှက်ထားသည့် နေရာများကို ပြောခိုင်းကြောင်းနှင့် နှိပ်စက်မခံလိုပါက ငွေကျပ် ၁၀ သိန်းပေးရန် တောင်းသဖြင့် ငွေကျပ် ၁၀ သိန်းပေးခဲ့ရကြောင်း RB News Website ၌ ဇန်နဝါရီ ၁၀ ရက်က ရေးသားဖော်ပြခဲ့သည်။





အဆိုပါသတင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျားခေါင်းတောင်ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရွာသားများရှေ့မှောက်၌ ကော်ရီမူလ္လာကို စစ်ဆေးမေးမြန်းရာ တပ်မတော်စစ်ကြောင်းများက လူမဆန်စွာရိုက်ခြင်း၊ ငွေကျပ် ၁၀သိန်းပေးခဲ့ရခြင်း မရှိကြောင်း၊ ၎င်းဖြစ်စဉ်မှာလည်း ဖြစ်ပွားခဲ့ခြင်းမရှိဟု ကျေးရွာမှတာဝန်ရှိသူများနှင့် ဒေသခံများရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ် ရေးထိုးထွက်ဆိုခဲ့ကြောင်းနှင့် ကော်ရီမူလ္လာမှာလည်း ညှဉ်းပန်းနှိပ်စက်ခံထားရသည့် ဒဏ်ရာများရရှိထားခြင်း မရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတို့အတွက် ဥပဒေနှင့်အညီ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရက်စွဲ ၁၂.၁.၂၀၁၇

RB News



## မောင်တောမြို့ ကျေးရွာငါးရွာမှ ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၁၂**

Turkish Cooperation Coordination Agency အဖွဲ့က ဇန်နဝါရီ ၁၁ ရက်တွင် မောင်တောမြို့နယ်ရှိ သီဟိုဠ်ကျွန်းကျေးရွာ၊ နွားရုံတောင်ကျေးရွာ၊ သုခမြိုင်(နတလ)ကျေးရွာ၊ အလယ်ရွာ အောင်ဇေယျ(နတလ) ကျေးရွာများသို့ သွားရောက်၍ ပြည်သူများအားဆန်အိတ်များ ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် နံနက်ပိုင်းတွင် မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာအတွက် ဆန်အိတ် ၁၆၄ အိတ်၊ မွန်းလွဲပိုင်းတွင် နွားရုံတောင်ကျေးရွာအတွက် ၉၄ အိတ်၊ သုခမြိုင်(နတလ)ကျေးရွာအတွက် ၁၇ အိတ်၊ ကျီးကန်းပြင်ကျေးရွာအုပ်စု အလယ်ကျေးရွာအတွက် အိတ် ၂၆၀၊ အောင်ဇေယျကျေးရွာနှင့် အောင်သာယာကျေးရွာအတွက် ဆန်အိတ် ၄၃ အိတ်တို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ကျီးကန်းပြင်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် သုံးဦးကို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မောင်တောမြို့နယ် ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် ပါဝင်ခဲ့သူသုံးဦးကို ယနေ့မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့မှာ ငါးရုံ့ချောင်းကျေးရွာနေ အဘဟာမတ်အာမတ်၏သား အဘူဆူဖရင်၊ အဘ အဘူဆူဖရင်၏သား ဘူရှားနှင့် အဘအဒူမတာလိတ်၏သား မာညက်(ခ)ဆူတန်အာမတ်တို့ ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် ပါဝင်ခဲ့သူ ဘူရှား၏ ထွက်ဆိုချက်အရ ၎င်းတို့သုံးဦးသည် ကျီးကန်းပြင် ဖြစ်စဉ်တွင် ပါဝင်ခဲ့ကြပြီး ပြင်ခေါင်းတောင်ကျော်လမ်းမှတစ်ဆင့် ငါးရုံ့ချောင်းသို့ ပြန်လာခဲ့ကြောင်းနှင့် တောင်ဘဇာ နယ်မြေအတွင်းရှိ တပ်၊ ရဲစခန်းများ၏ အခြေအနေများကို စုံစမ်းနေကြောင်း ဖော်ထုတ်သိရှိရသည်။

၎င်းတို့သုံးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**







ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူသုံးဦးကို တွေ့ရစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၁ ဒီဂရီစင်တီဂရိတ်၊ မိုးကုတ်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် နောင်ချိုမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့၌ ၁ ဒသမ ၅၀ လက်မ၊ လောင်းလုံးမြို့၌ ၁ ဒသမ ၁၈ လက်မ၊ ဘားအံမြို့၌ ၁ ဒသမ ၈၇ လက်မ၊ မြိတ်မြို့၌ ၀ ဒသမ ၈၃ လက်မ၊ ရေးမြို့၌ ၀ ဒသမ ၅၂လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

## ငါးခိုးဖမ်းသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခြောက်ဦးအား ပြည်နှင်ဒဏ်ပေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ့ရေပိုင်နက်အတွင်း ငါးခိုးဖမ်းသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခြောက်ဦးကို ပြစ်ဒဏ်ကျခံနေရာမှ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁(၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးရန် နိုင်ငံတော်သမ္မတရုံးမှ ယမန်နေ့က အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့နယ် အုန်းကျွန်းကျေးရွာနေ ရော်ရှီးအူလ္လာနှင့် ငါးဦးတို့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဘင်္ဂလားပင်လယ်အော် မြန်မာ့ရေပိုင်နက်အတွင်း၌ ငါးဖမ်းစက်လှေဖြင့် ငါးခိုးဖမ်းနေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

**ဆက်လက်ဆောင်ရွက်**

အဆိုပါအမှုဖြင့် ၎င်းတို့ခြောက်ဦးကို ဘူးသီးတောင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံစေလျက်ရှိရာမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးရန် ယမန်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတရုံးအမိန့်အရ ၎င်းတို့ကို ကတိဝန်ခံလက်မှတ်များရေးထိုးစေပြီး ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒီစနစ်က ခရီးသည်တွေ စိတ်ချမ်းသာစွာနဲ့ လွတ်လပ်မြန်ဆန်စွာသွားနိုင်တဲ့စနစ်ဖြစ်ပါတယ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇန်နဝါရီ ၁၂**

ယခင်မထသကို ဖျက်သိမ်းကာ ဇန်နဝါရီ ၁၆ ရက်တွင် အစုအဖွဲ့ပိုင် ရန်ကုန်မြို့အတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ပြောင်းလဲပြေးဆွဲမည့်ကုမ္ပဏီရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုခဲ့သည်။ ယင်းပြောင်းလဲဖွဲ့စည်းခဲ့သော ကုမ္ပဏီရှစ်ခုမှာ (၁)ဗန္ဓုလအများပိုင်ကုမ္ပဏီ၊ (၂) Yangon Bus Public Co., Ltd.၊ ရွှေမြို့တော် Transport Public Co., Ltd.၊ (၃) Omni Focus Services Co., Ltd.+ Tran Link Co.,Ltd.၊ (၄)ရန်ကုန်မြို့ပြအများပြည်သူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် (YUPT)၊ (၅) Power Eleven အများပိုင်ကုမ္ပဏီလီမိတက်+အရှေ့သံလွင် အများပိုင်ကုမ္ပဏီလီမိတက်+ အမြဲစိမ်း+ Lucky Family + ရွှေပြည်သာသား+ တိုက်ကြီးသား အများပိုင်ကုမ္ပဏီလီမိတက်၊ (၆) ကပရ + စံဝေလ+ ခေတ်သစ်ငြိမ်းချမ်းရေး+ ရန်ကုန်မြောက်ပိုင်း အများပိုင်သယ်ယူပို့ဆောင်ရေး+ ရွှေအင်းဝ၊ ရွှေလမ်းခင်း အများပိုင်ကုမ္ပဏီလီမိတက်+ ခေတ်သစ်ဘုရင့်နောင်၊ (၇) အနာဂတ် အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေး+ City Liner Bus Public Co., Ltd. (သန်မြန်သူ) (၈) ကုန်းဘောင်ရန်ကုန်+ ရွှေတောင်ပိုင်းခရိုင်+ တောင်ပိုင်းခရိုင် (ထက်မြက်သူ) အများပိုင်ကုမ္ပဏီလီမိတက်တို့ဖြစ်သည်။

အဆိုပါပြေးဆွဲမည့် ကုမ္ပဏီရှစ်ခုသည် ယခုအခါအချိန်နှင့်အမျှ ပြည်သူများအတွက် အဆင်ပြေစွာပြေးဆွဲပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဦးမျိုးမြင့်(မန်နေဂျင်းဒါရိုက်တာ) ဗန္ဓုလအများပိုင် ကုမ္ပဏီ**

ဒီစနစ်က အင်မတန်ကောင်းတဲ့စနစ်ပါ။ နိုင်ငံတကာမှာလည်း ဒီစနစ်ပဲကျင့်သုံးနေကြတယ်။ အာရှနိုင်ငံတွေနဲ့ အာဆီယံနိုင်ငံတွေမှာလည်း ဒီစနစ်ပဲ။ ဒီစနစ်က သွားကိုသွားရမှာ။ လုပ်ကိုလုပ်ရမှာ။ ဒီစနစ်က ခရီးသည်တွေ စိတ်ချမ်းသာစွာနဲ့ လွတ်လပ်မြန်ဆန်စွာ သွားနိုင်တဲ့စနစ်ဖြစ်ပါတယ်။ ပြောင်းလဲမှုစနစ်မြန်နေတယ်လို့ တချို့သုံးသပ်ကြတယ်။ ဒီစနစ်ကို ဆွေးနွေးနေတာကြာပြီ။ ပြောင်းလဲဖို့လုပ်ခဲ့တာက ပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက၊ ဒါပေမယ့် အထမမြောက်ခဲ့ဘူး။ မဖြစ်ခဲ့ဘူး။ ပြင်ဆင်နေတာကကြာပြီ။ လိုက်ပါလုပ်ဆောင်တဲ့အခါကျတော့ စနစ်ဟောင်း တော်တော်ဆိုးတဲ့အခြေအနေကနေ စနစ်သစ်ကောင်းတာကို သွားဖို့ကျတော့ အချိန်ကလိုနေပြန်ရော၊ မလုပ်ရင်လည်း မဖြစ်ပြန်ဘူး။ ပိုနောက်ကျနေမယ်။ စစချင်းကတော့ အခက်အခဲနည်းနည်းလေးတော့ ရှိမှာပေ့ါ။ အကြံပြုချင်တာက စနေ၊ တနင်္ဂနွေဆိုရင် ပိုကောင်းတာပေါ့။ ကျောင်းသားတွေ၊ ရုံးသမားတွေ၊ ကုမ္ပဏီတချို့ပိတ်တော့ နည်းနည်းရှင်းသေးတာပေါ့။ အခုလို ကပ်ဖွင့်လိုက်တာတော့ နည်းနည်းစောသွားတာပေါ့။ ဒီစနစ်က



ဦးမျိုးမြင့်

ပြိုင်မောင်းနေတာတွေ မရှိတော့ဘူး။

**ဦးကျော်လှိုင်(ဥက္ကဋ္ဌ) ခေတ်သစ်ဘုရင့်နောင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ကတော့ လောလောဆယ် ယာဉ်လိုင်း ၁၃ လိုင်းပြေးဆွဲဖို့ တင်ထားပြီး အစီးရေ ၈၀၀ ကျော်နဲ့ ပြေးဆွဲဖို့လုပ်နေပါတယ်။ ယာဉ်လုပ်သားတွေအနေနဲ့ လုပ်ခ၊ လစာ မျှတအောင်ပေးထားတာမို့ ခရီးသွားပြည်သူတွေကို ထမင်းရှင်အဖြစ်သတ်မှတ်ပြီး ပျူငှာယဉ်ကျေးစွာဆက်ဆံဖို့ ပြောလိုပါတယ်။ ပြည်သူတွေအနေနဲ့လည်း မိမိတို့တင်မြှောက်ထားတဲ့ အစိုးရက ပြောင်းလဲချိန်တန်လို့ ပြောင်းလဲတာဖြစ်တဲ့အတွက် ဒီစနစ်ကို အောင်မြင်ချောမွေ့အောင် အဘက်ဘက်က ကူညီဖို့ လိုအပ်ပါတယ်။

လက်ရှိဆွဲနေတာ ၁၂ ကြောင်းရှိတယ်။ အဲဒီ ၁၂ ကြောင်းကို ပြန်ပြီး ပေါင်းလိုက်မှာပေ့ါ။ ဦးစားပေး ၁၊ ၂ ဆိုပြီး အုပ်စုလိုက် ခုနစ်ကြောင်းတင်ပြထားတယ်။ အဲဒီအထဲက အလွန်ဆုံး လေးကြောင်းလောက်ပဲရမှာ။ A အုပ်စုက ၂၀၀၅- ၂၀၁၆ အထိ ကားတွေဖြစ်ရမယ်။ တစ်ဝက်လောက်ပဲရှိမယ်။



ဦးကျော်လှိုင်

B အုပ်စုက ၂၀၀၀ ကနေ ၂၀၀၅ အထိ။ အဲဒီအုပ်စုနှစ်ခုက အဲကွန်း၊ CCTV၊ GPS၊ ထိုင်ခုံကကောင်းပြီး ကားတာယာတွေကအစ ကောင်းမွန်နေရမယ်။ C အုပ်စုကတော့ ၂၀၀၀- ၁၉၉၅ အတွင်း Model ကားတွေ ပြေးဆွဲရမှာဖြစ်တယ်။ ရိုးရိုးကားတွေ။ D အုပ်စုကတော့ ၁၉၉၅ အောက် ကားတွေပြေးဆွဲရမှာဖြစ်တယ်။ အများစုက ဂျပန်ကားတွေပဲ။ အဲဒီလို အုပ်စုခွဲပြီး တင်ရတယ်။ အနည်းဆုံးနှစ်လိုင်း၊ အများဆုံးလေးလိုင်းပဲ ပြေးဆွဲချင်တာ။

A အုပ်စုမှာက လိုင်းနှစ်လိုင်း ကားစီးရေ ၂၀၀ ပြေးဆွဲမယ်။ B အုပ်စုမှာက ပြေးဆွဲဖို့မရှိဘူး။ C အုပ်စုမှာက ကားအစီး ၁၀၀ နဲ့ D အုပ်စုမှာက ကား ၅၀ ယာဉ်လိုင်းလေးလိုင်းကို စုစုပေါင်း ယာဉ်အစီး ရေ ၃၅၀ နဲ့ စတင်ပြေးဆွဲသွားမှာဖြစ်တယ်။ နောက်ကျရင် D အုပ်စုက ကား ၅၀ ကိုအပ်ပြီး အရေကျိုဖျက်သိမ်းဖို့ စီစဉ်ထားတယ်။ တဖြည်းဖြည်းနဲ့ အဲဒီလိုဖျက်ရင်းဖျက်ရင်းနဲ့ အားလုံးကို ကားအသစ် အစားထိုးသွားမယ်။

**ဦးမောင်စံ(ဥက္ကဋ္ဌ) (ခေတ်သစ်ငြိမ်းချမ်းရေး ကုမ္ပဏီ)**

မထသစနစ်ကနေ အများပိုင်စနစ်ကိုပြောင်းလိုက်တာပဲဖြစ်တယ်။ အများပိုင်စနစ်မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးဆိုတဲ့စနစ်ကို စတင်အကောင်အထည်ဖော်တာ။ ယာဉ်နောက်လိုက်ဟာ ယာဉ်ကြီးကြပ်ဖြစ်သွားပြီ။ ကျွန်တော်မြင်တာကတော့ ဒါပဲ။ ဒီစနစ်က အရင်လမ်းကြောင်းဟောင်းတွေကို ပြေးဆွဲတာဖြစ်တဲ့အတွက် ခရီးသွားပြည်သူတွေ အခက်အခဲမရှိအောင် ကူညီပံ့ပိုးပေးဖို့ပဲရှိတယ်။ အခုအာဏာပိုင်အဖွဲ့က ကုမ္ပဏီရှစ်ခုကို လိုင်း ၆၀ ချပေးတယ်။ ကျွန်တော်တို့တင်ပြတာက လက်ရှိပြေးဆွဲနေတဲ့ လိုင်းဟောင်းတွေကို ဦးစားပေးပါ။ အခြားကုမ္ပဏီတွေလို ငွေအရင်းအနှီးနဲ့ ထောင်တာမဟုတ်ပါဘူး။ လက်ရှိပြေးဆွဲနေတဲ့ယာဉ်တွေကို အခြေခံပြီး အစုအဖွဲ့ ကုမ္ပဏီလုပ်ထားတာဖြစ်တယ်။ အခုပြောင်းလဲတဲ့စနစ်ကတော့ မကွာခြားဘူး။ အုပ်ချုပ်ပုံစနစ်ပဲ ကွာခြားတယ်လို့မြင်တယ်။ အရင်က ပို့/ ဆက်၊ ကညနဥပဒေတို့က ရှိထားပြီးသား၊ ဒါတွေကို လုံးဝထည့်သွင်းအသုံးမပြုခဲ့ဘူး။ ဒေသန္တရဥပဒေကိုလည်း ထည့်မသုံးခဲ့ဘူး။ အဲဒီဥပဒေတွေသာ ထည့်သုံးမယ်ဆိုရင် အလိုလိုမှေးမှိန်သွားမှာမဟုတ်ဘူး။ အခုအချိန်ထိ အထက်က ယာဉ်မောင်းကို လစာနဲ့ပေးရမယ် ပိုက်ဆံပုံးထားမယ်လို့ အခုအထိမညွှန်ကြားသေးဘူး။ ကျွန်တော်တို့က အာဏာပိုင်အဖွဲ့အစည်းရဲ့ ညွှန်ကြားချက်နဲ့အညီပဲ လုပ်နိုင်မှာ။ ဘာကိုမှ မညွှန်ကြားသေးဘူး။ ခုချိန်ထိ လိုင်းပြေးဆွဲပေးဖို့နဲ့ ခရီးသည်တွေ အဆင်ပြေဖို့ပဲ မှာကြားထားသေးတယ်။ ဥပဒေရှိပါလျက်နဲ့ လိုက်နာကျင့်သုံးခြင်း မရှိပါဘဲနဲ့ ယာဉ်မောင်းဆိုးတယ်၊ နောက်လိုက်ဆိုးတယ်။ ယာဉ်ပိုင်ရှင်ဆိုးတယ် ဆိုတာဖြစ်နေတာ။ ရှိပြီးသား ဥပဒေကို တိတိကျကျ လိုက်နာဆောင်ရွက်မယ်ဆိုရင် အကုန်နီးပါးမကောင်းသည့်တိုင် သုံးပုံနှစ်ပုံတော့ ကောင်းသွားမှာပါ။ ဥပဒေကို လိုက်နာကျင့်သုံးသွားမယ်။ တစ်ပြေးညီတာဝန်ယူကြရမှာဖြစ်တယ်။ ဒီစနစ်ကို အတတ်နိုင်ဆုံး တင်ပြတောင်းဆိုပြီးတော့ လုပ်ဆောင်သွားမယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၀၀ အထက် မော်ဒယ်တွေနဲ့ပဲ ခုစတင်ပြေးဆွဲမှာဖြစ်တယ်။ ယာဉ်ဟောင်းတွေကို တစ်ရစ်ချင်း ပြောင်းလဲဖို့လုပ်ထားတယ်။ အခုထိ အုပ်စုမခွဲနိုင်သေးဘူး။ ဝန်ကြီးချုပ်က အစောကတည်းက ကြိုပြောနေတယ်။ ဇန်နဝါရီလမှာလုပ်မယ်လို့စနစ်ပြောင်းမယ်လို့ပြောတာ သုံးလကြာတယ်။ ကြိုပြောတာ ကိုးလရှိပြီ။ အောက်ကလိုက်ပါမှုက အားနည်းတယ်လို့မြင်တယ်။ ကျွန်တော့် ကုမ္ပဏီမှာတော့ ဒီစနစ်အပေါ်မှာ ဝန်ထမ်းမလိုက်နာရင် ထုတ်ပစ်မယ်။ ရာဇဝတ်မှုကျူးလွန်ရင် ဥပဒေအတိုင်း ဆောင်ရွက်မယ်။ အထက်က ချမှတ်ထားတဲ့မူဝါဒနဲ့အညီ အောက်ကို ကိုင်တွယ်ပေးပါ။ အခု လိုင်း ၁၇ လိုင်းကို ယာဉ်အစီးရေ ၈၀၀ ကျော်နဲ့ပြေးဆွဲဖို့ တင်ထားပါတယ်။ ဘယ်လိုင်းတွေပြေးဆွဲရမယ်ဆိုတာ ဒီကနေ့အထိ မကျသေးပါဘူး။

## TNLA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်ခဲ့သဖြင့် ပြည်သူနှစ်ဦး သေဆုံး၊ ရှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ နမ့်ဆန်မြို့အနီး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနေရာသို့ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် TNLA လက်နက်ကိုင်အဖွဲ့ များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် ဟိုချောင်းကျေးရွာအတွင်းသို့ လက်နက်ကြီး ဖုံးသီးလေးလုံး ကျရောက်ပေါက်ကွဲပြီး ပြည်သူနှစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့အနီးရှိ တပ်မတော်စစ်ကြောင်းနေရာသို့ TNLA လက်နက်ကိုင်အဖွဲ့များက မြို့၏အနောက်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ မြတ်တောင်ရိုးဘုရားကုန်းနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှ လက်နက်ကြီး၊ လက်နက်ငယ် များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နမ့်ဆန်မြို့၏ အနောက်ဘက်မီတာ ၃၀၀၀ခန့်အကွာရှိ ဟိုချောင်းကျေးရွာအတွင်းသို့ လက်နက်ကြီးဖုံးသီးလေးလုံးကျရောက်ပေါက်ကွဲခဲ့ပြီးဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လားရှိုးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့သည့်နေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသဖြင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ရပ်ကွက်(၃)နေ ဦးထွန်းဦးသည် ဇန်နဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်က ကန်တော်ယန်ကျေးရွာနှင့် နမ်ပေါင်ကျေးရွာအကြား၌ လမ်းဘေးသို့ ရေခပ်ရန်သွားရောက်စဉ် KIA လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းထိလူနာကို မြစ်ကြီးနားမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ယမ်းထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ လောက်ကိုင်၌ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့ မြန်မာ-တရုတ် နယ်နိမိတ်အနီးရှိ ယမ်းထုတ်လုပ်သည့် စက်ရုံအဟောင်းနှင့် အဆောက်အအုံများအောက်မှ ယမ်းထုတ်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

လောက်ကိုင်မြို့နယ်အတွင်း ယမ်းများမြှုပ်ထားကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေရှင်းလင်းရာ ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လောက်ကိုင်မြို့၏ အရှေ့ဘက် မြန်မာ-တရုတ်နယ်နိမိတ်မျဉ်း၏ အတွင်းဘက် မီတာ ၁၀၀ ခန့်အကွာ၌ အုတ်စီသွပ်မိုးထားသော ယမ်းထုတ်လုပ်သည့်စက်ရုံအဟောင်းတစ်လုံးနှင့် အုတ်စီသွပ်မိုး အဆောက်အအုံသုံးလုံးတို့ကို တွေ့ရှိခဲ့ပြီး အသေးစိတ်ရှာဖွေတူးဖော်စစ်ဆေးခဲ့သည်။

ထိုသို့တူးဖော်ခဲ့ရာ စက်ရုံအဟောင်းနှင့် အဆောက်အအုံများအနီး မြေကြီးအောက် ၂ပေခန့်မှ အီမာရှင်း(ယမ်းညှင်း) Emulsion Explosive (LE) အချင်း ၁ ဒသမ ၂ လက်မ၊ အရှည် ၈ လက်မခန့်ရှိ နီညိုရောင် ယမ်းအတောင့် ၂၀ ပါ အိတ်အကောင်း အထုပ် ၁၂၀ နှင့် အိတ်အပျက် အထုပ် ၃၀၀၊ အီသနော(Ethanol) ၅၀၀ မီလီလီတာပါ ပုလင်းလေးလုံး၊ အမိုးနီးယားဆိုလူးရှင်း (Ammonia solution) ၃၀၀ မီလီလီတာပါဘူးတစ်လုံး၊ ဆိုဒီယမ်ကလိုရိုက် (Sodium chloride) ၅၀၀ ဂရမ်ပါဘူးတစ်လုံး၊ အမိုနီယမ်ကလိုရိုက် (Ammonium chloride) ၅၀၀ ဂရမ်ပါ ဘူးတစ်လုံး၊ ဟိုက်ဒရိုဂျနိတ် တက်တော်လိုဝါမင်း (Hydrogenated Tallowamine) ၂၅ ကီလိုဂရမ်ပါ ၃၇ အိတ်၊ ထင်းရှူးဆီခဲ ဒသမ ၂၅တန်ခန့်၊ ဖယောင်းစေ့ ဒသမ ၂၅တန်ခန့်နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းစုံ ၃၅ မျိုးတို့ကို တူးဖော်သိမ်းဆည်းရမိခဲ့သည်။

လောက်ကိုင်ဒေသ၌ ၂၀၀၉ခုနှစ်က MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်စက်ရုံနှင့် မူးယစ်ဆေးဝါးစက်ရုံများတည်ဆောက်ကာ လက်နက်နှင့် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖြန့်ဖြူး၍ တရားမဝင်စီးပွားရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အင်အားတည်ဆောက်လာခဲ့မှုများကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရန် နယ်မြေရှင်းလင်းခဲ့ရာ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးစဉ် အဆိုပါ ယမ်းနှင့် ဆက်စပ်ပစ္စည်းများကို မြေမြှုပ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တူးဖော်သိမ်းဆည်းရမိခဲ့သည့် ယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို နယ်မြေခံတပ်က မိုင်းရှင်းလင်းရေးအဖွဲ့များဖြင့် စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ပြီး အဆိုပါနေရာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာဖဂန်လေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွရှစ်ဦးသေဆုံး

**ကွန်ဒုဇ် ဇန်နဝါရီ ၁၂**

အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ စစ်သွေးကြွများပုန်းအောင်းနေသည့် နေရာများကို ပစ်မှတ်ထားကာ အစိုးရစစ်လေယာဉ်များက ဇန်နဝါရီ ၁၂ ရက်က တိုက်ခိုက်ခဲ့ပြီးနောက် တာလီဘန်စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်တပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါစစ်ဆင်ရေးသည် ကဘူးလ်မြို့မြောက်ဘက် ၂၅၀ ကီလိုမီတာအကွာရှိ ကွန်ဒုဇ်မြို့ပြင် အယ်လ်ချီနယ်မြေတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နာ့စ်ရာတူလာ ဂျမ်ရှီဒီက ပြောခဲ့သည်။

စစ်လေယာဉ်များသည် တာလီဘန်များ ပုန်းအောင်းနေထိုင်ရာနေရာများသို့ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွများ၏ လက်နက်သိုလှောင်ရာနေရာ ပျက်စီးသွားခဲ့ကြောင်း၊ တရားဝင်စာရင်းအရ သိရသည်။ တာလီဘန်များဘက်မှ မှတ်ချက်တစ်စုံတစ်ရာပြုခြင်းမရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

## နယူးယောက်သတင်းစာရှင်းလင်းပွဲအပြီး ထရန့်နှင့်မက္ကဆီကိုပြည်သူများသဘောထားကွဲလွဲကာ ဒေါသထွက်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်၏ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဒေါ်နယ်ထရန့်သည် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့ပြီးနောက် နယူးယောက်မြို့၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် လက်တင်အမေရိက နိုင်ငံသားများအပေါ် မယုံကြည်ကြောင်းနှင့် ဒေါသထွက်ကြောင်း ဖော်ပြခဲ့သည်။

ထရန့်သည် မက္ကဆီကိုနယ်စပ်တွင် တံတိုင်းကြီး တည်ဆောက်မည့်အကြောင်း ထပ်တလဲလဲပြောဆိုကာ မက္ကဆီကိုရှိ ပြည်သူများအား စိတ်ဆိုးဒေါသထွက်စေခဲ့သည်။ တံတိုင်းကြီးတည်ဆောက်မှုကို အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်ပြုလုပ်သွားမည်ဖြစ်ပြီး မက္ကဆီကိုအနေဖြင့် အသုံးစရိတ်များကို ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု ပြောကြားသည်။

ထရန့်ကိုဝေဖန်သည့် မက္ကဆီကို၏ အပွင့်လင်းဆုံးဝေဖန်ရေးသမားတစ်ဦးဖြစ်သည့် ဗီစင်တီဖောက်စ်က ထရန့်၏ ပြောဆိုမှုများကို အမြန်ဆုံးတုံ့ပြန်ချေပခဲ့သည်။ အဓိပ္ပာယ်ကင်းမဲ့သည့် တံတိုင်းကြီးတည်ဆောက်မှုအတွက် မက္ကဆီကိုအနေဖြင့် ယနေ့နှင့်မနက်ဖြန်သာမက ဘယ်သောအခါမျှ ကုန်ကျစရိတ်ပြန်ပေးလိမ့်မည်မဟုတ်ကြောင်း တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။ အကယ်၍ ထရန့်ကသာ ၎င်း၏အတ္တစိတ်နှင့်စိတ်ကြီးဝင်မှုကို အထိမ်းအမှတ်အဖြစ်ဆောက်လုပ်လိုခဲ့လျှင် တံတိုင်းကြီးကို ၎င်းကိုယ်တိုင်တည်ဆောက်ပြီး ၎င်းကိုယ်တိုင်ငွေကုန်ကြေးကျခံပါစေဟု ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

ဖောက်စ်က ဒေါ်နယ်ထရန့်လက်ထက်တွင် ၎င်းတို့သည် အာဏာရှင်ခေတ်သစ်တစ်ခုကို ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သတိပေးပြောဆိုသည်။ သို့သော် ထရန့်ကိုကြောက်လန့်စရာမလိုကြောင်း ၎င်းက ပြောခဲ့သည်။**(ဆင်ဟွာ)**




နယူးယောက်၌ ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထရန့်စကားပြောဆိုခဲ့စဉ်

## စုစည်းညီညွတ်မှု အရေးတကြီးလိုအပ်နေကြောင်း ကုလအတွင်းရေးမှူးချုပ်ဟောင်းပြောကြား

**ဆိုးလ် ဇန်နဝါရီ ၁၂**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်းသည် ကြာသပတေးနေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တောင်ကိုရီးယားနိုင်ငံသည် စုစည်းညီညွတ်မှုရှိရမည်ဖြစ်ပြီး ၎င်းကိုယ်တိုင်လည်း နိုင်ငံအတွင်း ပေါင်းစည်းညီညွတ်ရေးအတွက် အလေးအနက်ထားလုပ်ဆောင်နေကြောင်း ပြောကြားသည်။

ဘန်သည် ပြီးခဲ့သည့်နှစ်က ကုလသမဂ္ဂ၏ ထိပ်တန်းနေရာတွင် ဒုတိယအကြိမ်အဖြစ် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်တွင် ၎င်း၏တိုင်းပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

သမ္မတပတ်ဂွမ်ဟေး နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုခံရပြီး ၎င်း၏ဆယ်နှစ်ရီပါတီမှာလည်း လူထုထောက်ခံမှု ကျဆင်းသွားချိန်တွင် ဘန်ကီမွန်းသည် လာမည့်သမ္မတရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ်အစိုးရအဖွဲ့၏ ဩဇာအာဏာအရှိဆုံးသော ယှဉ်ပြိုင်သူအဖြစ် ရှုမြင်ခံခဲ့ရသည်။

ဘန်ကီမွန်းသည် ၎င်း၏ယှဉ်ပြိုင်ရွေးကောက်ခံမှုများနှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ဖွင့်ဟကြေညာခဲ့ခြင်း မရှိသော်လည်း သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံရန် ဆန္ဒရှိကြောင်းကိုမူ အမှန်တကယ်ထုတ်ဖော်ဝန်ခံခဲ့သည်ဟု မီဒီယာများက ပြောကြားသည်။

ဘန်က ၎င်း၏တိုင်းပြည်သည် ဆင်းရဲချမ်းသာကွာဟမှု၊ နိုင်ငံရေး၊ စီးပွားရေး အခြေခံသဘောတရားများ၊ ဒေသတွင်းနှင့် မျိုးရိုးစဉ်ဆက်ဆိုင်ရာ ဝိဝါဒကွဲပြားမှုများနှင့် ပြည်တွင်းရေးဆိုင်ရာ မတူကွဲပြားမှုများကို အဆုံးသတ်သင့်ပြီဖြစ်ကြောင်းနှင့် အကြီးအကျယ်စည်းလုံးညီညွတ်မှုရရှိရန် လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



## အိုင်အက်စ်ပုံများကို ဖုန်းအတွင်းသိမ်းဆည်းခဲ့သည့် အင်ဒိုနီးရှားကျောင်းသားများကို ပြည်နှင်ဒဏ်ပေး

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၂**

မလေးရှားနိုင်ငံရှိ အင်ဒိုနီးရှားကျောင်းသားရှစ်ဦးအနက် တစ်ဦးသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသောပုံများကို လက်ကိုင်ဖုန်းတွင် သိမ်းဆည်းထားသည်ကို တွေ့ရှိပြီးနောက် အာဏာပိုင်များက ၎င်းတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း မလေးရှားနိုင်ငံပိုင် ဘာနာမာ သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။



သံသယရှိသော ကျောင်းသားများကို စစ်ဆေးရာတွင် ယင်းဓာတ်ပုံများကို မိုဘိုင်းဖုန်း၏ Whats App Application ၏ အဖွဲ့လိုက်ပြောဆိုမှု Group Chat ထဲမှ ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းသားများမှာ ၂၀၁၇ ဇန်နဝါရီ ၄ ရက်ကတည်းက အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားကျွန်းရှိ စာသင်ကျောင်းတစ်ကျောင်းမှ မလေးရှားသို့ လာရောက်ဆေးကုသမှုခံယူနေသော ကျောင်းသားများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

သံသယရှိသည့် ကျောင်းသားများကို ယမန်နေ့က အင်ဒိုနီးရှားနိုင်ငံသို့ သင်္ဘောဖြင့် ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## အိန္ဒိယနိုင်ငံတော်အလံအား စော်ကားခဲ့သော အမေဇုန်ကုမ္ပဏီအား ပြန်လည်တောင်းပန်ရန် နိုင်ငံခြားရေးဝန်ကြီးပြောကြား

**နယူးဒေလီ ဇန်နဝါရီ ၁၂**

အိန္ဒိယနိုင်ငံ၏နိုင်ငံတော်အလံအား ဥပဒေမဲ့စော်ကားခဲ့သော e-commerce လုပ်ငန်းကြီးတစ်ခုဖြစ်သည့် အမေဇုန်ကုမ္ပဏီအနေဖြင့် ပြန်လည်တောင်းပန်ရန်နှင့် တောင်းပန်ခြင်းမပြုပါက ၎င်းတို့၏ ဌာနအကြီးအကဲများအား ပြည်ဝင်ခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆက်စ်မာဆွာရက်ဂျ်က ယမန်နေ့က ပြောကြားသည်။

အမေဇုန်က အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်အလံအား သရုပ်ဖော်ထားသည့် ခြေသုတ်ဖုံများကို ကနေဒါနိုင်ငံတွင် ရောင်းချနေသည်ကိုတွေ့ရှိခဲ့ပြီးနောက် ဆွာရက်ဂျ်၏ ပြစ်တင်ပြောဆိုမှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အလံအား အလွဲသုံးစားပြုလုပ်ထားသည့် ထုတ်ကုန်အားလုံးကို ချက်ချင်းပြန်လည်သိမ်းဆည်းပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အလံအား အလွဲသုံးစားပြုသည့်အတွက် ဝန်ချတောင်းပန်ရမည်ဖြစ်ကြောင်း ဆွာရက်ဂျ်က တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

အကယ်၍ လိုက်နာရန်ပျက်ကွက်ခဲ့ပါက အမေဇုန်တာဝန်ရှိသူများအတွက် ယခင်ခွင့်ပြုပေးခဲ့သည့် ပြည်ဝင်ခွင့်အပါအဝင် နောက်ထပ်ပြည်ဝင်ခွင့်များကို ထပ်မံထုတ်ပေးတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးက ကနေဒါနိုင်ငံရှိ အိန္ဒိယသံရုံးအား အမေဇုန်ကိစ္စနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေဇုန်သည် အမေရိကန်အီလက်ထရွန်နစ် e-commerce နှင့် cloud ကွန်ပျူတာစနစ် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် အကြီးဆုံး အွန်လိုင်းလက်လီအရောင်းဝက်ဘ်ဆိုက်များအနက် တစ်ခုအပါအဝင် ဖြစ်သည်။

**(ဆင်ဟွာ)**



# မြန်မာ-ဗီယက်နမ်ကုန်သွယ်မှု မြှင့်တင်နိုင်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI အသင်းချုပ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ- ဗီယက်နမ် ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရန် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဇန်နဝါရီ ၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Tran Tuan Anh ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့ထားရှိမှုများ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗီယက်နမ် - စင်ကာပူ စက်မှုဇုန်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာ ဇုန်တာဝန်ခံ Mr. Nguyen Phu Thinh က စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောင်းသားကျောင်းသူများနှင့် အများပြည်သူတောင်းဆိုချက်အရ အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ဆူးလေသို့ လမ်းကြောင်းသစ် ထပ်တိုး

**ရန်ကုန် ဇန်နဝါရီ ၁၂**

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်မြို့၌ ဘတ်စ်ကားပြေးဆွဲမှု စနစ်သစ် စတင်တော့မည်ဖြစ်ရာ ကျောင်းသားကျောင်းသူများနှင့် အများပြည်သူခရီးသွားများ၏ တောင်းဆိုချက်အရ အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် ဆူးလေသို့ လမ်းကြောင်းသစ် ထပ်မံတိုးချဲ့လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အသစ် ထပ်တိုးလိုက်သည့် ယာဉ်လိုင်းသည် ယာဉ်လိုင်းအမှတ် ၆၁ ဖြစ်ပြီး မူလက ယာဉ်လိုင်း ၆၀ အထိ သတ်မှတ်ထားခြင်းဖြစ်သည်။ အသစ်တိုးချဲ့လိုက်သည့် ယာဉ်လိုင်းအမှတ် ၆၁ သည် အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ဒဂုံဈေးအဝေးပြေး-သမကုန်းအဝိုင်း-ဘီအိုစီအဝိုင်း-လှိုင်သာယာ မီးခွက်ဈေး-အောင်ဇေယျတံတား-ဘုရင့်နောင်လမ်း-ဘုရင့်နောင်လမ်းဆုံ-သမိုင်းလမ်းဆုံ-ရှစ်မိုင်လမ်းဆုံ-လှည်းတန်း-မြေနီကုန်း-ရွှေဂုံတိုင်-ရန်ကုန်ဘူတာကြီး-ဆူးလေတို့ဖြစ်ကြောင်း သိရသည်။

"ယာဉ်လမ်းကြောင်း အမှတ် ၁ ကနေ ၆၀ မှာ ယာဉ်လိုင်းနံပါတ် ၁၃ ဂဏန်း မပါဝင်ပါဘူး။ တချို့တွေက ၁၃ နံပါတ်ကို မကြိုက်တဲ့အတွက် အဲဒီတစ်ခုကို ကျော်ထားတာပါ။ ဒီယာဉ်လိုင်းတွေက လိုအပ်ချက်အရ ထပ်တိုးနိုင်ပါတယ်။ ဆွေးနွေးဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေး ဗဟိုကော်မတီ လက်အောက်တွင် ယာဉ်လိုင်းအဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့၊ ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ဖြင့်ပြေးဆွဲလျက်ရှိရာမှ ခရီးလမ်းကြောင်းတူ ဘတ်စ်ကားလိုင်းများကို စနစ်တကျ စုစည်းကြပ်မတ်ကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ခရီးသည်ပို့ဆောင်ရေးကို ပြေးဆွဲပေးမည့် ရန်ကုန်ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်မည်ဖြစ်သည်။

စနစ်သစ်ဖြင့် စတင်ပြေးဆွဲမည့်နေ့တွင် ခရီးသည်များ အခက်မကြုံစေရန် ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှု အခြေပြုအဖွဲ့များက ပါဝင်ကူညီကြမည်ဖြစ်ပြီး ခရီးသည်များအနေဖြင့်လည်း ဘတ်စ်ကားခရီးစဉ် လမ်းကြောင်းများနှင့် ခရီးစဉ်မြေပုံကို သိရှိလိုပါက Yangon Bus Service-YBS ၏ အင်တာနက် စာမျက်နှာ http://YangonBus.com တွင် ကြည့်ရှုနိုင်မည်ဖြစ်ပြီး Hotline တယ်လီဖုန်းနံပါတ် ၁၈၈၈၊ လိုင်းခွဲနံပါတ် ၂ သို့လည်း ဆက်သွယ်မေးမြန်းနိုင်သည်ဟု သိရသည်။ ယင်းအပြင် မိုဘိုင်း အပလီကေးရှင်းများ အသုံးပြုနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ယခု ၂၀၁၇ ခုနှစ်နှစ်စမှ စတင်ကာ ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေး၏ အဓိက အားထားနေရသော ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး ဘတ်စ်ကားအသစ်များ ဝယ်ယူခြင်း၊ အစားထိုးခြင်းနှင့် အများပိုင်ယာဉ်လိုင်းများ ဖွဲ့စည်းထူထောင်နိုင်ရန်ပြင်ဆင်ခြင်း၊ အများပိုင် ကုမ္ပဏီအဆင့် ထူထောင်နိုင်ခြင်းမရှိသေးမီ အစုအဖွဲ့များဖြင့် ယာဉ်လမ်းကြောင်းများအလိုက် စနစ်တကျ ပြေးဆွဲစေခြင်း၊ အိုဟောင်းဘတ်စ်ကားများအား လဲလှယ်ကာဘဏ်ချေး ငွေစနစ်ဖြင့် ကားသစ်များ ဝယ်ယူခြင်း၊ အစိုးရ၏ မတည်ရင်းနှီးငွေဖြင့် အများပိုင်ယာဉ် လိုင်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းတို့ဖြင့် မြို့တွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

(၀၀၁)

# ဆွစ်ဇာလန်အထောက်အပံ့သက်မွေးသင်တန်းကျောင်းကြီးဖွင့်လှစ်မည်



**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မေခအိမ်ရာအတွင်း ဆွစ်ဇာလန်ဖွံ့ဖြိုးရေးအေဂျင်စီ၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော စီဗွီတီသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းကြီးမှာ လာမည့်ပညာသင်နှစ်မှစ၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်မတို့ဒီသင်တန်းကျောင်းကြီး ပြီးစီးသွားပါက နှစ်စဉ်သင်တန်းသား ၅၀၀ မှ ၁၀၀၀ အထိသင်ကြားပေးနိုင်မှာဖြစ်ပါတယ်။ လာမယ့်ပညာသင်နှစ်ကနေ စတင်အသုံးပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု စီဗွီတီမှ စီအီးအေဒေါ်ခင်မြတ်စန္ဒာက ပြောသည်။

အဆိုပါ သက်မွေးမှုအတတ်ပညာသင်တန်းကျောင်းကို ၂၀၀၂ခုနှစ်မှစတင်ကာ ဆွစ်ဇာလန်မှ အလုပ်သင်ပညာရေးပုံစံကို အခြေခံပြီး မြန်မာနိုင်ငံရှိလူငယ်များနှင့် ကိုက်ညီမည့် သက်မွေးသင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း၊ ရုံးချုပ်ကို ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီရုံးအဆောက်အအုံတတိယထပ်တွင် ဖွင့်လှစ်ထားကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော သက်မွေးသင်တန်းကျောင်းဖြစ်ကြောင်း၊ အမျိုးသားကျွမ်းကျင်မှု စံနှုန်းသတ်မှတ်ရေးအဖွဲ့၏ နိုင်ငံတော်အဆင့် ကျွမ်းကျင်မှုစစ်ဆေးရေးဌာနတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကျောင်းသည် ပြည်တွင်းရှိ ကုမ္ပဏီအသီးသီးမှ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများအား အခကြေးငွေမယူဘဲ သင်ကြားပေးနေသော သင်တန်းကျောင်းဖြစ်ကြောင်း၊ ယခုအခါ သင်တန်းများအတွက်လျှောက်လွှာလက်ခံလျက်ရှိပြီး မတ်လကုန်နှင့် မေလဆန်းတွင် ကျောင်းများစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းကျောင်းမှာ တစ်ပတ်လျှင် တစ်ရက်သာတက်ရပြီး ကျန်ရက်များမှာ မိမိလုပ်ငန်းတွင် လုပ်ကိုင်ရကာ သုံးနှစ်တက်ရသည့်သင်တန်းဖြစ်ကြောင်း၊ အဓိကအားဖြင့် စီးပွားရေးအထောက်အကူပြုသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာသင်တန်း၊ ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၊ သတ္တုပစ္စည်းထုတ်လုပ်မှုအတတ်ပညာသင်တန်းတို့ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ပြီးပါက ဆွစ်ဇာလန်နိုင်ငံအသိအမှတ်ပြု ဒီပလိုမာ လက်မှတ်ပေးအပ်ကြောင်း၊ ကျွမ်းကျင်သောအတတ်ပညာရှင်ဘဝမှ လုပ်ငန်းရှင်အဖြစ်ချဲ့ထွင်လုပ်ကိုင်နိုင်ကြောင်းလည်း သိရသည်။

အဆိုပါ သက်မွေးမှုအတတ်ပညာသင်တန်းကျောင်းသည် လောလောဆယ် ကြက်ခြေနီရုံးချုပ်တွင် ဖွင့်လှစ်ထားသော်လည်း သဃ်န်းကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသော သင်တန်းကျောင်းကြီးတည်ဆောက်ပြီးစီးသွားပါက သင်တန်းသားများအား စာတွေ့ လက်တွေ့သင်တန်းများ တစ်နေရာတည်းတွင် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ **သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဘတ်စ်ကားစနစ် ပြုပြင်ဆောင်ရွက်ပြီးပါက စီးတီးတက္ကစီများအား ကြပ်မတ်ရန် စစ်တမ်းကောက်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်မြို့၏ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ် ပြုပြုဆောင်ရွက်ပြီးပါက မြို့တော်အတွင်း ပြေးဆွဲနေသည့် အငှားယာဉ်များဖြစ်သော စီးတီးတက္ကစီများကို ကိုင်တွယ်ကြပ်မတ်ရန် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ရန်ကုန်မြို့၏ ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို စတင် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပြီး ယခင်က မထသ၏ စီမံအုပ်ချုပ်သည့်စနစ်မှ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲသည့်စနစ်ဖြင့် ယာဉ်လိုင်းအမှတ် ၁ မှ ၆၁ အထိ လမ်းကြောင်းသစ်များ ရေးဆွဲကာ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။ အဆိုပါ ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲမှု အသားကျစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး သုံးလခန့်အကြာတွင် ရန်ကုန်မြို့၏ အရေးပါသောပို့ဆောင်ရေးယာဉ်များဖြစ်သည့် စီးတီးတက္ကစီများကို ကိုင်တွယ်ကြပ်မတ်သွားမည်ဟု သိရသည်။

"ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးက သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ရဲ့ ဦးဆုံး ဆောင်ရွက်ချက်ပါ။ အများပြည်သူ ပို့ဆောင်ရေးကို အဓိကထားပြီး ကောင်းမွန်အောင် ပြုပြင်သွားရမှာပါ။ ဆက်လက်ပြီး တက္ကစီတွေကို ဆက်လက်ကိုင်တွယ်ကြပ်မတ်သွားမှာပါ။ စစ်တမ်းကောက်ယူပြီး စနစ်တကျနဲ့ လုပ်ပြီးရင် ဂျီပီအက်စ်စနစ်တွေ၊ မီတာစနစ်တွေနဲ့ လုပ်သွားမှာပါ"ဟု ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေသော စီးတီးတက္ကစီများကို ၂၀၁၀ ပြည့်နှစ်မတိုင်ခင်က ခရိုင်အလိုက် ခွဲခြား ဆောင်ရွက်မှုများကို မြို့တော်စည်ပင်မှ ပြုလုပ်ခဲ့ပြီး စီးတီးတက္ကစီ ကြီးကြပ်ရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ကာ အစီးရေအားဖြင့်လည်း ၂၅၀၀၀ ခန့်ရှိခဲ့ကြောင်း မှတ်တမ်းပြုစုနိုင်မှုများ ရှိခဲ့သည်။ သို့ရာတွင် ယာဉ်လိုအပ်ချက်အရ အငှားယာဉ်စီးရေ တိုးတက်လာပြီး ယာဉ်အမျိုးအစားများမှာလည်း အမျိုးမျိုးရှိခဲ့ကာ နိုင်ငံတကာမြို့ပြများကဲ့သို့ စနစ်တကျ ကြပ်မတ်ကွပ်ကဲနိုင်ရန် လိုအပ်ကြောင်း စီးနင်းသူများက ဝေဖန်ကြသည်။ ယင်းအပြင် ယခင်က တက္ကစီမီတာစနစ် ဆောင်ရွက်မှုတွင်လည်း မီတာဝယ်ယူတပ်ဆင်မှု စျေးနှုန်းကြီးမြင့်ခဲ့ကာ အမှန်တကယ်တွင် အသုံးတွင်ကျယ်မှု မရှိခဲ့ဘဲ ယာဉ်ပိုင်ရှင်များအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်ခဲ့ရကြောင်း ယာဉ်ပိုင်ရှင်များက ပြောသည်။

(၀၀၁)

# ဂျပန်ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ Agency of Cultural Affairs နှင့် Japan Image Council (JAPIC) တို့ပူးပေါင်း၍ ဂျပန်ရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ရှိ နေပြည်တော် ရုပ်ရှင်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရုံတင်ပြသသွားမည့် လက်ရာများတွင် ဇာတ်လမ်းရှည် ၁၁ ကား၊ ဇာတ်လမ်းတို ၁၈ ကား၊ စုစုပေါင်း ၂၉ကား ပါဝင်ပြီး မြန်မာပြည်တွင် ယခင်က တစ်ခါမှ မတင်ဆက် ဖူးသော ပုံစံမျိုးဖြင့် မျက်မှောက်ခေတ် ဂျပန်ရုပ်ရှင်နှင့် အန်နီမေးရှင်းများကို မိတ်ဆက်ပေးသွားမည်ဖြစ်သည်။




အန်နီမေးရှင်း ဇာတ်လမ်းတိုများကိုလည်း ဩဇာကြီးသော ဆရာကြီးများ၏ အနုပညာလက်ရာများနှင့် အသက် ၂၀ ကျော် ဒါရိုက်တာများ၏ လက်ရာပေါင်းချုပ်ဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ခွဲခြားပြသသွားမည်ဖြစ်သည်။

ဝင်ကြေးအခမဲ့ ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း ဂျပန်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ဇာတ်ကားများ အားလုံးကို မြန်မာစာတန်းထိုးဖြင့် ပြသသွားမည် ဖြစ်သည်။

လက်မှတ်များကို ပွဲချိန်မစမီ တစ်နာရီ ကြိုတင်ပြီး နေပြည်တော် ရုပ်ရှင်ရုံ၏ ရုံးခန်းတွင် ရယူနိုင်ကြောင်း သိရသည်။ အသေးစိတ် သိရှိလိုပါက https;//www.facebook. com/JFFY20170/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# မင်္ဂလာတောင်ညွန့်တွင် စီမံချက်ဖြင့် နောက်ဖေးလမ်းကြားရှိ အမှိုက်များရှင်း

**ရန်ကုန်  ဇန်နဝါရီ  ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ စီမံချက်ဖြင့် နောက်ဖေးလမ်းကြားများရှိ အမှိုက်များကို ရှင်းလင်းရာ မြို့တွင်းခြောက်မြို့နယ်ပြီးစီး၍ ဆက်စပ် မြို့နယ်ဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်သို့ ဇန်နဝါရီ ၆ ရက်မှစ၍ စတင်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ပြီးစီး၍ ဇန်နဝါရီ ၁၁ ရက်မှစ၍ တောင်လုံးပြန်ရပ်ကွက်သို့ဝင်ရောက် ရှင်းလင်းလျက်ရှိသည်။

စည်ပင်သာယာမှ လူ၊ ယာဉ်၊ စက်သုံးဆီများကို အကုန်အကျခံ၍ ရှင်းလင်းပေးလျက်ရှိပြီး ယင်းရပ်ကွက်အတွင်းရှိ လိုအပ်ချက်များကို မင်္ဂလာတောင်ညွန့်



မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တောင်လုံးပြန်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ၂၀၁၅-၁၆ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ဘဏ္ဍာငွေများပိုမိုရရှိနေ

**လွယ်ဂျယ်  ဇန်နဝါရီ  ၁၂**

ယူနန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော လွယ်ဂျယ်မြို့ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်ရေးစခန်းသည် ပထဝီအနေအထားအရ အလွန်အရေးပါသော တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းမြို့လေးဖြစ်သည်။ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကလေး၊ တမူး၊ အိန္ဒိယနယ်စပ်အထိ ကုန်သွယ်ရေးလုပ်ငန်းများ ချိတ်ဆက်တိုးတက်အောင်မြင်လျက်ရှိသည်။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်မှုပမာဏမှာ ၂၀၁၄-၁၅ ခုနှစ် ပို့ကုန် ၆၃ ဒသမ ၈၇၄၊ သွင်းကုန် ၉ ဒသမ ၃၀၊ စုစုပေါင်းဒေါ်လာသန်း ၇၃ ဒသမ ၁၇၄၊ ၂၀၁၅-၁၆ ပို့ကုန် ၆၄ ဒသမ ၃၃၅၊ သွင်းကုန် ၁၂ ဒသမ ၆၂၃၊ စုစုပေါင်းဒေါ်လာသန်း၇၆ ဒသမ ၉၅၈၊ ၂၀၁၆-၁၇ (ဒီဇင်ဘာလအထိ) ပို့ကုန် ၁၂၁ ဒသမ ၆၁၆၊ သွင်းကုန် ၁၂ ဒသမ ၆၈၉၊ စုစုပေါင်းဒေါ်လာသန်း ၁၃၄ ဒသမ ၃၀၅ရရှိခဲ့သည့်အတွက် ပို့ကုန်ပမာဏများပြားလာခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ တိုးတက်ရရှိခဲ့သည်။

တရုတ်နိုင်ငံဘက်သို့ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ကြံ၊ ကြိမ်၊ ဖရဲသီး၊ တစ်သျှူးငှက်ပျော၊ Re Export (သကြား၊ ဒီဇယ်)တို့ တင်ပို့ပြီး သွင်းကုန်အနေဖြင့် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ချည်ထည်၊ စောင်၊ ချုပ်ပြီးအထည်၊ လူသုံးကုန်ပစ္စည်းများတင်သွင်းခဲ့ သည်။ ဗန်းမော်-လွယ်ဂျယ်ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် အဓိကပို့ကုန်ဖြစ်သော ဆန်၊ ပြောင်းတို့ကို မိမိနိုင်ငံဘက်မှ တရားဝင်တင်ပို့သော်လည်း တစ်ဖက်နိုင်ငံ၌ ဖမ်းဆီးမှုများရှိနေခြင်းကြောင့် မိမိဘက်ကုန်သည်များအနေဖြင့် အခြေအနေသုံးသပ်လေ့လာပြီးမှသာ တင်ပို့နေရကြောင်း သိရသည်။ ဗန်းမော်-လွယ်ဂျယ် ကုန်သွယ်မှုလမ်းကြောင်းသည် (၅၇) မိုင်ခန့်သာရှိပြီး တောင်ဆင်း တောင်တက်လမ်းဖြစ်ခြင်း၊ ကျောက်ကြမ်းခင်းလမ်းဖြစ်ခြင်း၊ လမ်းကျဉ်းဖြစ်ခြင်းစသည့်အခက်အခဲများရှိသော်လည်း တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုပမာဏ တိုးတက်များပြားလာကြောင်းတွေ့ရ၍ ဗန်းမော်-လွယ်ဂျယ် ကုန်သွယ်ရေးလမ်းကြောင်းကို ရန်ကုန်-မြဝတီ ကုန်သွယ်ရေးလမ်းကြောင်းရှိ ဒေါနတောင်တန်းဖြတ်ကျော်လမ်းကဲ့သို့ ဆောင်ရွက်နိုင်ပါက ကုန်သွယ်မှုပမာဏသည် အဆများစွာတိုးတက်လာနိုင်မည်ဟု လွယ်ဂျယ်မြို့ပို့ကုန်၊ သွင်းကုန်စစ်ဆေး ရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေကြိုင်က အကြံပြု ပြောကြားခဲ့ကြောင်း သိရသည်။
**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

### ထင်သာမြင်သာပြုပြင်စရာ

## လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းမှုနည်းပါးပြီး ယာဉ်သွားလမ်းပေါ်မှ စည်းကမ်းမဲ့ ဖြတ်သန်းနေ

ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံသည် ယာဉ်နှင့်လူသွားလူလာများပြားသည့်နေရာဖြစ်သည်နှင့်အညီ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် စတုဂံပုံစံ လူကူးခုံးကျော်တံတားကို ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံတည်ဆောက်ပေးထားသည့်အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့အား စဉ်ဆက်မပြတ် တာဝန်ချထားရှိသည်။

သို့ရာတွင် တာဝန်ကျဝန်ထမ်းများ၏ ကြီးကြပ်ကွပ်ကဲမှုအားနည်းချက်အပေါ်အခြေခံလျက် လူကူးခုံးတံတားပေါ်မှ စည်းကမ်းရှိစွာဖြတ်ကူးမှုနည်းပါးပြီး ယာဉ်သွားလမ်းပေါ်မှ ဖြတ်သန်းသွားလာနေကြသည်မှာ ယာဉ်အန္တရာယ်အား ဖိတ်ခေါ်နေလျက်ရှိသလို မြို့တော်၏ပုံရိပ်ကိုလည်း ထိခိုက်စေပါသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လေးစားလိုက်နာစွာဖြင့် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များ ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။
**မောင်ယဉ်ကျေး**



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆွေးနွေး

**မုံရွာ  ဇန်နဝါရီ  ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါပိုးမွှားများကာကွယ်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခေါန်နောက သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သည့် အခြေအနေများ မဖြစ်ပွားစေရန် ကြိုတင်နေထိုင်သွားရမည့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှင့် ဝန်ထမ်းများက ကျန်းမာရေးဌာနမှ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## တောကောင်ဟင်းလျာများ စားသုံးမှုလျော့နည်းစေရေး ဟောပြောဆွေးနွေး

**မြောင်  ဇန်နဝါရီ  ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ မြောင်မြို့အတွင်းရှိ စားသောက်ဆိုင်များနှင့်လမ်းဘေးတွင်ရှိ စျေးဆိုင်များသို့ သွားရောက်ကာ တောကောင်များ ရောင်းချခြင်းမပြုလုပ်စေရန်အတွက် ဟောပြောဆွေးနွေးမှုကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ ဆိုင်အတွင်း တောကောင် ဟင်းလျာများမရောင်းပါ ပိုစတာများကို ချိတ်ဆွဲပြီး ဆိုင်ရှင်များနှင့် စားသုံးသူများကို ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"အဓိကအားဖြင့် တောကောင်လေးတွေဖြစ်တဲ့ ယုန်၊ မျောက်၊ ကြောင်နဲ့ အခြား သတ္တဝါလေးတွေကို သဘာဝဘေးအန္တရာယ်လည်း ကာကွယ်ပေးရမယ်။ အထူးသဖြင့် စားသုံးသူရှိလို့ ဆိုင်တွေက ရောင်းချပါမယ်။ ရောင်းချသူရှိလို့ တောကောင်သတ္တဝါများ သတ်တဲ့သူရှိပါမယ်။ ဒါ့ကြောင့်သနားစရာ သတ္တဝါတောကောင်လေးများအား ရောင်းချခြင်း စားသောက်ခြင်းနဲ့ သတ်ဖြတ်ခြင်းကို ရှောင်ကြစေလိုပါတယ်"ဟု မြို့နယ်သစ်တောရေးရာဌာနတောအုပ်ဦးအောင်မြင့်မိုးက ဆိုင်ရှင်များနှင့် စားသုံးသူများအား ပြောပြခဲ့ကြောင်း သိရသည်။ တောအုပ်နှင့်အဖွဲ့သည် စျေးဆိုင်များအတွင်း တောကောင်ဟင်းလျာများ ရောင်းချမှု ရှိ မရှိ စစ်ဆေးခြင်းများပြုလုပ်ကာ "တောကောင် ဟင်းလျာမရောင်းပါ"ပိုစတာများကို စားသောက်ဆိုင်များနှင့်လမ်းဘေးဆိုင်များ လူအများထင်သာမြင်သာရှိသည့်နေရာများတွင် ချိတ်ဆွဲမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။
**တင်ကိုကို**

## ၂၀၁၆ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ပံ့ပိုးလိုသူများသို့

၁၈-၃-၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်မည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပံ့ပိုးကူညီလိုသော လုပ်ငန်းရှင်များနှင့် အကယ်ဒမီ ရွေးကြိုများအတွက် အဝတ်အစား၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ်တို့ကို ပံ့ပိုးကူညီလိုသူများသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ပုံစံတောင်းယူပြီး ၁၃-၁-၂၀၁၇ ရက်မှစ၍ ၃၁-၁-၂၀၁၇ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**


★နေမင်းခြကြာ★
ရာထူးဝင်သင်တန်းကြီး
☆PPTT ဝင်ခွင့် (၄/၁၇)
➤ တနင်္ဂနွေ သီးသန့်သင်တန်း ရှိသည်။
➤ တစ်နိုင်ငံလုံးတွင် အကောင်းဆုံးမှတ်စုဖြစ်ကြောင်း အာမခံသည်။
➤ မှတ်စုများလည်း နယ်သို့ပို့ပေးသည်။
➤ ပြည်မြို့တွင်လည်း သင်တန်းဖွင့်ပြီ။
ရုံးစမ်းရန်။ ။ တိုက်(၁၈)၊ ၃ လွှာ၊ ဦးထွန်းလင်းခြံလမ်း၊ အင်းဝစာအုပ်တိုက်အပေါ်ထပ်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Ph: 09 26433 5331, 09 44433 6262, 09 4200 42200


### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ အေးချမ်းလမင်း ဂျပန်စင်တီမီတာပညာဒါနဒီဇိုင်နာသင်တန်းကျောင်း (လိုင်စင်ရ)၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၈)လမ်းမြောက်၊ အမှတ် ၆၂၀နေသူပိုင်ရှင်၏ ဖွင့်လှစ်ထားသည့်သင်တန်းကျောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖွင့်လှစ်ထားသည့်အထက်ဖော်ပြပါသင်တန်းကျောင်း၏ သင်တန်းကျောင်းအား တရားဝင်(လိုင်စင်ရ)ဖွင့်လှစ်ထားသော သင်တန်းကျောင်းဖြစ်ပြီး အဆိုပါသင်တန်းကျောင်းနှင့်ပတ်သက်၍ မည်သည့်တစ်စုံတစ်ဦးတစ်ယောက်ကမျှ ပုတ်ခတ်ပြောဆိုခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ မကောင်းသောသတင်းပြောဆိုခြင်းများမပြုလုပ်၊ မပြောဆိုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့အသိပေးကြေညာထားပါလျက် အဆိုပါသင်တန်းကျောင်းအား ဂုဏ်သရေထိခိုက်နစ်နာအောင်ပြုမူပြောဆိုလာပါက ယခုတည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇောမင်း (စဉ်-၄၆၀၈၅)**
**အထက်တန်းရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သန်လျင်မြို့ (ခုတင်-၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လာရောက်ကုသမှုခံယူသော လူနာများအတွက် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ၊ Oxygen နှင့်ဆေးရုံသုံးပစ္စည်းများ (Consuma-bles)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ပေးမည့် ရက်** - ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့**
**(ခုတင်-၂၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့**
**ဖုန်း-၀၅၆-၂၁၅၁၁ (Ext-၁၂)၊ Fax: ၀၅၆-၂၃၃၂၈**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/4092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/5804 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

# စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သောင်းကျော်နှင့် ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ် ကွင်းရှောင်တောလမ်း၌ ဇန်နဝါရီ ၁၁ ရက်က စိတ်ကြွရူးသွပ်ဆေးပြား ၈၄၀၀၀၊ ဘိန်းဖြူမှုန့် ဆပ်ပြာခွက် ၆၆ ခွက် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု(၂)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကောင်းမှ မရမ်းကျေးရွာဘက်သို့မောင်းနှင်လာသော ဆိုင်ကယ် ရှေ့ခွကြား၌ အထုပ်တစ်ထုပ်ကို တင်ဆောင်၍ စီးနင်းလာရာ မသင်္ကာသဖြင့် စစ်ဆေးရန် တားဆီးစဉ် ဆိုင်ကယ်စီးလာသူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်အား တွန်းလှဲထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ မြစ်ကြီးနားမြို့အဝင်လမ်းဘေးသစ်တောအုပ်အတွင်း ဝင်ရောက်ထွက်ပြေး လွတ်မြောက်သွားပြီး ၎င်းအမျိုးသားနှစ်ဦး စီးလာသော ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူမှုန့်အလေးချိန် ၇၂၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

**မင်းထွန်းဇော်**
**မင်းရာဇာ(မြစ်ကြီးနား)**



# ဘိန်းစာမှုန့်၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ပြစ်မှုကျူးလွန်သူ နှင်းမောင်လင်းနှင့် ခင်ဝင်း တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြိတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၀ ရက်က မြိတ်မြို့ မြိတ်တောင်နယ်မြေ စက်ဝန်းရပ် မြတ်လေးလမ်းမ-၁၅ နေ နှင်းမောင်လင်း၏နေအိမ်ကိုရှာဖွေရာ နှင်းမောင်လင်းနှင့် ၎င်း၏ဖခင် ခင်ဝင်းတို့အားတွေ့ရှိရပြီး ဘိန်းစာမှုန့် ၁၅ ဒသမ ၅၄ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအထွက် မောင်းတံဂိတ်အနီး၌ အိုက်ထွန်းမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် အိုက်ပန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စုစုပေါင်းဘိန်းစိမ်း ၃၃ ကီလို ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အိုရီယမ်တယ်တိုးဂိတ်အနီး၌ အားမာန်ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မချယ်ရီကျော်နှင့် မပြည့်ပြည့်မွန်တို့၏ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်း ရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ထီချလန်များအတုပြုလုပ်၍ ထီဖိုးငွေများအလွဲသုံးစားပြုသူ မြို့နယ်အခွန်ဦးစီးဌာနမှ အကြီးတန်းစာရေးကို အမှုဖွင့်

**မကွေး ဇန်နဝါရီ ၁၂**

မကွေးမြို့ မြို့နယ်အခွန်ဦးစီးဌာနရုံး၏ နိုင်ငံတော်သို့ပေးသွင်းရန် ထီဖိုးငွေများအား ထီချလန်များအတုပြုလုပ်၍ အလွဲသုံးစားပြုခဲ့သော အကြီးတန်းစာရေးကို မြို့နယ်အခွန်ဦးစီးမှူးက ဇန်နဝါရီ ၁၁ ရက်တွင် အမှုနှစ်မှုဖွင့်တိုင်ကြားခဲ့ကြောင်း မကွေးမြို့မ ရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ မြို့နယ်အခွန်ဦးစီးမှူးရုံး၏ ထီဖိုးပေးသွင်းငွေချလန်နှင့်ဘဏ်ရှင်းတမ်းများအား မကွေးမြို့နယ်စာရင်းစစ်ရုံးက စာရင်းစစ်ဆေးခဲ့ရာတွင် အကြီးတန်းစာရေး စိုးခန့်သည် ၂၀၁၆ ခုနှစ် ဧပြီလအတွက် ငွေကျပ် ၁၀၃၇၀၀၀၀၊ ၂၀၁၆ခုနှစ် မေလအတွက် ငွေကျပ် ၁၀၈၈၀၀၀၀၊ ၂၀၁၆ ခုနှစ် ဇွန်လအတွက် ငွေကျပ် ၁၀၈၈၀၀၀၀ တို့ကို ထီချလန်များ အတုပြုလုပ် အလွဲသုံးစားပြုလုပ်ခဲ့မှုကို စစ်ဆေးပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထီချလန်များအတုပြုလုပ်၍ နိုင်ငံတော်သို့ပေးသွင်းရန် ထီဖိုးငွေများအား အလွဲသုံးစားပြုလုပ်သူ စိုးခန့်ကို အရေးယူပေးရန် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ ယင်းနေ့မှာပင် မြို့နယ်အခွန်ဦးစီးမှူး ဦးဇော်ဝင်းက စိုးခန့်သည် ၂၀၁၆ခုနှစ် အောက်တိုဘာလအတွက် ငွေကျပ် ၁၂၇၄၆၀၀၀၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွက် ငွေကျပ် ၁၂၇၄၆၀၀၀၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ငွေကျပ် ၁၂၇၄၆၀၀၀ တို့ကို ထီချလန်များအတုပြုလုပ် အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း ဆက်လက်တိုင်ကြားခဲ့၍ မကွေးမြို့နယ်က အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ခရီးသည်တင်မှန်လုံယာဉ် အင်ဂျင်စက်ခန်းမီးလောင်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ခေါင်းတိုကျေးရွာ မြောင်းမြ-လပွတ္တာကားလမ်း မိုင်တိုင်အမှတ်(၁၃)၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က ရန်ကုန်ဘက်မှ လပွတ္တာဘက်သို့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဦးအောင်ကျော် (၄၉ နှစ်) မောင်းနှင်၍ ခရီးသည် ၅၆ ဦးလိုက်ပါလာသည့် 2M/----"ရွှေမင်းသား" မှန်လုံယာဉ်သည် ကားနောက်ဘက်အင်ဂျင်စက်ခန်းမှ အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မော်တော်ယာဉ်နှင့် ခရီးသည် အချို့၏ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်း ဦးအောင်ကျော်ကို ကြာကန်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နေအိမ်မီးလောင်သဖြင့် အိပ်ပျော်နေသည့် သုံးနှစ်သမီးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တနော်ကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၄ နာရီက ဒေါ်ချိုဝင်း(၄၂ နှစ်) သည် သမီးဖြစ်သူ မအိသဥ္စာချို (၃ နှစ်)နှင့်အတူ အိပ်နေစဉ် မီးထွန်းထားသည့် ဒီဇယ်မီးခွက်မှတစ်ဆင့် ခြင်ထောင်နှင့် ကြမ်းခင်းတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ကာ မီးလောင်မှုကြောင့် မအိသဥ္စာချိုတွင် မီးလောင်ဒဏ်ရာများ ရရှိသေဆုံးသွားသဖြင့် ဒေါ်ချိုဝင်းအား မဲဇလီနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုးမိတ်မြို့ မြို့မ ဈေးဆိုင်ခန်းတစ်ခန်း၌ မီးလောင်မှုဖြစ်

**မိုးမိတ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် မြို့မဈေး၌ ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ပြီး မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မဈေးအတွင်း ဆိုင်အမှတ် (D-12) ရှိ ဒေါ်ခင်မာနွေးဆိုင်ခန်းမှ နိုင်လွန်ဖော့ဖြင့်ပြုလုပ်ထားသော ကလေးသုံး ဖက်လုံးများပေါ်၌ အခြားအဝတ်အထည်များ ထပ်ထားရာမှ အပူလွန်ကဲ၍ မီးခိုးများထွက်လာပြီး အခြားအဝတ်အထည် အနည်းငယ် မီးလောင်ပျက်စီးဆုံးရှုံးသွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူဌေး(မိုးမိတ်)**

# တရားမဝင် ပိတောက်ခွဲသား ၂၃ ချောင်း သိမ်းဆည်းရမိ

**ယင်းမာပင် ဇန်နဝါရီ ၁၂**

ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်း တရားမဝင်သစ်များကို အရှိန်အဟုန်မြှင့် ရှာဖွေဖမ်းဆီးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီက အလောင်းတော်ကဿပ နယ်မြေအနီးရှိ မြေနီတောင်ကျေးရွာ တောစပ်နေရာ၌ တရားမဝင် ပိတောက်ခွဲသား ၂၃ ချောင်း ၂ ဒသမ ၅၅၆ တန် ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်သိမ်းဆည်းရမိသော ပိတောက်ခွဲသား ၂၃ ချောင်း ၂ ဒသမ ၅၅၆ တန်ကို မြေနီတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၏နေအိမ်၌ ယာယီ သယ်ယူထိန်းသိမ်းထားရှိပြီး တာဝန်ရှိသူများက ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာန၌ လုံခြုံစွာသယ်ယူထိန်းသိမ်းနိုင်ရေး ဆက်လက်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**


## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အများစားသုံးရန်လိုအပ်သော ရိက္ခာဆန်(၆၁၁၀)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၁၃-၁-၂၀၁၇ရက်မှ ၁၄-၂-၂၀၁၇ရက်ထိ နေပြည်တော်၊ ရဲတပ်ဖွဲ့မှူးရုံး

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) ၁၀း၀၀နာရီဖြစ်ပါသည်။

၄။ တင်ဒါတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း)နှုန်းဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၅၀၀၁၉၃၊ ၀၆၇-၅၅၀၂၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၄၁၈၊ အလျားပေ ၄၀×အနံပေ ၆၀၊ ဧရိယာ ၀ဒသမ၀၅၅၈ဧက အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၄၂ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အိမ်အမှတ် (၄၁၈) မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံနှင့်အတူ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့သိန်း ၁၂/သဃက(နိုင်)၀၁၃၅၆၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B, A.G.T.I (EP), D.B.L, D.M.L WIPO (SWITZERLAN)**
**တရားလွှတ်တော်ရှေ့နေ (၈၁၀၈)**
**ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး**

**ဦးဇေယျာထွန်း (စဉ်-၂၅၇၈၅)**
**LL.B,WIPO (SWITZERLAND)**

**ဒေါ်ချယ်ရီလှိုင် (စဉ်-၈၈၆၁)**
**LL.B, WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)**
**LL.B, WIPO (SWITZERLAND)**
**အထက်တန်းရှေ့နေများ**

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ပျောက်ဆုံးကြောင်း

ဦးစန်းမောင် ၁/မကတ(နိုင်)၀၇၂၆၇၅ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

**၀၉-၂၆၂၁၇၉၅၉၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8309 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3685 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5471 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/4451 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/3840 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

❖ ကျောဖုံးမှ

ကျောင်းတွေလည်းရှိတယ်ဆိုရင် အဲဒီမှာ ကျွန်တော်တို့အနေနဲ့ နည်းပြသင်တန်းတွေ၊ ဒိုင်သင်တန်းတွေ ဖွင့်ပေးမယ်။ ဘောလုံးတွေထုတ်ပေးမယ်။ ကလေးတွေကို စနစ်တကျသင်တန်းပေးမယ်ဆိုရင် ပိုပြီးတိုးတက်လာမယ်လို့ ယူဆပါတယ်။ ဒါကို ဒီနှစ်ထဲမှာ မြို့နယ်ပေါင်း ၁၀၀ ရွေးချယ်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဖေဖော်ဝါရီလကုန်မှာတော့ တရားဝင်ကြေညာသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွေက ပူးပေါင်းဆောင်ရွက်သွားမှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်'' ဟု ဦးဇော်ဇော်က အားကစားအဖွဲ့ချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးတို့



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံပွဲအပြီး သတင်းထောက်များအား ပြောသည်။

မြန်မာဘောလုံးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ဟူ၍ အပိုင်းနှစ်ပိုင်းရှိကြောင်း၊ မြန်မာဘောလုံးအဖွဲ့ချုပ်အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့မှ နှစ်စဉ် ငွေကျပ်နှစ်သန်း ထောက်ပံ့မှုရရှိသော်လည်း ကျန်သုံးသန်းခွဲကို ရှာဖွေသုံးစွဲနေရကြောင်း၊ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်နှစ်ခုပေါင်း အသုံးစရိတ်မှာ နှစ်စဉ်ငွေကျပ် ဘီလီယံ ၂၀ မှ ၂၂ ဘီလီယံအထိ သုံးစွဲနေရကြောင်း၊ ဘောလုံးကလပ်အသင်းတစ်ခုအနေဖြင့် နှစ်စဉ် ကျပ်သိန်း ၅၀၀၀ သုံးစွဲနေရကြောင်း ဦးဇော်ဇော်က ထပ်လောင်းပြောကြားသည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ နှစ်စဉ်အသုံးစရိတ်မှာ ကျပ် ၁၀ ဘီလီယံ၊ ပြိုင်ပွဲကျင်းပရေးအသုံးစရိတ် ကျပ် သုံးဘီလီယံနှင့် အဖွဲ့ချုပ်အသုံးစရိတ် ကျပ်ခြောက်ဘီလီယံခန့်ရှိကြောင်း သိရသည်။

မြန်မာဘောလုံးလောက ပြန်လည်ဦးမော့လာရေးအတွက် အားကစားကွင်းရှိပြီး ကစားသမားကောင်းများ ထွက်ပေါ်လာနိုင်သည့် မြို့နယ်များတွင် ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းပေးရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း၊ တစ်မြို့နယ်လျှင် ကျပ်သိန်း ၅၀ အကုန်အကျခံကာ ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းထူထောင်ရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များကို စမ်းချောင်းမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲကျော်စွာခန်းမ၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းပို့ချလျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်က ပြည်သူများနှင့် ထိတွေ့၍အကူအညီပေးနိုင်ရေး လက်တွေ့ကွင်းဆင်းကြစဉ်

ကိုကြီးတင်

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းအောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်



၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မလေးရှားနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် ခုနစ်လကျော်လိုသေးသော်လည်း အားကစားနည်းအလိုက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ပြီး မြန်မာယူ-၂၂အမျိုးသားဘောလုံးအသင်းမှာလည်း ယခုလအတွင်းစတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းကို ကစားသမား ၃၇ ဦးဖြင့်ဖွဲ့စည်းထားပြီး ဇန်နဝါရီ ၂၅ ရက်မှစ၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့များတွင် လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် စုစည်းမှုအားကောင်းစေရန် တစ်ပတ်လျှင် တစ်ကြိမ် လေ့ကျင့်ခြင်းဖြစ်ပြီး ဇွန်လတတိယပတ်မှစ၍ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အမာခံထားကာ ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ - ၂၂ အသင်း ပြိုင်ပွဲအကြို ပြင်ဆင်မှုများစွာပြုလုပ်ရန် စီစဉ်ထားပြီး ဆီးဂိမ်းအကြို ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန်လနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းလေးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ကို ဖိတ်ကြားမှုများ ပြုလုပ်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ ၂၀၁၈ အာရှယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ မတိုင်မီ ပြည်ပနိုင်ငံများ၌သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ၌ ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆက်လက်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာယူ- ၂၂ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ပြည့်လျှံအောင်၊ နောက်တန်း - ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ သီဟထက်အောင်၊ သိန်းနိုင်ဦး၊ အောင်မိုးထွေး၊ အောင်ဟိန်းစိုးဦး၊ သောင်လပ်ထျန်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ ရဲရင့်အောင်၊ ဟိန်းနေဆန်း၊ လှိုင်မျိုးအောင်၊ အလယ်တန်း-နေမိုးအောင်၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို၊ ရဲရင့်ထွန်း၊ ရှိုင်းသူရ၊ စည်သူအောင်၊ အောင်မိုးသူ၊ စွမ်းထက်အောင်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ မင်းကျော်ခန့်၊ မောင်မောင်စိုး၊ ရန်ပိုင်စိုး၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ ရှေ့တန်း- အောင်သူ၊ သန်းပိုင်၊ မောင်မောင်လွင်၊ သန်းဇော်ဟိန်း၊ စအောင်ပြည့်ကိုနှင့် ရွှေကိုတို့ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

"အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မှ
စတုတ္ထမြောက် နိုင်ငံအဝှမ်းဆက်သွယ်ရေး Operator လိုင်စင်(GSM) အား
Myanmar National Tele & Communications Co.,Ltd သို့(၁၂-၁-၂၀၁၇)ရက်နေ့တွင်
ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ် အထူးဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် မြို့ပြကျေးလက်နေရာအနှံ့ပြည်သူလူထုအကျိုးကို
ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
MECTEL

**အကယ်ဒမီရွေးကြိုလျှောက်လွှာခေါ်ယူခြင်း**

၂၀၁၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အကယ်ဒမီရွေးကြိုလျှောက်ထားလိုသူ အမျိုးသား/အမျိုးသမီးများသည် ၁၃-၁-၂၀၁၇ ရက်မှစ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။ ၃၁-၁-၂၀၁၇ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်**

ဥက္ကလာဂေါက်ကွင်းသည် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ်ပြုပြင်ထားရှိပြီး အဆင့်မြင့်ဝန်ဆောင်မှုများပေးလျက်ရှိကာ ရန်ကုန်မြို့တွင်းနှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး ဂေါက်သီးရိုက်ဝါသနာရှင်များအနေဖြင့် Night Golf ကစားနိုင်ခြင်းများကြောင့် လာရောက်ကစားသူများပြားလျက်ရှိကာ ဇန်နဝါရီ ၁၀ရက် ညနေ ၅း၅၀ နာရီတွင် ဂေါက်သီးရိုက်ကစားသမား ဦးကောင်းမြတ်အောင်သည် ကျင်းအမှတ်(၁၅)တွင် ဒေါက်တာဖေသက်ဇော်၊ ဦးဌေးဝင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist No.5ဘောလုံးကို Majesty Iron No.5ဖြင့် ၁၉၇ ကိုက် အကွာအဝေးကို ရိုက်ရာတစ်ချက်တည်းကျင်းဝင်(Hole in One)သွားခဲ့သည်။

Hole in One ရရှိသော ကစားသမားကို PINN PINN FAMILY CO.,Ltd. မှ CANDA-125 အမျိုးအစား မော်တော်ဆိုင်ကယ် အသစ်တစ်စီး၊ ဂေါက်ကွင်းသို့ လာရောက်ကစားခဲ့သည့် အဆိုပါကစားသမား၏ မော်တော်ယာဉ်တာယာအရွယ်အစားတူညီသော တာယာအသစ် တစ်လုံးနှင့် တစ်လအတွင်းအခမဲ့ ဂေါက်သီးရိုက်ကစားခွင့် ၁၀ကြိမ်တို့အား ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မုံရွာမြို့နယ်၊ အလုံတပ်မြို့၊ ရွှေစိတ်ကြည်ရပ်၊ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ၊ အလုံ၊ အထက (၁) သတ္တမတန်း (B) မှ မောင်မြတ်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွန်း ၉/ညဥန(နိုင်)၀၀၂၈၂၄ ဖြစ်ပါကြောင်း။

**အမည်မှန်**

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးအုပ်စု၊ ကံစုကျေးရွာနေ ဦးကံဌေး၏သား အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဟန်စိုး ၅/ယမပ(နိုင်)၀၈၂၅၀၅ ဖြစ်ပါကြောင်း။ **မောင်ဟန်စိုး**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွက်ပြင်(၅)၊ ဦးပိုင်အမှတ်(၂/ဆ) ဧရိယာ ၀ဒသမ၇၄ ဧကရှိ ဒေါ်ခင်ခင်စု အမည်ပေါက် ဂရန်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းခိုင် ၉/မခန(နိုင်) ၁၈၂၂၁၃ အမှတ် (C/2-3) ရဲသိပ္ပံတိုက်တန်း(၆၆×၆၇)ကြား၊ လမ်း(၃၀)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေသူမှ ဝယ်ယူပြီးဖြစ်၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုမည်ဖြစ်သောကြောင့် အထက်ဖော်ပြပါ ဂရန်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်စန်းဌေး** | **ဦးအောင်မြတ်သူ** | **ဒေါ်အိအိထွေး** |
| LL.B | LL.B | LL.B(PGDE) |
| (D.I.L) | စဉ်-၄၆၁၉၉ | စဉ်-၄၂၇၂၆ |
| စဉ်-၄၃၂၆၂ | | |

**အထက်တန်းရှေ့နေများ**
အမှတ် ၂၄၀၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့

**ဖခင်အမည်မှန်**

ဂန့်ဂေါမြို့နယ်၊ စိုင်ဒူးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်မျိုးမင်းထွန်းနှင့် ပဉ္စမတန်းမှ မမိုးသူဇာတို့၏ ဖခင်အမည်မှန်မှာ ဦးတာထူး(ခ)ဦးလှမောင် ၈/ဂဂန(နိုင်)၀၁၇၀၁၇ ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၀-၁-၂၀၁၇ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၈)ပါကန့်ကွက်နိုင်ကြောင်းကြေညာခြင်း တရားလွှတ်တော်ရှေ့နေ ဒေါ်သင်းသင်းခိုင်၏ ကြော်ငြာတွင် အကျယ်အဝန်း ပေ( ၁၄×၆၀) အစား ပေ(၁၄×၅၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဖုန်း-၀၉-၅၁၈၇၃၇၂**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တင်မော်အုပ်စု၊ ဘုတ်ဆန်းကုန်းကျေးရွာမှ မောင်တင်ထွေး ၅/ကဘလ(နိုင်)၁၉၇၄၀၀၏ဖခင် ဦးညိုပု ၅/ကဘလ(နိုင်) ၀၁၈၃၃၁နှင့် ဦးညိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးညိုပု(ခ)ဦးညို**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရေရှင်အုပ်စု၊ တရော်ကိုင်းကျေးရွာမှ မအိသန္တာဖြိုး ၅/ကဘလ(နိုင်)၂၀၂၀၉၉၏ ဖခင်အမည်မှန်မှာ ဦးသန်းတိုင်၅/ကဘလ(နိုင်)၀၂၉၄၈၅ ဖြစ်ပါကြောင်း။ **ဦးသန်းတိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/2725, Toyota Landcruiser Prado KZL/S/W(4x4)® ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာလွင် ၁၂/သခန(နိုင်)၀၀၁၀၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**အမည်ပြောင်း**

ဦးသိန်းမောင် ၁/မညန(နိုင်)၀၇၁၅၅၁၏ သား BRAIN WORKS K-12 INTEGRATED SCHOOL PRIMARY-4မှ မောင်ဇင်ဝေယံမောင်အား ယနေ့မှစ၍ မောင်အောင်ဘုန်းပြည့်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဘုန်းပြည့်မောင်**

**အမည်မှန်**

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက နဝမတန်း(C)မှ ဦးဘိုဝင်း၏သား အမည်မှန်မှာ မောင်ရဝေကျော် ဖြစ်ပါကြောင်း။

**မောင်ရဝေကျော်**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

၁၂။ ကော်မတီသည် ဦးစီးဌာန၏ ကနဦး စိစစ်ချက်များအရ တင်ပြချက်ပေါ်မူတည်၍ အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-

(က) သက်သေအထောက်အထားနှင့် အချက်အလက်များသည် လိုအပ်ချက်များရှိသည်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင်တင်ပြရန် ညွှန်ကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးရန် သင့် မသင့်ကို ဆုံးဖြတ်ခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

**စုံစမ်းစစ်ဆေးခြင်း**

၁၃။ ပုဒ်မ ၁၂(ဂ)အရ ဖွဲ့စည်းသောစုံစမ်းစစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်သည့် နေ့မှစ၍ သွင်းကုန်ပမာဏမြင့်တက်မှုနှင့် ယင်းကြောင့် ထိခိုက်နစ်နာမှုတို့နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၁၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှု စတင်မည်ဖြစ်ကြောင်း လျှောက်ထားတင်ပြသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို အကျိုးဝင်ဆက်နွှယ်သူများထံမှလည်းကောင်း၊ ကော်မတီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှလည်းကောင်း တောင်းခံနိုင်သည်။

၁၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွှယ်သူများထံသို့ မေးခွန်းများပေးပို့မေးမြန်းခြင်း၊ အများပြည်သူရှေ့မှောက်ကြားနာခြင်း သို့မဟုတ် အခြားသင့်တော်သောနည်းများဖြင့် ဆောင်ရွက်နိုင်သည်။

**လျှို့ဝှက်သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း**

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လျှို့ဝှက်ထားရမည့် သတင်းအချက်အလက်များအား လျှို့ဝှက်အနေဖြင့် ဆောင်ရွက်ရမည်။

၁၈။ ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်ထားရှိရမည့် အချက်အလက်နှင့် သက်သေအထောက်အထားများကို သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အနေဖြင့် တင်ပြလာသည့် ကိစ္စရပ်တွင် လိုအပ်ပါက လျှို့ဝှက်မဟုတ်သည့် အကျဉ်းချုပ်ပုံစံများကိုပါ တင်ပြရန်နှင့် ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက အကြောင်းအရင်းကို သက်ဆိုင်သူထံ တောင်းခံနိုင်သည်။

၂၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူမှ လျှို့ဝှက်အဖြစ် တင်ပြသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းမရှိလျှင်ဖြစ်စေ၊ လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို လျှို့ဝှက်မဟုတ်သော အကျဉ်းချုပ်ပုံစံဖြင့် အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူမှ ခွင့်ပြုခြင်းမရှိလျှင်ဖြစ်စေ ယင်းအချက်အလက်များကို လျှို့ဝှက်အချက်အလက်အဖြစ် ထည့်သွင်းစဉ်းစားခြင်းမှ ချန်လှပ်ထားနိုင်သည်။

## အခန်း(၇)
## ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှု အခွန်စည်းကြပ်ခြင်း

**ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်း**

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှု ရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါအချက်အလက်များအပါအဝင် ယင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းနှင့် စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်း စိစစ်အကဲဖြတ်ရမည်-

(က) မြင့်တက်လာသည့် သွင်းကုန်၏ ပမာဏနှင့်နှုန်းထား

(ခ) ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင်ရယူခဲ့သော ဝေစု

(ဂ) ရောင်းချမှုအခြေအနေပြောင်းလဲလာမှု

(ဃ) ထုတ်လုပ်မှုအခြေအနေပြောင်းလဲလာမှု

(င) ထုတ်လုပ်နိုင်စွမ်းအခြေအနေပြောင်းလဲလာမှု

(စ) အမြတ်နှင့်အရှုံး အခြေအနေပြောင်းလဲလာမှု

(ဆ) အလုပ်သမားခန့်ထားမှုအခြေအနေပြောင်းလဲလာမှု

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းတို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွှယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေသည် သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်သည်ဟု ဆုံးဖြတ်ရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် မဟုတ်ဘဲ အခြားသော အကြောင်းတစ်ခုခုကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်းကို ထိခိုက်မှု နစ်နာမှု ဖြစ်ပေါ်စေသည်ဟု စိစစ်တွေ့ရှိပါက ယင်းထိခိုက်နစ်နာမှုမျိုးကို သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့်ဟု ဆုံးဖြတ်ခြင်းမပြုရ။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်စည်းကြပ်ခြင်း**

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိခိုက်နစ်နာမှုကို ကနဦးစိစစ်အကဲဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲနိုင်သော အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေသည့် ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီစည်းကြပ်မှုပြုလုပ်ရန် ကော်မတီသို့တင်ပြနိုင်သည်။

၂၅။ (က) ကော်မတီသည် အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ သင့်လျော်သည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို စည်းကြပ်နိုင်သည်။

(ခ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ရာတွင် အများဆုံး ရက်ပေါင်း ၂၀၀ အထိသာ စည်းကြပ်နိုင်သည်။

## အခန်း(၈)
## ကာကွယ်ပေးမှုအစီအမံများဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း

**ကာကွယ်ပေးမှုအစီအမံများ ဆုံးဖြတ်ခြင်း**

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်တွေ့ရှိချက်ကို အကြံပြုချက်များနှင့်အတူ ကော်မတီသို့ ဦးစီးဌာနမှတစ်ဆင့် တင်ပြရမည်။

၂၇။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်း သို့မဟုတ် ပြင်းထန်သော ထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ဖြစ်စေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း တွေ့ရှိပါက ယာယီကာကွယ်ပေးမှုအစီအမံကို ရုပ်စဲရမည်။

၂၈။ ကော်မတီသည် ပုဒ်မ ၂၆ အရ သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်ပွားကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ ကာကွယ်ပေးမှုအစီအမံများအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ စစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် စည်းကြပ်နိုင်သည်-

(က) သတ်မှတ်သည့်နှုန်းထားအတိုင်း ကာကွယ်ပေးမှု အကောက်ခွန်ကို ကောက်ခံခြင်း၊

(ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း ။

၂၉။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများမှ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရန်၊ ကုစားပေးရန်တို့အတွက် လိုအပ်သည့်အတိုင်းအတာအထိသာ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးနိုင်သည်။

**သွင်းကုန်ပမာဏ ကန့်သတ်ခြင်း**

၃၀။ ကော်မတီသည် ပုဒ်မ ၂၉ အရ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးရန် သို့မဟုတ် ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက်တွေ့ရှိပါက သွင်းကုန်ပမာဏကန့်သတ်ရာတွင် စစ်ဆေးခြင်းခံရသည့် ကုန်စည်၏ လွန်ခဲ့သောသုံးနှစ်အတွင်း တင်သွင်းခဲ့သည့် ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသော ကန့်သတ်ပမာဏကို သတ်မှတ်နိုင်သည်။

၃၁။ ကော်မတီသည် သွင်းကုန်ပမာဏကန့်သတ်မည်ဆိုပါက မြန်မာနိုင်ငံသို့ စစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွားအမြောက်အမြားရရှိနေသည့် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရယူရမည်။

၃၂။ ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် အဆိုပါနိုင်ငံများမှ လွန်ခဲ့သော သုံးနှစ်အတွင်း မြန်မာနိုင်ငံသို့ ယင်းကုန်စည်ကို တင်ပို့ရောင်းချခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏အချိုးအပေါ်မူတည်၍ ကန့်သတ်ပမာဏကို ခွဲဝေသတ်မှတ်ရမည်။

၃၃။ စစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးခြင်းမပြုရ-

(က) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့်ပမာဏသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည် သုံးရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲ နိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ကိုးရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။

**ယာယီကာကွယ်ပေးမှုအကောက်ခွန်ပြန်အမ်းခြင်း**

၃၄။ သက်ဆိုင်ရာဌာနသည် ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှုအကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီမှ အောက်ဖော်ပြပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်-

(က) အပြီးသတ်စစ်ဆေးပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှု အကောက်ခွန်သည်စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်ထက် လျော့နည်းပါက ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မ ၂၇ အရ ကာကွယ်ပေးမှု အစီအမံရုပ်စဲသည့် အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှုအကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

## အခန်း(၉)
## အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း

**အသိပေးအကြောင်းကြားခြင်း**

၃၅။ ဦးစီးဌာနသည် ကော်မတီ၏ဆုံးဖြတ်ချက်အရ အသိပေးအကြောင်းကြားမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စုံစမ်းစစ်ဆေးခြင်းမပြုသည့် ဆုံးဖြတ်ချက်ကို တင်ပြလျှောက်ထားသူများနှင့် အကျိုးဝင်ဆက်နွှယ်သူများထံသို့ အကြောင်းကြားခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုစတင်မည့် ဆုံးဖြတ်ချက်ကို သင့်လျော်သော နည်းလမ်းဖြင့် အများပြည်သူသို့ အသိပေးခြင်း၊

(ဂ) ပုဒ်မ ၂၅(က)အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အသိပေးခြင်း၊

(ဃ) ကော်မတီမှ ကာကွယ်ပေးမှုအစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယင်းကုန်စည် တင်ပို့သည့်နိုင်ငံများ၊ အကျိုးဝင်ဆက်နွှယ်သူများနှင့် အများပြည်သူသို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ သင့်လျော်သောနည်းလမ်းဖြင့် အသိပေးအကြောင်းကြားခြင်း၊

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှုအစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကာကွယ်ပေးမှုကော်မတီသို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အကြောင်းကြားပေးပို့ရမည်။

**သတင်းအချက်အလက်တောင်းခံခြင်း**

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့်အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာ နိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်းတစ်ခုခုအရဖြစ်စေ တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှတင်ပို့သူ၊ ထုတ်လုပ်သူနှင့် သက်ဆိုင်ရာနိုင်ငံ၏အစိုးရသည် ပုဒ်မ ၃၇ အရ တောင်းခံမှုနှင့်စပ်လျဉ်း၍ တောင်းခံသည့်ကော်မတီသို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံသံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသောနည်းလမ်း တစ်ခုခုအရဖြစ်စေ အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၁၅ ရက်အတွင်းသို့မဟုတ် ကော်မတီ၏ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ပံ့ပိုးပေးရမည်။

၃၉။ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်အရ လျှို့ဝှက်အချက်အလက်နှင့် သက်သေအထောက်အထားများကို အကျဉ်းချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံလာပါက ယင်းအချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြပေးပို့ရမည်ဖြစ်ပြီး ထိုသို့ပေးပို့နိုင်ခြင်းမရှိပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် တင်ပြရမည်။

## အခန်း(၁၀)
## ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းကျင့်သုံးသည့်ကာလ

၄၀။ ပုဒ်မ ၂၉အရ ကာကွယ်ပေးမှုအစီအမံကျင့်သုံးသည့် ကာလသည် ပြည်တွင်းကုန်စည် ထုတ်လုပ်သည့် လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ရန်၊ ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည်တိုးတက်ရန်အတွက် လိုအပ်သောအချိန်ကာလအထိသာဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှုအစီအမံကျင့်သုံးရာတွင် -

(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး လေးနှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က)ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ်ကျင့်သုံးမည်ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး နှစ်နှစ်ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

၄၂။ ကော်မတီသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏လုပ်ငန်း ပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက်အထားတင်ပြချက်များသည် သင့်လျော်သည်ဟု ယူဆပါက ကာကွယ်ပေးမှုအစီအမံ ကျင့်သုံးသည့်ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့် အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်းမပြုရ။

၄၃။ အောက်ဖော်ပြပါ အခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှုအစီအမံကို အများဆုံးရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက် လျော့နည်းသည့် ကာလအတွင်း ထပ်မံကျင့်သုံးနိုင်သည်-

(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံစတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး တစ်နှစ်အထိ ကျင့်သုံးပြီးနောက် ရုပ်ဆိုင်းသွားသည့်အခြေအနေ၊

(ခ) အစီအမံ စတင်ကျင့်သုံးသည့်နေ့မှ ငါးနှစ်အတွင်း တူညီသည့် ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက်ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

**အစီအမံကို ဖြေလျှော့ခြင်း**

၄၄။ ကော်မတီသည်ပုဒ်မ ၂၉ အရကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက်ကျော်လွန်သည့် ကိစ္စရပ်တွင် ယင်းအစီအမံကျင့်သုံးမှုကို အဆင့်ဆင့် ဖြေလျှော့ သတ်မှတ်နိုင်သည်။

**ပြန်လည်သုံးသပ်ခြင်း**

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့်ပတ်သက်၍ ဆက်လက်ကျင့်သုံးနိုင်ရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ သုံးနှစ်ထက်ကျော်လွန်ကျင့်သုံးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ယင်းသက်တမ်း တစ်ဝက်ထက် နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက်ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရုပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

**ခွဲခြားဆက်ဆံခြင်းမရှိသော ကာကွယ်ပေးမှုအစီအမံ စည်းကြပ်ခြင်း**

၄၆။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်မှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများအချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်းကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက်မှုရှိစေရမည်။

*ဆက်လက်ဖော်ပြပါမည်*

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၁)

# “ညွှန်ကြားချက်များရှိပြီးသား”



ဦးဟန်ညွန့်(ဥပဒေ)

**လက်စွဲတွေကရှိပြီးသား**

“တရားသူကြီးများအတွက် တရားရုံးများလက်စွဲ၊ ဥပဒေအရာရှိများအတွက် ဥပဒေရုံးလက်စွဲ၊ ရဲအရာရှိများအတွက် ရဲလက်စွဲ ရှိပြီးသားတွေပဲ။ အသစ်ပြန်ရေးနေဖို့ပင်မလိုအပ်။ ခိုင်ခိုင်မာမာ ရှိပြီးသားပါ။ ရှေ့နေဆိုလျှင် ရှေ့နေကျင့်ဝတ်၊ ဆရာဝန်ဆိုလျှင် ဆရာဝန်ကျင့်ဝတ်၊ သက်ဆိုင်ရာ တည်ဆဲဥပဒေတွေကလည်း ပြဋ္ဌာန်းပြီးသား။ ပြဋ္ဌာန်းပြီးသား၊ ရှိပြီးသားလက်စွဲတွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို မေ့နေကြလေရော့သလား။ ကြီးကြပ်ရမည့်၊ ကွပ်ကဲရမည့်၊ ပုံမှန်စစ်ဆေးရမည့်အထက်အကြီးအကဲတွေ၊ အုပ်ချုပ်သူတွေ၊ တာဝန်ရှိသူတွေက တစ်နှစ်တစ်ကြိမ် [ ပုံမှန်ဖြစ်စေ၊ အထူးဖြစ်စေ ]မစစ်ဆေးကြဘူးလား။ မကြီးကြပ်ကြဘူးလား။ စစ်ဆေးဇယား (Check List) မထားကြဘူးလား။ ဘာများမှားနေပါလိမ့်။

စစ်ဆေးတွေ့ရှိချက်၊ အရေးယူဆောင်ရွက်ချက်တွေ မကြေညာဘူးလား။ ပြည်သူသိအောင် မထုတ်ပြန်ဘူးလား။ အလုပ်မလုပ်ကြဘူးလား။ တာဝန်ရှိသူတွေက ဘာမှမလုပ်၍၊ လက်ပိုက်ကြည့်နေ၍ (မထူးခြား၍) တရားရုံးတွေကို **စောင့်ကြည့်အဖွဲ့ထားပြီး ကြီးကြပ်သင့်ပြီ**ဟု အသံထွက်လာခြင်းလားဟု အနှစ်ငါးဆယ်ကျော်အတွေ့အကြုံရှိသည့် ဥပဒေပညာရှင်ကြီးတစ်ဦးက စာရေးသူအား မေးသည်။ မည်သို့ဖြေဆိုသင့်ပါသလဲခင်ဗျား။

**[၆-၁-၂၀၁၇ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၁၆]**မှာ ကျွန်တော်ရေးခဲ့သည်ပါ။

**တယ်လီဖုန်းသံတညံညံ**

အထက်ပါဆောင်းပါး (ဖြူစင်သန့်ရှင်းသောစိတ်ထား) ပါရှိပြီးနောက် ကျွန်တော့်ထံသို့ တယ်လီဖုန်းသံတွေ တညံညံ။ အသံမစဲ၊ ဝေဖန်မြဲတွေများလှပေသည်။ အဓိကကျသော ဝေဖန်ချက်၊ အကြံပြုချက်၊ ခံစားချက်များ(အချို့)ကို ပြန်လည်ကောက်နုတ်တင်ပြပါရစေ။ အဖြေရှာကြည့်ကြပါစို့။

**လွတ်လပ်စွာတရားစီရင်ရေးပါ**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃ ကို အဓိကရည်ညွှန်းပါသည်။ လွတ်လပ်စွာတရားစီရင်ရေးဟု ဖော်ပြထားပါသည်။ တရားစီရင်ရေးဆိုင်ရာမူများထဲမှ အဓိကအချက် [ပုဒ်မ ၃ (က)] ဖြစ်ပါသည်။ တရားစီရင်ရေးဟူသည် လွတ်လပ်ရပါမည်။ မည်သူတစ်ဦးတစ်ယောက်ကမှ အမိန့်ပေး၍မရ၊ ဖိနှိပ်၍မရ၊ စောင့်ကြည့်စစ်ဆေး၍မရ၊ ဘယ်အဖွဲ့အစည်းကမှ ဝင်စွက်၍မရပါဟု တရားသူကြီးတစ်ဦးက ဝေဖန်ထောက်ပြသည်။ သူ့ဝေဖန်ထောက်ပြချက်မမှားပါ။ သို့သော်၊ လွတ်လပ်စွာတရားစီရင်ရေး၏စာသားရှေ့တွင် **“ဥပဒေနှင့်အညီ”** ဟူသောစကားလုံးပါသေးသည်။ အဆိုပါ တရားသူကြီးမေ့သွားဟန်တူပါသည်။ တရားစီရင်ရေးဆိုင်ရာမူများ (က)မှ (ဆ)အထိ စုစုပေါင်း အချက် (၇)ချက်ရှိသော်လည်း၊ အပိုဒ်(က)ကိုသာ တင်ပြသွားသည်။ ကျန်အချက် (၆) ချက် ထောက်ပြမသွားပါ။ မလိုသေး၍ဖြစ်မှာပါ။ ပညာရှိတရားသူကြီးပေပဲ။

**စောင့်ကြည့်အဖွဲ့ကပို၍ကဲ**

“စောင့်ကြည့်အဖွဲ့ထားကာမှ ပို၍ကဲမည်။ ပို၍ဆိုးမည်။ အဲဒီအဖွဲ့ကရော မည်မျှတရားမှာလဲ။ မည်မျှတိကျမှာလဲ။ ဘယ်အဖွဲ့အစည်းကလဲ။ ဘာဥပဒေအရလဲ။ ဘာအာဏာအရလဲ။ ဘယ်လိုကြီးကြပ်မှာလဲ။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိရဘူးလေ။ ဘယ်လိုဖြစ်ကြတာလဲ။ နိုင်ငံတကာမှာရော ဒီလိုစောင့်ကြည့်အဖွဲ့ထားသလား။ စဉ်းစဉ်းစားစားလုပ်ကြပါဗျာ” ဟု အမည်မဖော်လိုသူတစ်ဦးက ခပ်ထန်ထန်နှင့် တယ်လီဖုန်းထဲက ဝေဖန်သွားပြန်ပါသည်။ **“ကျွန်တော်က တရားသူကြီးမဟုတ်ဘူးနော်”** ဟု တယ်လီဖုန်းမချမီ အသိပေးသွားသေးသည်။ စဉ်းစားသင့်ပါသည်။

**စီမံခန့်ခွဲရေးကော်မတီရှိပါသည်**

နောက်တစ်ဦးကတော့ တရားရေးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ “ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းထားရှိကြောင်း၊ စိစစ်ပြန်ကြားရေးအဖွဲ့လည်း ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ညွှန်ကြားချက်များလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားပါကြောင်း၊ အဆိုပါ ညွှန်ကြားချက်စာအုပ် (ပထမတွဲ+ဒုတိယတွဲ)များကို ဝန်ထမ်းတစ်ဦးနှင့် အိမ်တိုင်ရာရောက် ပို့လိုက်ပါကြောင်း” ဟု ဖုန်းဆက်ပြောရုံသာမက ရည်ညွှန်းစာအုပ်များပါ ပေးပို့၍ လက်ခံရရှိပါသည်။ ဆောင်းပါးရေးရင် ရည်ညွှန်းကိုးကားဖို့ပါဟုလည်း မှာကြားသည်။

**အမိန့်ကြော်ငြာစာအမှတ် ၁၀၂/ ၂၀၁၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အမိန့်ကြော်ငြာစာအမှတ် ၁၀၂/ ၂၀၁၅ မှာ- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတစ်ဝန်းလုံးရှိ တရားလွှတ်တော်များ၊ တရားလွှတ်တော်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ လုပ်ငန်းများနှင့်တာဝန်များကို စနစ်တကျနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်လည်းကောင်း၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျစီမံကွပ်ကဲ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီကို ပြည်ထောင်စုတရားသူကြီးချုပ် (ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၆) ဦးက အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်များ၊ ရုံးအဖွဲ့မှူးက **အတွင်းရေးမှူး** အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။

**ပြဋ္ဌာန်းပြီးသား၊ ရှိပြီးသားလက်စွဲတွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို မေ့နေကြလေရော့သလား။ ကြီးကြပ်ရမည့်၊ ကွပ်ကဲရမည့်၊ ပုံမှန်စစ်ဆေးရမည့်အထက်အကြီးအကဲတွေ၊ အုပ်ချုပ်သူတွေ၊ တာဝန်ရှိသူတွေက တစ်နှစ်တစ်ကြိမ် [ပုံမှန်ဖြစ်စေ၊ အထူးဖြစ်စေ] မစစ်ဆေးကြဘူးလား။**

**ဆောင်ရွက်ရန်**

စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) တရားလွှတ်တော်များ၊ တရားလွှတ်တော်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်လည်းကောင်း၊ ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ၊ မရှိစိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်

(ခ) တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိဝန်ထမ်းအဖွဲ့အစည်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့်သတ်မှတ်ထားသော တာဝန်များအတိုင်း တိကျစွာဆောင်ရွက်ခြင်းရှိ၊ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်

(ဂ) တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးရုံးများနှင့် တရားရုံးတစ်ရုံးစီ၏လုပ်ငန်းပမာဏကို လေ့လာဆန်းစစ်၍ လုပ်ငန်းပမာဏနှင့် လျော်ညီသော ဝန်ထမ်းအင်အား တစ်နိုင်ငံလုံး၏ ဖွဲ့စည်းပုံအင်အားဘောင်အတွင်းမှ ထားရှိရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်

(ဃ) လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ အရည်အသွေးတိုးတက်လာရေးအတွက် လုပ်ငန်းခွင်သင်ကြားရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များကို လည်းကောင်း၊ တရားစီရင်ရေးကဏ္ဍတွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝစေရန် ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ရေး၊ သုတေသနပြုရေးကိစ္စများအတွက် အစီအစဉ်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ရန်

(င) နိုင်ငံတော်အပေါ် ဝန်ထမ်းများထားရှိရမည့် သဘောထားခံယူချက်မှန်ကန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်

(စ) တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ကြီးကြပ် ကွပ်ကဲလမ်းညွှန်ရန်

(ဆ) ဝန်ထမ်းများ နေထိုင်စားသောက်ရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို အစီအစဉ်များချမှတ်၍ စနစ်တကျစီမံကွပ်ကဲဆောင်ရွက်ရန်

(ဇ) လာဘ်ပေးလာဘ်ယူတားဆီးရေးနှင့် ဖော်ထုတ်ရေးအရေးယူရေးအတွက် စီမံချက်များရေးဆွဲ၍ စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်မှုအခြေအနေများကိုစိစစ်ကြပ်မတ်၍ လိုအပ်သည်များကိုညွှန်ကြားရန်

(ဈ) တရားစီရင်ရေးလုပ်ငန်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်မည့်စနစ်နှင့် နည်းပညာများအသုံးပြုနိုင်ရေးအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ရန်

(ည) နိုင်ငံတော်သို့ အဆိုပြုတင်ပြတောင်းခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စိစစ်ပြီးလမ်းညွှန်မှုပြုလုပ်ရန်

(ဋ) နိုင်ငံတော်၏ရသုံးမှန်းခြေငွေစာရင်း၊ ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံသုံးစွဲခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်

(ဌ) နိုင်ငံတော်ဘဏ္ဍာငွေများ ခြိုးခြံချွေတာသုံးစွဲမှုကို ရှေးရှု၍ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များ၊ တရားလွှတ်တော်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ငွေကြေးသုံးစွဲမှုများကို တိကျစွာ စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ခြိုးခြံချွေတာစွာသုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်

**စုံလင်လှသောညွှန်ကြားချက်**

အထက်ပါညွှန်ကြားချက် (**အမိန့်ကြော်ငြာစာ အမှတ် ၁၀၂/၂၀၁၅**)သည် အတော်စုံလင်လှသော ညွှန်ကြားချက်ဖြစ်ပါပေသည်။ လာဘ်ပေးလာဘ်ယူ တားဆီးရေးကိစ္စမှစ၍ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များအပါအဝင် ပြည့်စုံလှသည်။ ညွှန်ကြားချက်နှင့်အညီ တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဖို့သာ လိုတော့သည်။ လိုက်နာရမည့် တာဝန်ရှိသူတွေကလည်း တိတိကျကျ လိုက်နာဆောင်ရွက်ကြလျှင် အပြန်အလှန် တာဝန်ကျေကြပေမည်။ တရားစီရင်ရေးကိစ္စရပ်များ(အနည်းငယ်ချို့ယွင်းချက်များမှအပ)ဆိုစရာမရှိ။ အပြစ်တင်ဖွယ်ရာမရှိ။ ပကတိဖြူစင်သန့်ရှင်းမည်မှာ သေချာသည်။ ဘာလိုသေးသလဲခင်ဗျား။

**ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင်**

**“ကိုယ်သာလျှင်ကိုယ့်ဘဝပဲ့ကိုင်ဖြစ်သည်”**ဟူသော ဆိုရိုးစကားထင်ရှားလှသည်။ မိမိကိုယ်မိမိတာဝန်ယူမည်။ တာဝန်ခံသည်။ ဖြူစင်သည်။ ရိုးသားသည်။ အားလုံး(အလုံးစုံ)ပြည့်စုံခြင်းမျိုးတော့ မရှိနိုင်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်ကြဖို့သာ အရေးကြီးသည်။ ဝိုင်းထိန်းကြမှ တော်ကာကျမည်။ ထိန်းသိမ်းနိုင်ကြပါမည်လား။ တာဝန်ယူနိုင်ကြပါမည်လား။

**စေတနာ**

(၁) စောင့်ကြည့်အဖွဲ့တွေ ရှိသင့်ပါသလား။

(၂) တရားသူကြီးများ၊ တာဝန်ရှိသူများကိုယ်တိုင် မိမိကိုယ်မိမိစောင့်ကြည့်ခြင်းသည်သာ အလုံခြုံဆုံးဖြစ်မည်မဟုတ်လား။ ညွှန်ကြားချက်များ ဘယ်သွားထား။

(၃) ကိုယ့်အပြစ်ကိုယ်မမြင်တတ်သော၊ မပြင်တတ်သော၊ လူ့သဘာဝကို စဉ်းစားမိသည့်ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ---။



## မြိတ်မြို့နယ်၌ ပွင့်လင်းရာသီ အုတ်ဈေးကွက် အမြင့်ဈေးဖြင့်စဖွင့်

**မြိတ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အုတ်ရောင်းဝယ်ရေးလုပ်ငန်းအတွင်း ပွင့်လင်းရာသီ အုတ်လုပ်ငန်း အဖွင့်ဈေးနှုန်းမှာ စံချိန်တင်ဈေးနှုန်းအမြင့်ဖြင့် စတင်ခဲ့သဖြင့် ယခင်နှစ်ထက် အုတ်ဈေးမြင့်တက်ခဲ့ကြောင်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများ၊ အုတ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ယမန်နှစ်ဒေသအတွင်း အုတ်ဈေးနှုန်းမှာ ကွင်းဈေးနှုန်း တစ်လုံးလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၅၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၇၀အထိ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် အုတ်တစ်လုံးလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၇၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၉၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ မြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ များပြားလာမှုကြောင့် အုတ်အလုံး ၁၀၀၀ လျှင် ငွေကျပ် ၉၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ထိုသို့အုတ်ဈေးနှုန်းမြင့်တက်လာခြင်းမှာ အုတ်ဖုတ်လုပ်ငန်းတွင် အသုံးပြုသော ထင်းဝယ်ယူရန် ရှားပါးလာခြင်း၊ ထင်းအစားထိုး အသုံးပြုသည့် စပါးခွံဈေး၊ ရော်ဘာထင်းဈေးမြင့်တက်လာခြင်း၊ မြို့နယ်အတွင်းတွင် လမ်းတံတားတည်ဆောက်ခြင်း၊ စက်မှုဇုန်စီမံကိန်းများ၊ တိုးချဲ့အိမ်ရာစီမံကိန်းများနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းများ များပြားလာသဖြင့် အုတ်လိုအပ်ချက်မြင့်တက်လာခြင်း၊ အုတ်ဖုတ်လုပ်သားရှားပါးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း ရှစ်ပေါက်အုတ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ကိုငြိမ်းသူ၏ ပြောပြချက်အရ သိရသည်။ မြို့နယ်ရှိ အုတ်တွင်းလုပ်ငန်းများ တွင်ကျယ်လာသည်နှင့်အမျှ လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများ၏ လုပ်အားခနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုရရှိလာကြရာ အုတ်ပေါက်၊ အုတ်ရိုက်လုပ်အားခမှာ လုပ်သားတစ်ဦးလျှင် အခြေခံမှ ကျွမ်းကျင်လုပ်သားအထိ တစ်နေ့ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ကျော်အထိ ရရှိလာကြောင်း အုတ်ဖုတ်လုပ်သားများ၏ ပြောပြချက်အရ သိရသည်။ မြိတ်မြို့နယ်၌ အုတ်ဖုတ်လုပ်ငန်း ၇၀ ကျော်ရှိသည့်အနက် ကလွင်ရွာသစ်၊ ရွှေဘေး၊ ကဘင်း၊ သဘွတ်၊ ပင်းအို၊ ရွှေဒူး၊ သာရမဲ၊ အင်္ဂမော်၊ သက္ကထီး၊ ကန်သာယာ၊ မဇောဒေသတို့တွင် အုတ်ဖုတ်လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# ကျောက်တစ်လုံးလျှပ်စစ်မြစ်ရေတင်မှ နွေသီးနှံများ ရေပေးဝေနိုင်ရန် ပြုပြင်မှုများဆောင်ရွက်နေ

**ငါန်းဇွန် ဇန်နဝါရီ ၁၂**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် မိုးသီးနှံအပြီး နွေသီးနှံများ ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေနိုင်ရန် ကျောက်တစ်လုံးလျှပ်စစ်မြစ်ရေတင်၌ လိုအပ်သော ပြုပြင်မှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်တစ်လုံးလျှပ်စစ်မြစ်ရေတင်သည် ငါန်းဇွန်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပါသော မြစ်ရေတင်ဖြစ်ပြီး ယခု ပြုပြင်မှုများ ဆောင်ရွက်နေရာတွင် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရေတင်စက်များ၊ လျှပ်စစ်ပိုင်းဆိုင်ရာများကို ပြုပြင်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ရေပေးဝေရာတွင် ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ကျောက်ကြီးလိုင်နင်စီခြင်း၊ ရေထုတ်ပေါက်များပြုပြင်ခြင်း၊ ရေတံခါးများ ပြုပြင်ခြင်းနှင့် ရေပေး အဆောက်အအုံ ပြုပြင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ရေတင်လုပ်ငန်းများ လည်ပတ်နိုင်စေရေးအတွက် အဓိကဖြစ်သည့် စက်မှု၊ လျှပ်စစ်နှင့် မြို့ပြပိုင်းဆိုင်ရာလုပ်ငန်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှသာလျှင် ရေပေးဝေရေးလုပ်ငန်းများကို ရေရှည်လည်ပတ် လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းက ပြောကြားသည်။

ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျောက်တစ်လုံး၊ ကံရွာ၊ ထမင်းဆိုင်၊ ဘုရားထူးရွာသစ်၊ ထန်းဇင်လှ၊ ရွာလှကုန်း စသည့် ကျေးရွာများအတွက် စိုက်ပျိုးရေများ ပေးဝေရုံသာမက သောက်သုံးရေအတွက်လည်း အကျိုးပြုနေသော မြစ်ရေတင်လုပ်ငန်းကြီးဖြစ်ကာ ယခုနှစ် မိုးသီးနှံရာသီတွင် စပါး ၅၁၆ ဧကနှင့် အခြားသီးနှံ ၈၇ ဧက စုစုပေါင်း ၆၀၃ ဧကအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



ကျောက်တစ်လုံးလျှပ်စစ်မြစ်ရေတင်၏ ကောင်းကင်ဓာတ်ပုံမြင်ကွင်း

# ရခိုင်ယူနိုက်တက်၏ အိမ်ကွင်းဖြစ်သည့် ဝေသာလီဘောလုံးကွင်း ဖွင့်ပွဲကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၁၂**
၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်(Rakhine United)ဘောလုံးအသင်း၏ အိမ်ကွင်းအဖြစ် အသုံးပြုမည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝေသာလီဘောလုံးကွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေသာလီဘောလုံးကွင်း ဖွင့်ပွဲအဖြစ် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီမှစ၍ နိုင်ငံကျော် သရုပ်ဆောင်နှင့် အဆိုတော်များဖြစ်သည့် သူထူးစံ၊ နေထက်လင်း၊ ထူးအယ်လင်း၊ ခိုင်နှင်းဝေ၊ စန္ဒီမြင့်လွင်၊ ချစ်စနိုးဦး တို့နှင့် အတူ ရခိုင်အဆိုတော်များဖြစ်သည့် ဝင်းကိုခိုင်၊ မြတ်ခိုင်ကျော်၊ ဝတီစိုးမိုး၊ စောနှင်းနွယ် စသူတို့က ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ထို့နောက် ကွင်းဖွင့်ပွဲအခမ်းအနားကို ညနေ ၃ နာရီအချိန်တွင် ကျင်းပပြီး ကွင်းသစ်ကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရခိုင်ယူနိုက်တက် ဘောလုံးအသင်းပိုင်ရှင် ဦးဇော်မင်းသိန်း၏ ပြောကြားချက်အရ သိရသည်။ ကွင်းဖွင့်ပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်း၏ ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁) အဖြစ် ဆောက်သမ်းမြန်မာအသင်းနှင့်ပွဲကို အိမ်ကွင်းအဖွင့် ပွဲစဉ်အဖြစ် လက်ခံကစားသွားမည်ဖြစ်ကြောင်း သိရ သည်။ **(ပြည်နယ် ပြန်/ဆက်)**



ဝေသာလီဘောလုံးကွင်းအတွင်း ရခိုင်ယူနိုက်တက်ကစားသမားများ လေ့ကျင့်နေစဉ်။

# သမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**ဖရူဆို ဇန်နဝါရီ ၁၂**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်အတွင်းရှိ အခြေခံ သမဝါယမအသင်း ၃၆ သင်းအား မြို့နယ် သမဝါယမအသင်းစုမှ China Exim Bank မှ ရရှိသော စိုက်ပျိုးရေးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ဖရူဆိုမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

စိုက်ပျိုးရေးစရိတ်ချေးငွေ ပေးအပ်ပွဲတွင် ဖရူဆိုမြို့နယ် သမဝါယမဦးစီးဌာနမှူး ဒေါ်ဆေရာဖီးနာက ချေးငွေထုတ်ပေးခြင်းအကြောင်းနှင့် ချေးငွေဆိုင်ရာ စည်းကမ်းချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလွိုးဇီက မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ China Exim Bank မှ စိုက်ပျိုးရေးစရိတ်ချေးငွေ ကျပ် ၁၈၀၂ ဒသမ ၃၂ သိန်းကို ပေးအပ်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးစရိတ်ချေးငွေများကို အခြေခံသမဝါယမအသင်း ၃၆ သင်းသို့ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခြင်းဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသတွင်းမှ သမဝါယမအသင်းသား တောင်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)အုပ်ချုပ်ရေး ဥပဒေသကအဖွဲ့သစ်ဖြင့် ဆက်လက်ဆောင်ရွက်မည်

**မန္တလေး ဇန်နဝါရီ ၁၂**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၂)လမ်းနှင့် (၁၄)လမ်းထောင့်ရှိ ဇီဝိတဒါနသံဃာ့အထူးကုဆေးရုံကြီးတွင် ဆေးရုံအုပ်ချုပ်ရေး ဥပဒေသကအဖွဲ့သစ်၏ ဥက္ကဋ္ဌ ဦးခင်မောင်လှ (သုဓမ္မမဏိဇောတဓရ) ဦးဆောင်သည့် အမှုဆောင်အဖွဲ့နှင့် ဆေးရုံတွင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများ တွေ့ဆုံမိတ်ဆက်ပွဲကို ဇန်နဝါရီ ၁၀ ရက်က အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ဥပဒေသကအဖွဲ့၏ဥက္ကဋ္ဌ ဦးခင်မောင်လှက မိမိတို့အနေဖြင့် ဆေးရုံကြီးကို စတင်ထူထောင်ခဲ့သည့် မင်းကွန်းတိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ချမှတ်ခဲ့သည့် မူဝါဒအတိုင်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဥပဒေသကအဖွဲ့ဝင်များက ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပုသိမ်ကြီးမြို့ အောင်မင်္ဂလာ(၁)ရပ်နေ ဒေါ်ကြူကြူကထိက(ငြိမ်း) အရှေ့တိုင်းပညာဌာနက အသက်(၈၅)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀ သိန်းကို ဥပဒေသကအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

သံဃာတော်များ ဝိနည်းတော်နှင့်အညီ ဆေးဝါးကုသမှု ခံယူနိုင်ရန်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ပညာသင်ကြားနေသော ရဟန်း သံဃာတော်များ၏ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)ကို မင်းကွန်းတိပိဋကဆရာတော်ကြီးက စတင်တည်ထောင်ခဲ့ကာ ၁၉၈၆ ခုနှစ်တွင် ပြင်ပလူနာဌာန၊ ၁၉၉၀ ခုနှစ်တွင် ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် ၁၉၉၁ ခုနှစ်တွင် ခုတင် ၄၀ ဆံ့ဆေးရုံအဖြစ် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**



# ဆွာချောင်းရေလှောင်တမံမှ ဆည်ရေစတင်လွှတ်ပေး ပဲစိုက်တောင်သူများ ရေမဝင်အောင် ဂရုပြုရန်လို



**ရေတာရှည် ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆွာချောင်းရေလှောင်တမံမှ ရေများ စတင်လွှတ်ပေးနေပြီဖြစ်ရာ ပဲစိုက်ပျိုးသည့်တောင်သူများအနေဖြင့် စိုက်ခင်းများအတွင်းသို့ ရေမဝင်နိုင်အောင် ဂရုပြုကြရန် လိုအပ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"စိုက်ပျိုးရေကို မရပြန်တော့လည်း တောင်သူတွေက ပြဿနာရှာတယ်။ ရေရပြန်တော့လည်း ပဲစိုက်ခင်းတွေထဲ ရေဝင်လို့ဆိုပြီး ပြောကြပြန်တယ်။ အမှန်တကယ်ဆိုရင် ရေလွှတ်တဲ့မြေတွေမှာပဲ ပဲကို စိုက်ပျိုးသင့်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေစပါး စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေးနှင့် ရေအလေအလွင့် နည်းပါးရေးအတွက် ယခုနှစ်တွင် ရေပေးလက်တံမြောင်းများ၊ ရေတံခါးများ၊ ရေနုတ်မြောင်းများကို ပြုပြင်ပေးခဲ့ရာ အားလုံးနီးပါး ပြုပြင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်မှ ဒေသခံ တောင်သူတစ်ဦးက ယခုနှစ်တွင် ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမည့် ဧကနှစ်သောင်းကျော်ရှိကာ ပဲစိုက်ခင်းမြေများမှာလည်း နေရာအနှံ့အပြားတွင်ရှိနေ၍ တောင်သူများအနေဖြင့် မိမိတို့၏ ပဲစိုက်ခင်းများအတွင်းသို့ ရေမဝင်နိုင်အောင် ကန်သင်းရိုးများကို ကောင်းစွာ ပြုလုပ်ထားသင့်ကြောင်း ပြောသည်။

ရေတာရှည်မြို့နယ်၌ တောင်သူများ၏ အကျိုးစီးပွား တိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် မြို့နယ် သမဝါယမ ဦးစီးဌာန၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း ဌာနဆိုင်ရာများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# စပါးအသင်းအောင်မြင်မှုနဲ့ ဆက်စပ်နေတဲ့ ဒါလီအလီ စွမ်းဆောင်မှု



စပါးအသင်းရဲ့အသက် ၂၀ သာ ရှိသေးတဲ့ ကွင်းလယ်ကစားသမား ဒါလီအလီ။ လက်ရှိ ပရီမီယာလိဂ်ရဲ့ အလားအလာအရှိဆုံး ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသူလည်း ဖြစ်တယ်။ ဒီနှစ်ရာသီမှာ သူ့ရဲ့ခြေစွမ်းတွေက ထိပ်တန်းအသင်းတိုင်းက စိတ်ဝင်တစားနဲ့ စောင့်ကြည့်ရတဲ့ အခြေအနေအထိ ရောက်နေခဲ့သူလည်း ဖြစ်တယ်။ ဒါကြောင့်လည်း ဘောလုံးပညာရှင်တွေကတော့ သူ့ကိုပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ရောက်ရှိလာနိုင်သူလို့တောင် ဟောကိန်းတွေ ထုတ်ထား ခဲ့ကြပါတယ်။

**အလီရဲ့ ယခုနှစ်စွမ်းဆောင်မှု**

ဒီနှစ် ပရီမီယာလိဂ်ကို ကြည့်မယ်ဆိုရင်လည်း အလီရဲ့ စွမ်းဆောင်မှုကတော့ အံ့မခန်းလို့ပြောရမယ်။ အသင်းနဲ့အတူ ပရီမီယာလိဂ် ၁၉ ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူပေးထားခဲ့တယ်။ ဒီသွင်းဂိုးဟာ ပြီးခဲ့တဲ့ရာသီက တစ်ရာသီလုံးကစားခဲ့ပြီး သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ တူညီတယ်လို့ပြောရမယ်။ အလီဟာ စပါးအသင်းမှာ ကစားတာဟာ ဒီနှစ်အပါအဝင်ဆိုရင် နှစ်ရာသီသာ ရှိနေသေးပေမယ့် လက်ရှိအချိန်မှာ ပရီမီယာလိဂ် ၅၂ ပွဲမှာ ဂိုး ၂၀ အထိ သွင်းယူနိုင်နေတဲ့ ကစားသမားတစ်ဦးဖြစ်တယ်။ ဒါကို ကြည့်တာနဲ့တင် သူဟာ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်ရဲ့အကောင်းဆုံးကွင်းလယ် ကစားသမားတစ်ဦးအဖြစ် ရှိနေတာကတော့ ငြင်းပယ်လို့မရဘူး။

ကွင်းလယ်ကစားသမားအလီဟာ စပါးအသင်းနဲ့အတူ ပရီမီယာလိဂ် သွင်းဂိုး ၁၀ ဂိုးသွင်းယူပေးထားပြီး နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် သုံးပွဲဖြစ်တဲ့ ဆောက်သမ်တန်၊ ဝက်ဖို့ဒ်နဲ့ ချယ်လ်ဆီးအသင်းတို့နဲ့ ပွဲတွေမှာတော့ နှစ်ဂိုးစီ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးအသင်းနဲ့ပွဲမှာ ဂိုးယူခဲ့တဲ့ ဂိုးတွေကတော့ အကောင်းဆုံးလို့တောင် ပြောရမှာဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာ ရှိနေခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ စပါးလူငယ် ကစားသမား အလီရဲ့ဂိုးတွေနဲ့ အတူ နိုင်ပွဲတွေ ရပ်တန့်ခဲ့ရတာလည်း ဖြစ် ပါ တယ်။ အဲ့ဒီ ရလဒ် ကြောင့်လည်း စပါး အသင်းဟာ ပရီမီယာ လိဂ်ရဲ့ အမှတ်ပေးဇယား အဆင့် (၃) နေရာကို တောင် တက်လှမ်းလာ နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**စပါးအောင်မြင်မှုနဲ့ ဆက်စပ်နေတဲ့ အလီ**

ဒါကြောင့်လည်း ဒီနှစ်စပါးအသင်းရဲ့အောင်မြင်တွေဟာ အလီရဲ့စွမ်းဆောင်မှုတွေနဲ့ ဆက်စပ်နေတယ် ဆိုတာကတော့ အသေအချာဖြစ်ပါတယ်။ အလီဟာ စပါးအသင်းကို ၂၀၁၅ ခုနှစ်က လိဂ်ချန်ပီယံရှစ်ကလပ် မီလ်တန်အသင်းကနေ ပြောင်းရွှေ့လာခဲ့တဲ့သူဖြစ်ပါတယ်။ သူဟာအသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း မန်နေဂျာပိုချက်တီနိုရဲ့နှစ်သက်မှုကို ခံရတာကြောင့် ပြီးခဲ့တဲ့ရာသီက ကစားခဲ့တဲ့ ပရီမီယာလိဂ် ၃၃ ပွဲမှာတော့ ပွဲထွက် ကစားသမားအဖြစ် ၂၈ ပွဲပါဝင် ကစားထားခဲ့ပြီး လူစားလဲပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပွဲကတော့ ငါးပွဲပဲ ရှိပါတယ်။ ဒီနှစ်ရာသီမှာလည်း ပရီမီယာလိဂ် ၁၉ ပွဲမှာ ၁၇ ပွဲအထိ ပွဲထွက်ကစားခွင့် ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် အလီဟာ စပါးအသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက အသင်းမှာ ပွဲထွက် ကစားခွင့် ၇၅ ရာခိုင်နှုန်းလောက်ကို ကစားခွင့်ရရှိထားသူလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါဟာ လူငယ်ကစားသမားတွေထဲ မှာတော့ အတော်လေးကို ပွဲထွက်ကစားခွင့်ရတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာ လည်း ဖြစ်ပါတယ်။

**လမ်းပတ်နဲ့ နှိုင်းယှဉ်ခံရသူ**

ဒါ့အပြင် အလီကို ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကွင်းလယ်ကစားသမား တစ်ဦးဖြစ်တဲ့ လမ်းပတ်လို ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်လာဖို့ ရှိတယ်လို့လည်း ဘောလုံးပညာရှင်တွေက ခန့်မှန်းကြပါတယ်။ ဒါပေမယ့် လမ်းပတ်ဟာ သူ့အသက်အရွယ်တုန်းက ပရီမီယာလိဂ်မှာ သူထက်ပွဲပိုကစားခွင့် ရရှိခဲ့ပေမယ့် တစ်ရာသီမှာ ငါးဂိုးလောက်သာ သွင်းယူနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူကတော့ အခုဆိုရင် ပထမရာသီမှာ ၁၀ ဂိုးနဲ့ အခုရာသီမှာဆိုရင်လည်း ၁၀ ဂိုး ရှိပြီဖြစ်ပါတယ်။ ဒါပေမယ့် အလီအနေနဲ့ တိုးတက်မှုတွေရှိနေတာ အမှန် ဖြစ်ပေမယ့် လေ့လာသင်ယူမှုတွေကတော့ အများကြီး လုပ်ဆောင်ရဦးမှာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဒါလီအလီအနေနဲ့ အခုလို စပါး အသင်းမှာ ခြေစွမ်းပြကစားနိုင်ခြင်းကလည်း မန်နေဂျာ ပိုချက်တီနိုရဲ့ အကိုင်အတွယ် ကောင်းမွန်မှုနဲ့အတူ လူငယ်ကစားသမားတွေကို နေရာပေးမှုတွေကြောင့်လို့ ပြောရမှာ ဖြစ်ပါတယ်။ ပိုချက်တီနို အနေဖြင့်လည်း အလီကို ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ပေါလ်စခိုး၊ ဂျရတ်၊ လမ်းပတ်၊ ဗီရာယာတို့ကဲ့သို့ ထိပ်တန်းကစားသမားတစ်ဦး ဖြစ်လာနိုင်အထိ ရည်မှန်းထားသူလည်း ဖြစ်ပါတယ်။ လက်ရှိ အချိန်အထိလည်း အလီဟာ ပိုချက်တီနိုရဲ့ လက်အောက် မှာတော့ ထိပ်တန်းအရည်အသွေးတွေနဲ့အတူ တောက်ပ လာမယ့် ကျောက်ရိုင်းတစ်လုံးအဖြစ်လည်း ရှိနေပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

လတ်တလောထွက်ပေါ်နေတဲ့ သတင်းတွေမှာတော့ အလီရဲ့ခြေစွမ်းကို စပိန်ထိပ်တန်းအသင်းနှစ်သင်းဖြစ်တဲ့ ရီးရဲ မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း စိတ်ဝင် စားနေကြပါတယ်။ ဘာစီလိုနာအသင်းဆိုရင် အလီကို ပေါင်သန်း ၆၀ နဲ့အရခေါ်ယူနိုင်ဖို့တောင် ပြင်ဆင်မှုတွေ ပြုလုပ်နေတယ်လို့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဒါ့အပြင် ဘောလုံးလောကကို ကိုင်လှုပ်နေတဲ့ တရုတ်စူပါလိဂ် ကလပ်အသင်းတွေလည်း ဒါလီအလီအပါအဝင် အင်္ဂလန် ကစားသမားတွေကို ခေါ်ယူဖို့လည်း ပြင်နေပါတယ်။ ဒါ ကြောင့် အလီရဲ့အနာဂတ်ဟာ စပါးအသင်းမှာ ရှိနေရေး ကတော့ သံသယဖြစ်ဖွယ်ရှိနေတာတော့ အမှန်ပါပဲ။ ဒါပေ မယ့် လက်ရှိရာသီမှာရပ်တည်နေတဲ့ စပါးလူငယ်ကစားသမား အလီရဲ့ ခြေစွမ်းတွေ ကတော့ ပရီမီယာလိဂ်ရဲ့အလားအလာအရှိဆုံး ပါရမီရှင်လူငယ်ကစားသမားတစ်ဦး ဖြစ်တယ်ဆိုတာကတော့ အမှန်လို့ဆိုရမှာ ဖြစ်ပါတယ်။

**အောင်က**

## ပရီမီယာလိဂ်ပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၄-၁-၁၇)** | | | |
| ည ၇း၀၀ | စပါး | - | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | ဘန်လေ | - | ဆောက်သမ်တန် |
| ည ၉း၃၀ | ဟားလ်စီးတီး | - | ဘုန်းမောက် |
| ည ၉း၃၀ | ဆန်းဒါးလန်း | - | စတုတ် |
| ည ၉း၃၀ | ဆွမ်ဆီး | - | အာဆင်နယ် |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ဝက်စ်ဟမ်း | - | ခရစ္စတဲလ်ပဲလေ့စ် |
| နံနက် ၀၀း၀၀ | လက်စတာ | - | ချယ်လ်ဆီး |
| **တနင်္ဂနွေနေ့ (၁၅-၁-၁၇)** | | | |
| ည ၈း၀၀ | အဲဗာတန် | - | မန်စီးတီး |
| ည ၁၀း၃၀ | မန်ယူ | - | လီဗာပူး |

## စပိန်လာလီဂါပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၄-၁-၁၇)** | | | |
| ည ၆း၃၀ | လီဂါနက်စ် | - | ဘီဘာအို |
| ည ၉း၄၅ | ဘာစီလိုနာ | - | လက်ပဲလ်မက်စ် |
| နံနက် ၀၀း၀၀ | အက်သလက် | - | ဘက်တစ် |
| နံနက် ၂း၁၅ | ဒီပို့တီဗို | - | ဗီလာရီးရဲ |
| **တနင်္ဂနွေနေ့ (၁၅-၁-၁၇)** | | | |
| ညနေ ၅း၃၀ | ဗလင်စီယာ | - | အက်စ်ပန်ညို |
| ည ၉း၄၅ | ဆယ်တာဗီဂို | - | အလာဗက်စ် |
| နံနက် ၀၀း၀၀ | ဂီဂျွန် | - | အီဘား |
| နံနက် ၀၀း၀၀ | ဂရန်နာဒါ | - | အိုဆာဆူနာ |
| နံနက် ၂း၁၅ | ဆီဗီလာ | - | ရီးရဲမက်ဒရစ် |
| **တနင်္လာနေ့ (၁၆-၁-၁၇)** | | | |
| နံနက် ၂း၁၅ | မာလာဂါ | - | ဆိုစီဒက်စ် |

# မန်ယူတိုက်စစ်မှူး မာတီရယ်၏ ပြောင်းရွှေ့ကြေးသည်

## ယူရိုသန်း ၉၀ အထိ မြင့်တက်လာဖွယ်ရှိနေ



မန်ယူအသင်းသည် တိုက်စစ်မှူးမာတီရယ်အား ခေါ်ယူခဲ့ခြင်းအတွက် ပေးချေ အသုံးပြုရသည့် ပြောင်းရွှေ့ကြေးပမာဏသည် ယူရိုသန်း ၉၀ အထိ မြင့်တက် လာနိုင်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြင်သစ်ကစားသမား မာတီရယ် (၂၁နှစ်)သည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မိုနာကိုမှ မန်ယူသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး မန်ယူအသင်းအနေဖြင့် မာတီရယ်၏ ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း ၅၀ အား မိုနာကိုအသင်းသို့ ကနဦး ပေးချေခဲ့ရသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ထွက်ပေါ်ခဲ့သည့် သတင်းများအရ တိုက်စစ်မှူး မာတီရယ်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ မန်ယူနှင့် မိုနာကိုအသင်း တို့ ချုပ်ဆိုခဲ့သည့်စာချုပ်၌ မန်ယူအသင်းသည် မိုနာကိုအသင်းအား မာတီရယ် အတွက် နောက်ထပ်ငွေပေးချေရမည့်အချက်များ ရှိနေသည်ဟု ဆိုသည်။

လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ ပွဲမတိုင်မီအထိ တိုက်စစ်မှူး မာတီရယ်သည် မန်ယူအတွက် စုစုပေါင်း ၆၈ ပွဲ ပါဝင်ကစားပြီးချိန်၌ ၂၃ ဂိုး သွင်းယူထားပြီး သွင်းဂိုး ၂၅ ဂိုး ပြည့်မြောက်ချိန်တွင် မန်ယူအသင်းအနေဖြင့် မိုနာကိုအသင်းအား ယူရို ၁၀ သန်း ထပ်မံပေးချေရမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက်တွင် သတင်းများ ထွက်ပေါ်ခဲ့သည်။

ထို့အပြင် မန်ယူနှင့် မိုနာကိုအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်ပါ သဘော တူညီချက်များအရ တိုက်စစ်မှူး မာတီရယ်သည် ပြင်သစ်လက်ရွေးစင်အသင်း အတွက် ပါဝင်ကစားမှု ၂၅ ပွဲ ပြည့်မြောက်ချိန်တွင် မန်ယူအသင်းသည် မိုနာကို အသင်းအား ယူရို ၁၀ သန်း ထပ်မံပေးချေရမည် ဖြစ်သကဲ့သို့ မန်ယူအသင်း၌ ရှိနေစဉ်အတွင်း Ballon d'or ဆုအတွက် ဆန်ခါတင် ကစားသမား သုံးဦးစာရင်း၌ မာတီရယ် ပါဝင်လာပါက နောက်ထပ် ယူရို ၁၀ သန်း ပေးချေရမည် ဖြစ်သည်။

ထို့အပြင် မန်ယူအသင်းသည် တိုက်စစ်မှူး မာတီရယ်အား ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ ကျော်ဖြင့် မိုနာကိုအသင်းအား ယူရို ၁၀ သန်းပေး ချေရမည်ဟူသော အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုထားခြင်း ဖြစ်သည်။

တိုက်စစ်မှူး မာတီရယ်နှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ် သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်ပြီး မာတီရယ်သည် လက်ရှိ အချိန်တွင် ပြင်သစ်လက်ရွေးစင်အသင်းအတွက် စုစုပေါင်း ၁၅ ပွဲ ပါဝင်ကစား ထားပြီး တစ်ဂိုးသွင်းယူထားသည်။

**ထက်အောင်**

# အန်ဒရက်စ်ပီရီရာအား ပြန်လည်ခေါ်ယူရန် မန်ယူအသင်းကို ပရိသတ်အချို့တိုက်တွန်း

ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူအသင်းက စပိန်လီဂါကလပ် ဂရန်နာဒါအသင်းသို့ တစ်ရာသီအငှားချထားသည့် ကွင်းလယ်ကစားသမား အန်ဒရက်စ်ပီရီရာအား ပြန်လည်ခေါ်ယူသွားရန် မန်ယူအသင်းမန်နေဂျာမော်ရင်ညိုအား မန်ယူအသင်းပရိသတ်အချို့က လူမှုရေး ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုက်တွန်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၇ ရက်တွင် ဂရန်နာဒါအသင်းက အဝေးကွင်း၌ ရီးရဲမက်ဒရစ်အသင်းအား ၅-၀ ဖြင့် အရေး နိမ့်ခဲ့သော စပိန်လီဂါပွဲစဉ်တွင် ဘရာဇီးလူငယ်ကစားသမား ပီရီရာ၏ ခြေစွမ်းပြကစားနိုင်မှုများကြောင့် မန်ယူအသင်းပရိသတ်များက ယခုကဲ့သို့ တိုက်တွန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန်ဆက်သွယ်မှုများ ပြုလုပ်နေပြီး မန်ယူအသင်းပရိသတ်အချို့ကမူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် မလိုအပ်ဘဲ ပီရီရာ၏ စွမ်းဆောင်နိုင်မှုသည် မန်ယူအသင်း ကွင်းလယ်အတွက်အဖြေတစ်ခုဖြစ်လာမည်ဟု ယုံကြည်လျက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် မန်ယူလူငယ်အသင်းမှ ပထမအသင်းကြီးသို့ ခေါ်ယူခြင်းခံခဲ့ရသူ ပီရီရာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအတွက် စုစုပေါင်း ၁၁ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း မန်နေဂျာ မော်ရင်ညို၏ လက်အောက်တွင် ပီရီရာသည် ရာသီကြို ခြေစမ်းပွဲများတွင်သာ ပါဝင်ခွင့်ရရှိခဲ့ပြီးနောက် ဂရန်နာဒါအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဂရန်နာဒါအသင်းအတွက် စုစုပေါင်း ၁၈ ပွဲ ပါဝင်ကစားထားကာ တစ်ဂိုးသွင်းယူပေးထားသူဖြစ်သည်။



ကွင်းလယ်ကစားသမား ပီရီရာက ပြီးခဲ့သည့်လအတွင်း မိမိအား မန်ယူမန်နေဂျာမော်ရင်ညို လိုအပ်မည်ဆိုပါက မန်ယူသို့ ပြန်လာရန် အဆင်သင့်ရှိကြောင်း ဖွင့်ဟပြောဆိုထားသူဖြစ်သည်။

“မန်နေဂျာ မော်ရင်ညိုနဲ့ အမြဲတမ်း အဆက်အသွယ်ရှိပါတယ်။ ကျွန်တော်ကစားတဲ့ပွဲတွေအပြီးမှာလည်း ကျွန်တော်တို့စကားပြောဖြစ်တယ်။ တကယ်လို့ မန်ယူအသင်းက ကျွန်တော့်ကို လိုအပ်မယ်ဆိုရင် မန်ယူကိုပြန်လာဖို့ အဆင်သင့်ပါ”ဟု ပီရီရာက ပြောဆိုခဲ့သည်။

**ထက်အောင်**

## ဘွန်ဒက်စ်လီဂါ ပထမရာသီဝက်၏ ဒုတိယမြောက် အကောင်းဆုံး ကစားသမားအဖြစ် လိုက်ပဇစ် ကစားသမား ဖောစ်ဘတ်ရပ်တည်

ဂျာမနီဘွန်ဒက်စ်လီဂါကလပ် လိုက်ပဇစ်အသင်း တောင်ပံတိုက်စစ်ကစားသမား အီမေးလ်ဖောစ်ဘတ်သည် စစ်တမ်းကောက်ယူမှုတစ်ခုအရ ၂၀၁၆-၁၇ ခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ အကောင်းဆုံးကစားသမား သုံးဦးအနက်မှ တစ်ဦးအဖြစ် ပါဝင်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာမည်ကျော် ဂျာမနီဘောလုံး မဂ္ဂဇင်းတစ်ခုဖြစ်သည့် Kicker မဂ္ဂဇင်းက ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ပါဝင်ကစားနေသည့် ကစားသမား ၂၃၈ ဦးထံမှ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

စစ်တမ်းကောက်ယူမှုအရ ဆွီဒင်တောင်ပံကစားသမား ဖော်စ်ဘတ်(၂၅ နှစ်)သည် မဲ ၂၃ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပထမရာသီဝက်၏ ဒုတိယမြောက် အကောင်းဆုံးကစားသမားအဖြစ် မဲပေးရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ မဲရလဒ်များအရ ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ သွင်းဂိုး ၁၆ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်နေသူ ဒေါ့မွန်တိုက်စစ်မှူး အူဘာမီယန်ကမဲ ၃၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဘွန်ဒက်စ်လီဂါပထမရာသီဝက်၏ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ရောဘတ်လီဝမ်ဒေါစကီးသည် မဲ ၁၄ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တတိယအကောင်းဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီဈေးကွက် ကာလအတွင်းတွင် မယ်လ်မိုအသင်းမှ လိုက်ပဇစ်အသင်းသို့ ပြောင်းရွှေ့လာသူ တောင်ပံကစားသမား ဖောစ်ဘတ်သည် ယခုနှစ်ဘောလုံးရာသီတွင် လိုက်ပဇစ်အသင်းအတွက် စုစုပေါင်း ၁၆ ပွဲ ပါဝင်ကစားထားကာ ငါးဂိုးသွင်းယူထားသူဖြစ်သည်။

တောင်ပံကစားသမား ဖောစ်ဘတ်အား လီဗာပူးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ရောင်းချသွားမည်မဟုတ်ကြောင်း လိုက်ပဇစ်အသင်း အားကစားဒါရိုက်တာ ရန်နစ်ချ်က ပြောဆိုခဲ့သည်။ ဖောစ်ဘတ်သည်ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် လိုက်ပဇစ်အသင်းနှင့် ၂၀၂၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသူဖြစ်သည်။

အားကစားဒါရိုက်တာ ရန်နစ်ချ်က “ဖောစ်ဘတ်ကို အသင်းကနေထွက် ခွာခွင့်ပြုဖို့ ကျွန်တော်တို့ မစဉ်းစားပါဘူး။ ထင်ကြေးပေးမှုတိုင်းအတွက် ကျွန်တော်တို့ ဖြေရှင်းနေဖို့ မလိုပါဘူး။ လိုက် ပဇစ်အသင်း ပရိသတ်တွေကို ကျွန် တော်ကတိပြုနိုင်တာကတော့ ဖောစ်ဘတ်ဟာ နောက်ခြောက်လအထိ လိုက်ပဇစ်အသင်းကစားသမားအဖြစ် ရှိနေမယ်ဆိုတာပါပဲ”ဟု ပြောဆိုခဲ့သည်။

## အိုးလ်ထရက်ဖို့ဒ်မှာ လီဗာပူးကို မန်ယူအနိုင်ရမလား

## 2016-17 PREMIER LEAGUE WEEK 21

ပရီမီယာလိဂ်ပွဲစဉ် (၂၁)ကို လာမယ့် ဇန်နဝါရီလ ၁၄၊ ၁၅ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့ ပြိုင်ဆိုင်မှုပြင်းထန်လေ့ရှိတဲ့ မန်ယူနဲ့လီဗာပူးတို့ ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင်ဒီပွဲစဉ်မှာ ချယ်လ်ဆီးကလည်း လက်စတာနဲ့ဆုံတွေ့နေသလို မန်စီးတီးကလည်း အဲဗာတန်နဲ့ဆုံတွေ့နေတာကြောင့် ပွဲကောင်းတွေဖြစ်လာနိုင်ကာ အဆိုပါအသင်းကောင်းတွေ ထိပ်တိုက်ဆုံတွေ့မှုအတွင်း ဘယ်အသင်းတွေခြေချော်မလဲဆိုတာ စောင့်ကြည့်ရဖို့ ရှိနေပါတယ်။

### ဆွမ်ဆီး VS အာဆင်နယ်

ပကျော့ အာဆင်နယ် ၃-၂ ဆွမ်ဆီး

ချယ်လ်ဆီးရှုံးပြီး လီဗာပူးသရေကျချိန်မှာ ဘုန်းမောက်ကို အနိုင်မယူခဲ့နိုင်မှုဟာ အာဆင်နယ်အတွက် နစ်နာလွန်းခဲ့ပါတယ်။ ဒါကြောင့်လည်းဒီပွဲမှာ အာဆင်နယ်တို့ နိုင်ပွဲပြန်ရရေး အားစိုက်လာဖို့ရှိနေပါတယ်။ အထူးသဖြင့်ဆွမ်ဆီးခြေစွမ်းပိုင်းက အားနည်းသလို ခံစစ်ကစားပုံလည်း အမှားများတာကြောင့် အာဆင်နယ်တို့ အခွင့်အရေးရနိုင်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ဒီပွဲစဉ်မှာ အာဆင်နယ်ကသာနိုင်ပွဲပြန်လည် ရယူသွားနိုင်မှာပါ။

### လက်စတာ VS ချယ်လ်ဆီး

ပကျော့ ချယ်လ်ဆီး ၃-၀ လပ်စတာ

စပါးကိုရှုံးနိမ့်ခဲ့ရတဲ့အတွက် ချယ်လ်ဆီး နိုင်ပွဲပြန်လည်ရရှိဖို့အားစိုက်လာမှာသေချာပါတယ်။ လက်စတာကတော့နိုင်ပွဲလိုအပ်နေပြီး အိမ်ကွင်းဖြစ်နေပေမယ့် အာဖရိကနိုင်ငံများဖလားကြောင့် မာရတ်ဇ်၊ စလီမာနီ၊ အမာတေတို့ကို လက်လွှတ်ထားရတဲ့အတွက် ကွင်းလယ်နဲ့ တိုက်စစ်ကစားပုံ အားနည်းမှုတွေရှိလာနိုင်တယ်။ ဒါကြောင့်လည်းဒီပွဲမှာ လက်စတာတို့ အိမ်ကွင်းဖြစ်ပေမယ့်ချယ်လ်ဆီးကို အသာရဖို့ခက်ကာ သရေရဖို့တောင်ခက်မယ်။

### စပါး VS ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၁-၁ စပါး

ချယ်လ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးငါးပွဲဆက်တိုက်အနိုင်ရခဲ့တဲ့ စပါးခြေစွမ်းပိုင်းကအကောင်းဆုံးပုံစံမှာရှိနေတယ်။ အဆိုပါနောက်ဆုံး သုံးပွဲမှာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေကောင်းမွန်မှုရှိနေတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် နှစ်ပွဲဆက်အနိုင်ရခဲ့တဲ့ ဝက်စ်ဘရွန်းခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိတာကြောင့် ဒီပွဲမှာ စပါးတို့ လွယ်လွယ်တော့အနိုင်ရဖို့ခက်တယ်။

### ဟားလ် VS ဘုန်းမောက်

ပကျော့ ဘုန်းမောက် ၆-၁ ဟားလ်

တန်းမဆင်းရဖို့ ရုန်းကန်နေရပေမယ့် ဟားလ်ခြေစွမ်းပိုင်းက အားနည်းလွန်းပါတယ်။ မန်ယူနဲ့ လိဂ်ဖလား ဆီမီးပွဲစဉ်ကစားခဲ့ရတာကြောင့်လည်း ဟားလ်တို့ ပွဲပန်းမှုတွေရှိလာနိုင်တယ်။ ဒါကြောင့်လက်ရှိ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ဘုန်းမောက်ကို ဟားလ်တို့ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဟားလ်အနေနဲ့အိမ်ကွင်းမှာ နိုင်ပွဲရအောင်အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်းကအစ အားနည်းတတ်လို့ ဘုန်းမောက်ပဲ အနိုင်ရမယ်။

### ဝက်ဖို့ဒ် VS မစ်ဒယ်ဘရော့

ပကျော့ မစ်ဒယ်ဘရော့ ၀-၁ ဝက်ဖို့ဒ်

မစ်ဒယ်ဘရော့ဟာအသင်းလိုက် ကစားပုံ မဆိုးဘူးဆိုပေမယ့် နီဂရိုဒိုဦးဆောင်တဲ့ တိုက်စစ်ပိုင်းကတော့တည်ငြိမ်မှုအားနည်းလွန်းပါတယ်။ ဝက်ဖို့ဒ်က အိမ်ကွင်းပွဲတွေမှာကစားပုံ မဆိုးသလို သာမန်အသင်းတွေနဲ့တွေ့ရင် ခံစစ်ပိုင်းကလည်းထိန်းချုပ်နိုင်အားမဆိုးတာကြောင့် တိုက်စစ်ပိုင်းအားနည်းတဲ့မစ်ဒယ်ဘရော့တို့ အခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းပွဲမှာ ရလဒ်ကောင်းမွန်ဖို့ အားစိုက်လာမယ့် ဝက်ဖို့ဒ်တို့ အနိမ့်ဆုံးသရေလောက်ရမယ်။

### အဲဗာတန် VS မန်စီးတီး

ပကျော့ မန်စီးတီး ၁-၁ အဲဗာတန်

မန်စီးတီးဟာပရီမီယာလိဂ်မှာ လက်ရှိအဆင့် ၄ နေရာမှာသာရှိနေပြီး ဒီပွဲရှုံးခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခက်ခဲသွားနိုင်မယ်။ ဒါကြောင့် ဒီပွဲမှာ မန်စီးတီးတို့အားစိုက်ကစားလာမှာဖြစ်ပြီး ဝက်စ်ဟမ်းကို အနိုင်ရခဲ့တဲ့ပွဲမှာလည်း ကစားပုံကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် အဲဗာတန်ကလည်းအိမ်ကွင်းမှာ ခြေကုန်ထုတ်လာမှာဖြစ်လို့ မန်စီးတီးတို့အခက်တွေ့နိုင်ပါတယ်။ မန်စီးတီးတိုက်စစ်ဖွင့်လာမှာဖြစ်ပေမယ့် နိုင်ရင်တောင်ဂိုးမပြတ်ဘူး။

### ဘန်လေ VS ဆောက်သမ်တန်

ပကျော့ ဆောက်သမ်တန် ၃-၁ ဘန်လေ

လက်ရှိအချိန်မှာ ဆောက်သမ်တန် ခြေစွမ်းပိုင်း မတည်ငြိမ်ဘူး။ အဲဗာတန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ပွဲအပါအဝင် နောက်ဆုံး သုံးပွဲဆက်ရှုံးခဲ့ရတယ်။ လိဂ်ဖလားဆီမီးပွဲစဉ်အဖြစ် လီဗာပူးနဲ့ ကစားခဲ့ရလို့လည်း ဆောက်သမ်တန်ပွဲပန်းလာနိုင်တယ်။ ဘန်လေကတော့ အိမ်ကွင်းခံကစားပုံ ကောင်းမွန်မှုရှိတဲ့အသင်းပါ။ နိုင်ပွဲပြန်ရ အောင်ရုန်းကန်လာမှာဖြစ်ပေမယ့် ဘန်လေရဲ့အိမ်ကွင်းအားကြောင့် ဆောက်သမ်တန်သရေ လောက်ပဲရမယ်။

### ဆန်းဒါးလန်း VS စတုတ်

ပကျော့ စတုတ် ၂-၀ ဆန်းဒါးလန်း

လီဗာပူးကိုသရေကစားခဲ့တဲ့ပွဲမှာ ဆန်းဒါးလန်းကစားပုံမဆိုးပါဘူး။ ဒီပွဲမှာလည်း တန်းမဆင်းရဖို့အတွက် အားစိုက်လာဖို့ရှိနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းဖြစ်တာကြောင့် ဆန်းဒါးလန်းတို့ ထိုးစစ်အားပြုကစားလာမှာ ဖြစ်ပါတယ်။ အဝေးကွင်းပွဲတွေမှာ ဟန့်တားကစားပုံ အားနည်းတက်တဲ့ စတုတ်ခံစစ်ကိုတုံ့ပြန် ဖိအားပေးသွားနိုင်ဖို့ရှိပါတယ်။ အသင်းလိုက်ကစားအားမှာ စတုတ်ကအားသာပေမယ့် ဆန်းဒါးလန်းရဲ့ရုန်းကန်အားကြောင့် သရေကျမယ်။

### ဝက်စ်ဟမ်း VS ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၀-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းဟာ လက်ရှိအချိန်အထိ ခြေစွမ်းပိုင်းမတည်ငြိမ်သေးဘူး။ ဒါပေမယ့်လည်း အမှတ်လိုအပ်နေပြီး နှစ်ပွဲဆက်ရှုံးနိမ့်ထားလို့ အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်လည်ရရှိဖို့ အားစိုက်လာမှာ သေချာပါတယ်။ ပဲလေ့စ်က ဆမ်အလာဒိုက်လက်ထပ်မှာ ထင်ထားသလောက်တည်ငြိမ်မှုမရသေးဘူး။ အထူးသဖြင့် ခံစစ်ပိုင်းတည်ငြိမ်မှု အားနည်းတာကြောင့် အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမယ့် ဝက်စ်ဟမ်းကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### မန်ယူ VS လီဗာပူး

ပကျော့ လီဗာပူး ၀-၀ မန်ယူ

ပထမအကျော့မှာ မန်ယူက ခံစစ်အသားပေးကစားခဲ့မှုနဲ့ အတူပွဲက အနည်းငယ်အေးခဲ့ပေမယ့်ဒီပွဲမှာတော့ ဒုတိယအကျော့လည်း ရောက်လာပြီဖြစ်တဲ့အတွက် အားစိုက်ကစားမှုတွေနဲ့အတူ ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပါတယ်။ ဒီပွဲမှာလီဗာပူးရဲ့အဓိကကစားသမား မာနေးဟာ အာဖရိကနိုင်ငံများဖလားပွဲသွားနေခဲ့ရလို့ လီဗာပူးရဲ့တိုက်စစ်ပိုင်းဟာ အားနည်းလာနိုင်တယ်။ မန်ယူကခြေစွမ်းကောင်းမွန်နေပြီး အိမ်ကွင်းလည်းဖြစ်လို့ မန်ယူတို့အနိမ့်ဆုံးသရေရမယ်။

# အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် စာအောင်ဆုနှင်းပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပခဲ့သော ၂၀၁၅ ခုနှစ် အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် အောင်မြင်ကြသူများအား ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ဓမ္မဗျူဟာဆရာမကြီး ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)မှ စာအောင်ဆုနှင်းပွဲကို ဇန်နဝါရီ ၈ ရက်က နေပြည်တော် အထက(၅)ကျောင်း၌ ကျင်းပခဲ့သည်။

ဆုပေးပွဲသို့ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)၏ နာယကနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နေပြည်တော် ခရိုင်နှင့် မြို့နယ်များမှ သာသနာရေးဦးစီးဌာနမှူးများ၊ ဗမ္ဗူသီရိ မြို့နယ်လုံးဆိုင်ရာ သာသနဥပတ္ထမ္ဘ အဖွဲ့၏ ဥက္ကဋ္ဌ ဦးသန်းအောင်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်၊ ပဲခူး၊ လှိုင်ကော်နှင့် နေပြည်တော်ရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ စာအောင်ပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။ ဆုပေးပွဲတွင် ဆရာမ ဒေါ်နုနုခင်က ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းများ၏ သင်တန်းမှူး ဆရာမကြီး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်မှ ပေးပို့သော စာအောင်ဆုနှင်းပွဲ သဝဏ်လွှာကို ဖတ်ကြားပြီး ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)ဥက္ကဋ္ဌ ဒေါ်မြအေးစံက သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို သံဃာတော်များအား လျှောက်ထားသည်။

ထို့နောက် အဘိဓမ္မာသင်တန်း၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)သင်တန်း၊ ဝိသုဒ္ဓိမဂ် သင်တန်းနှင့် သံယုတ်မြန်မာပြန် သင်တန်းများတွင် နေပြည်တော်တိုင်းအဆင့်နှင့် မြို့နယ်အဆင့်၌ ထူးချွန်စွာ အောင်မြင်ခဲ့သူ ၃၀ ဦးအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့(နေပြည်တော်)သည် ၂၀၀၇ ခုနှစ်မှစ၍ အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ဓမ္မဒါနအဖြစ် နှစ်စဉ် မေလ ပထမပတ် တနင်္ဂနွေနေ့မှစ၍ ဒီဇင်ဘာလအထိ နေပြည်တော် အထက(၅)ကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယနေ့အထိ အဘိဓမ္မာစာမေးပွဲ အောင်မြင်သူ ၄၂၂ ဦး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲ အောင်မြင်သူ ၄၁ ဦး၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်မြင်သူ ၁၄၇ ဦးနှင့် သံယုတ်မြန်မာပြန်စာမေးပွဲ အောင်မြင်သူ ၂၂၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**အရာတော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ ပြည်သူများအား အထွေထွေရောဂါပိုင်းဆိုင်ရာ အခမဲ့ ကျန်းမာရေးစောင့်ရှောက် ဆေးဝါးကုသမှုများကို အနောက်မြောက်တိုင်း စစ်ဌာနချုပ် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့က ချမ်းသာကြီးဘုရား ရွှေဘုံသာ ဓမ္မာရုံ၌ ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူ၊ အထူးကုဆရာဝန်နှင့် ဆေးမှူးများ စုစုပေါင်း ၈၉ ဦး ပါဝင်သည့်အဖွဲ့က အရာတော်မြို့ပေါ်နှင့် ကျေးလက်ဒေသများမှ လူနာတစ်ဦးချင်းစီ၏ အထွေထွေရောဂါများကို ရွှေဘုံသာဓမ္မာရုံသို့ ကွင်းဆင်းကာ အခမဲ့ စမ်းသပ်ကုသပေးခဲ့ခြင်းဖြစ်သည်။

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့အနေဖြင့် အခမဲ့ ကုသပေးရာတွင် ပင်မကုသရေးအဖွဲ့သည် အရာတော်မြို့ ရွှေဘုံသာကျောင်းတိုက်အတွင်း၌ စခန်းချပြီး အဖွဲ့(၁)၊ အဖွဲ့(၂)ဟု နှစ်ဖွဲ့ခွဲကာ ဇန်နဝါရီ ၁၀ ရက်တွင် အရာတော်မြို့နေ ပြည်သူများ၊ မင်းရွာကျေးရွာနှင့် နောင်ကြီးအိုင်ကျေးရွာတို့မှ ပြည်သူများအားလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် မြို့ပေါ်မှ ပြည်သူများ၊ ဝါးတန်းကျေးရွာအုပ်စုနှင့် သလဲဘာကျေးရွာအုပ်စုတို့မှ ပြည်သူများကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် အုပ်ရှင်းကြီးကျေးရွာနှင့် ဘောင်းကျကျေးရွာတို့မှ ပြည်သူများအားလည်းကောင်း အထွေထွေရောဂါများကို အခမဲ့ စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။



တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် လေ့ကျင့်ရေး(၁၀) တပ်ရင်းမှ အရာရှိများနှင့် တပ်မတော်သားများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးနှင့် ဆရာဆရာမများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးကာကွယ်ရေးအတွက် မြေသားတာပေါင်တည်ဆောက်

**ခန္တီး ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ နှစ်စဉ် မိုးရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသော ရေဘေးကာကွယ်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ နမ်စီဘွန်ဒေသမှ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ မြစ်ရိုးတစ်လျှောက်၌ အရှည် ၁၆၅၀၀ ပေရှိသော မြေသားတာပေါင် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားတာပေါင်တည်ဆောက်ရာတွင် နှစ်ပေါင်း ၂၀ အတွင်း ခန္တီးမြို့၌ ရေအမြင့်ဆုံးရောက်ရှိခဲ့သည့် ရေအမြင့် ၁၅၅၆ စင်တီမီတာကို ကျော်လွန်၍ တာပေါင်အမြင့်ကို ၁၆၀၀ စင်တီမီတာအထိ တည်ဆောက်နေကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ တည်ဆောက်ခြင်းဖြစ်ကာ လုပ်ငန်းများအားလုံးကို တစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများမှပံ့ပိုးသည့် စက်ယန္တရားကြီးများ အသုံးပြု၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆောင်ရွက်နေကြောင်း အဆိုပါလုပ်ငန်းကို ဦးဆောင်နေသူတစ်ဦးဖြစ်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ပြောကြားသည်။

"ဒီလုပ်ငန်းကို ဆောင်ရွက်နိုင်ဖို့ ကျောက်မျက်ကုမ္ပဏီတွေကို အကူအညီတောင်းခဲ့ ပါတယ်။ သူတို့လည်း လုပ်ပေးပါမယ်လို့ ပြောတဲ့အတိုင်း ကိုယ်တိုင်ကိုယ်ကျ စက်ယန္တရားကြီးတွေနဲ့ လာရောက်အကူအညီပေးတဲ့အတွက် အခုလိုလုပ်နိုင်တာပါ။ အခုလက်ရှိ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဒါကြောင့် နောင်နှစ်တွေမှာ ကျွန်တော်တို့ဒေသအတွက် ရေကြီးရေလျှံဖြစ်ပေါ်မှုကို ကာကွယ်နိုင်ပါပြီ"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ မြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အဖွဲ့က ဇန်နဝါရီ ၁ ရက်တွင် လာရောက်စစ်ဆေးခဲ့ပြီး မြေသားတာပေါင် ရေရှည်တည်တံ့စေရန်နှင့် မြေပြိုကျမှု မရှိစေရန်အတွက် ဘက်တီဗာမြက်(vetiver) များကို စိုက်ပျိုးရန် မှာကြားခဲ့ကြောင်း ခန္တီးမြို့ ကျောက်စိမ်းတူးဖော်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေက ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မှုခင်းသတင်းတိုများ

### ဗန်းမောက်မြို့နယ်တွင် ဘိန်းမည်းများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နောင်မလင်ကျေးရွာ၌ ဘိန်းမည်း ၂၃ ဂရမ်ခန့်ကို ဇန်နဝါရီ ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ နောင်မလင်ကျေးရွာနေ ချောအောင်၏နေအိမ်သို့ ပင်ပုံရဲကင်းမှ ရဲကင်းမှူး ဒုရဲအုပ် အောင်သန်းနှင့်အဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ချောအောင်မှာ နေအိမ်တွင်မရှိဘဲ သားဖြစ်သူ အောင်ဆန်းဝင်း(ခ)ဆန်းဝင်းကို တွေ့ရှိပြီး နေအိမ်မီးဖိုဆောင်အတွင်းမှ ပလတ်စတစ်ဘူးငယ်ဖြင့်ထည့်ကာ ဝှက်သိမ်းထားသည့် ဘိန်းမည်း ၂၃ ဂရမ်ခန့်ပါ တစ်ထုပ်ကို တွေ့ရှိရသဖြင့် ဆန်းဝင်းနှင့် ဦးချောအောင်တို့အား အမှုဖွင့်ထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### ဗန်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာရှိ နာနတ်ခြံအတွင်း၌ သိုဝှက်ထားသော မူးယစ်ဆေးဝါးများကို ဇန်နဝါရီ ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ တာမိုင်းလုံကျေးရွာရှိ စိုးတင့်၏ နာနတ်ခြံအတွင်းသို့ ဗန်းမော်မြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းဦးနှင့်တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ခြံပိုင်ရှင် စိုးတင့်အား အသင့်တွေ့ရှိရပြီး နာနတ်ခြံစောင့်တဲဘေးရှိ နာနတ်ပင်ကြားတွင် သိုဝှက်ထားသည့် ဘိန်းဖြူ အမှုန့်များပါသည့် ဘူး ၁၀ ဘူး၊ စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၂ ဒသမ ၇၁ ဂရမ်ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### တရားမဝင်သယ်ဆောင်လာသော အင်သစ်ခွဲသားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ သောတာပန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၈ ရက်က စစ်ကိုင်းမြို့ဆင်ဖြူရှင်လှဘုရားအနီး မင်းကွန်း-စစ်ကိုင်းကားလမ်းပေါ်၌ သတင်းအရ သက်သေများနှင့်အတူ စောင့် ဆိုင်းရှာဖွေစဉ် ဝါးချက်ကျေးရွာနေ စိုးဝင်းအောင် (၃၇)နှစ်မောင်းနှင်လာသည့် ဒိုင်နာယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော အင်သစ်ခွဲသားဆိုက်စုံ(၃၉ ချောင်း (အလေးချိန် ၃ ဒသမ ၇၃၉၆ တန်) ကို ဖမ်းဆီးရမိခဲ့သဖြင့် ယာဉ်မောင်း စိုးဝင်းအောင်အား သစ်တောဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ဆိုင်ကယ်ဖြင့် ဆွဲကြိုးလုပြေးသူများအား ဝိုင်းဝန်းဖမ်းဆီး

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဆိုင်ကယ်ဖြင့် ဆွဲကြိုးလုပြေးသူအား ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းဖမ်းဆီး၍ ဖမ်းမိခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၈ ရက်က စက်မှု(၁)ရပ်ကွက်နေ ဒေါ်သန်းသန်းအေးသည် သမီးဖြစ်သူ မနန္ဒာအောင် မောင်းနှင်သည့်ဆိုင်ကယ်ဖြင့် လိုက်ပါလာစဉ် (၉၆)လမ်းနှင့် သိပ္ပံလမ်းထောင့်၌ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် နောက်မှလိုက်ပါလာပြီး ဒေါ်သန်းသန်းအေး ဝတ်ဆင်ထားသော အလေးချိန်တစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးကို လုယူထွက်ပြေးသဖြင့် ပြန်လည်လုယူခဲ့ရာ ရွှေဆွဲကြိုးကို ပြန်လည်ရရှိခဲ့ပြီး ဆွဲသီးမှာပါသွားခဲ့ကြောင်း၊ ဒေါ်သန်းသန်းအေးက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့ရာမှ အနီးတွင် တာဝန်ထမ်းဆောင်နေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ပုသိမ်ကြီးမြို့နယ် ကန်ကြီးကုန်းကျေးရွာနေ ကျော်ကျော်(၂၃နှစ်)နှင့် တစ်ရွာတည်းနေ ပြည့်စုံဖြိုး(၁၈နှစ်)တို့အား သက်သေခံစိန်ဆွဲသီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မဟာအောင်မြေမြို့မရဲစခန်း၌အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ဆိုင်ကယ်နှင့်စက်ဘီးတိုက်မိ၍စက်ဘီးစီးသူသေဆုံး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ပန်းခြံအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်၌ ဇန်နဝါရီ ၉ ရက်က စက်ဘီးနှင့် ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့ပြီး စက်ဘီးစီးသူ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း စိုးသူ(၃၁ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်သည် ရှေ့မှ စက်ဘီးဖြင့်သွားနေသည့် ဦးဇော်ဝင်း(၆၅ နှစ်)အား ဝင်ရောက်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်း စိုးသူတွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိပြီး ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူခဲ့ရကာ စက်ဘီးစီးနင်းသူ ဦးဇော်ဝင်းမှာ ပြင်ပဒဏ်ရာရရှိခြင်းမရှိသော်လည်း သတိလစ်မေ့မြောနေ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူအား ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အထက ကျောင်းရှေ့တွင် ဇန်နဝါရီ ၁၁ ရက်က နယ်လှည့်မှုခင်းပညာပေးယာဉ်ဖြင့် ပြခန်းဖွင့်လှစ်ပြသပေးခဲ့ရာ ပြည်သူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## သတင်းတိုများ

### ကမ္ဘာအေးစေတီ၌ဥပ္ပါတသန္တိသုတ်ဒေသနာတော်ရွတ်ဖတ်ပူဇော်မည်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်၏ ဗုဒ္ဓဟူးထောင့်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ဥပ္ပါတသန္တိဒေသနာတော်များ ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၁၄ ရက် စနေနေ့ ညနေ ၃ နာရီတွင် ဝင်းခင်းသဘင်ကို စတင်ကျင်းပမည်ဖြစ်ပြီး ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ဝင်းခင်းပူဇော်ခြင်း၊ ဝိဇ္ဇာကြီးများအား ပင့်ဖိတ်ပူဇော်ခြင်း၊ ဘုရားနှင့် ရဟန္တာကြီးများအား နတ်သြဇာများ ကပ်လှူခြင်းနှင့် ဓမ္မတေးများဖြင့် ပူဇော်ခြင်း၊ ဧည့်ပရိသတ်များအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

### လျှပ်စစ်အန္တရာယ်ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သာရဝေါမြို့ လျှပ်စစ်မှူးရုံး အပိုင်နယ်မြေအတွင်းရှိ သီတာကုန်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာများ၊ ဆောင်ရန် ရှောင်ရန် အချက်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို သာရဝေါမြို့ လျှပ်စစ်မှူး ဦးမျိုးသိန်းဌေးနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၉ ရက်က ကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

# လမ်းနှင့် တံတားများ ဆောက်လုပ်ရန် ကွင်းဆင်းတိုင်းတာ



**ကန့်ဘလူ ဇန်နဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဒေသလိုအပ်ချက်အရ မြေမွန်-ပဇီလေး-မေတ္တာမွန် ကျေးရွာချင်းဆက်လမ်းသစ် ဖောက်လုပ်နိုင်ရေးနှင့် တံတားများ တည်ဆောက်နိုင်ရေးအတွက် လိုအပ်ချက်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းတိုင်းတာခဲ့ကြသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဆွေအောင်နှင့် ဝန်ထမ်းများ၊ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးဝင်းကျော်၊ မြေမွန်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့်အဖွဲ့က ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ကွင်းဆင်းတိုင်းတာချက်များအရ မြေမွန်-ပဇီလေး-မေတ္တာမွန် ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည်ခုနစ်မိုင် ရှိမည်ဖြစ်ပြီး လမ်းပေါ်၌ ပေ ၄၀ တံတားတစ်စင်းနှင့် Box Culvert ခုနစ်စင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းကို ဒေသလိုအပ်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ရန် တင်ပြတောင်းခံထားကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါလမ်းပေါ်ရှိ ကျေးရွာများမှာ လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိ၍ ဒေသခံပြည်သူများနှင့် လမ်းအသုံးပြုသူများအနေဖြင့် ခက်ခဲစွာ သွားလာနေရကြောင်း၊ ယခု မြေမွန်-ပဇီလေး-မေတ္တာမွန် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း မေတ္တာမွန်ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အာဆီယံသပြေ အရောင်းအဝယ်ကောင်း၍ စိုက်ပျိုးသူများ အဆင်ပြေ

**ရေတာရှည် ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းမြောက်ဘက်ခြမ်းရှိ ကျေးရွာများတွင် အာဆီယံသပြေပင်များကို စိုက်ပျိုးသူဦးရေ ပိုမိုများပြားလာလျက်ရှိပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်လျက်ရှိသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



အာဆီယံသပြေများကို ရေတာရှည်မြို့နယ် ဆွာမင်းလမ်း ကျေးရွာအုပ်စုအတွင်းရှိ ဆီဆုံကုန်း၊ သစ်ယာကုန်း၊ စိမ်းဝိုင်း၊ ရွှေသပြေ၊ မြောက်လွတ်ကုန်း၊ စီပင်အေး စသည့် ကျေးရွာများနှင့် သိုင်းဝကျေးရွာအုပ်စု အလယ်မြောင်ကျေးရွာများ၌ စိုက်ဧကပေါင်း ရာနှင့်ချီကာ စိုက်ပျိုးထားကြသည်ကို တွေ့ရသည်။

"ဒီဘက်ကမြေတွေက လယ်စိုက်ဖို့မြေက သိပ်မကောင်းတော့ အာဆီယံသပြေကို စမ်းစိုက်ကြတာ အခုတော့ စိုက်တဲ့သူ အတော်များနေပြီ"ဟု ဆီဆုံကျေးရွာမှ အာဆီယံသပြေ စိုက်ပျိုးနေသူတစ်ဦးဖြစ်သည့် မနီက ပြောသည်။

အာဆီယံသပြေ စိုက်ပျိုးရန်အတွက် မျိုးကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မဲဖလံဒေသမှ ဝယ်ယူကြရကြောင်း၊ အပင်ပေါက် တစ်ပင်လျှင် ကိုးကျပ်နှုန်းကျသင့်ကြောင်း သိရသည်။ "စိုက်သက်ကတော့ တစ်နှစ်ကျမှ ရောင်းတန်းဝင်တယ်။ ဒီကြားထဲကာလမှာ ပေါင်းရှင်း၊ ရေသွင်း၊ ဆေးဖြန်းတာတွေ လုပ်ရတယ်။ အခုပြန်ရောင်းရတာက တစ်ပင်ကို ကျပ် ၉၀၊ ၁၀၀ ပေါ့။ အပင်တစ်သောင်းဆိုရင် လေးသိန်းလောက်တော့ အသားတင်ရတယ်"ဟု မနီက ဆက်ပြောသည်။

တစ်ဧကလျှင် အပင်ရေ ရှစ်သောင်းခန့် စိုက်ပျိုးသည့်အတွက် ကျပ်သိန်း ၃၀ ကျော် ဝင်ငွေရရှိကြောင်း၊ အာဆီယံသပြေ လက်ရှိ ဈေးကွက်အနေအထားအရ စိုက်ပျိုးသူများအနေဖြင့် ခြံထွက်သပြေပန်းများကို လိုက်လံရောင်းချရန်မလိုအပ်ဘဲ နေပြည်တော်ဘက်မှ အခင်းပြတ်ဝယ်ယူမှုများ ရှိနေကာ တောင်သူများအနေဖြင့်လည်း လက်လီရောင်းချခြင်းထက် အခင်းပြတ်ရောင်းချခြင်းက ပို၍အဆင်ပြေကြသဖြင့် အခင်းပြတ်ရောင်းချမှုက ပိုမိုများပြားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# တိုင်းဒေသကြီးအစိုးရဖလား မြို့နယ်ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၁၂**
ဇန်နဝါရီ ၈ ရက်က စတင်ကျင်းပခဲ့သော တနင်္သာရီတိုင်းဒေသကြီး အစိုးရဖလား မြို့နယ်ပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကော့သောင်းမြို့ရှိ ရွှေမင်းဝံ အားကစားခန်းမ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။




အဆိုပါပြိုင်ပွဲတွင် အတန်းလိုက်ပြိုင်ပွဲများအဖြစ် အမျိုးသမီးလူသစ်တန်း၊ အမျိုးသား သက်ငယ်တန်းနှင့် အမျိုးသမီး အလွတ်တန်းပွဲစဉ်များ ပါဝင်ပြီး ပြိုင်ပွဲများတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဗိုလ်လုပွဲများ ကျင်းပအပြီးတွင် အမျိုးသမီး လူသစ်တန်းပြိုင်ပွဲ၌ မြိတ်မြို့နယ် အသင်းနှင့် အမျိုးသား သက်ငယ်တန်းပြိုင်ပွဲ၌ ကော့သောင်းမြို့နယ် အသင်းတို့က ဆုများရရှိခဲ့ကြပြီး အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ၌ ထားဝယ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့က ပူးတွဲ တံခွန်စိုက်ဆုများ ရရှိခဲ့ရာ အဆိုပါ ဆုရရှိသူများအား ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆုချီးမြှင့်ပွဲအပြီးတွင် လက်ဝှေ့ဝါသနာရှင်များအကြိုက် မြို့ခံ မြန်မာ့ရိုးရာ လက်ဝှေ့အကျော်အမော်များက ရိုးရာလက်ဝှေ့ပြိုင်ပွဲများဖြင့် ထိုးသတ်ဧည့်ခံခဲ့ကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**သထုံ ဇန်နဝါရီ ၁၂**
မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မှုခင်းကာကွယ် တားဆီးရေးဆိုင်ရာ အသိပညာများ ရရှိစေရန်အတွက် မှုခင်းပညာပေးယာဉ်ဖြင့် ပြသဟောပြော အသိပညာပေးမှုများကို သထုံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ဒေသခံပြည်သူများ မှုခင်းဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဟောပြောပွဲများကို လူထုအတွင်း ကွင်းဆင်းဟောပြောခြင်း စသည်ဖြင့် ထိရောက်မှုရှိသော ပညာပေးလုပ်ငန်းများ ဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့ ကြီးကြပ်ပြီး သထုံမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်တင်ထွန်းဦး ဦးဆောင်သော အဖွဲ့များက နောင်ကုလားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ခြင်းဖြစ်ကာ အဆိုပါကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူပေါင်း ၃၀၀ ကျော်ကို အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။
**နန္ဒကျော်စွာ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မြေငှားဂရန်များပေးအပ်

**ဟိုပုံး ဇန်နဝါရီ ၁၂**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာအုပ်စု နမ့်ခုတ်ကျေးရွာမှ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မြေငှားဂရန်များပေးအပ်ပွဲတွင် တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံမောင်က အမှာစကားပြောကြားပြီး ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များအတွက် မြေငှားဂရန် (မြေငှားစာချုပ်)ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာမြေတွင် ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းအားဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သောအခွန်ငွေများ ရရှိလာမည်ဖြစ်ကြောင်း၊ ယခုထုတ်ပေးထားသော တန်ဖိုးရှိသည့် မြေငှားဂရန်များကို မပျောက်ပျက်၊ မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်းထားရမည့်တာဝန်မှာ ကျေးလက်နေပြည်သူများ၏ တာဝန်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နမ့်ခုတ်ကျေးရွာအတွင်းရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၂၃၆ စုအတွက် ကျေးရွာမြေငှားဂရန်များကို ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး၊ ဟိုပုံးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုချင်းစီသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။
**မျိုးညွန့်ရွှေ(မိုးနဲ)**



# အထူးလေးနက်ကြည်ညိုစွာ ဂုဏ်ပြုဖော်ပြခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ်၊ မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ၏ တပည့် **အရှင်သီရိန္ဒ** သာသနဓဇ ဓမ္မာစရိယ (ပထမ) (အဂ္ဂမဟာအကျော်) (ဓမ္မဘာဏကကျောင်း-မစိုးရိမ်တိုက်သစ်)သည် ၁၃၇၇ ခုနှစ်၊ ၂၀၁၆ ပညာသင်နှစ် နိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဓမ္မာစရိယ စာမေးပွဲ၌ ရရှိဖို့ရန်ခဲယဉ်းလှသည့် တစ်နိုင်ငံလုံး ဓမ္မာစရိယ(စာချတန်း) ပထမ (အဂ္ဂမဟာအကျော်)ဘွဲ့ထူးကို ရရှိတော်မူသည့်အတွက် ဘုရားတပည့်တော်တို့ ရဟန်း၊ ဒါယကာမိသားစုက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ကြည်ညိုရပါကြောင်း လေးနက်စွာ ဖော်ပြအပ်ပါသည်အရှင်ဘုရား-

**ဦးငွေအောင်-ဒေါ်စန်းစန်းအေး**
**(သား) ဗိုလ်ကြီးရန်မျိုးအောင်-ဒေါက်တာအိအိဖြိုး၊ (သမီး) မဇင်မာအောင်၊**
**(သား) မောင်ထက်အာကာဝင်း၊ (မြေး) မောင်ခန့်ငြိမ်းထွဋ်အောင်**
**"ထင်ကျော်" ပဲခွဲစက်မိသားစု**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် **ဒေါ်ကြည်ခင် ( ဒုတိယဥက္ကဋ္ဌ Orignal Group Co.,Ltd )** အား သုဓမ္မသိင်္ဂီ ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး သာသနာတော်အကျိုးတို့ကို ဆထက်ထမ်းပိုး တိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Mount Pleasant Hotel (Nay Pyi Taw)**
**Hotel Nwe Tha Ki (Nay Pyi Taw)**
**မိသားစု**

# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော် သမ္မတရုံး ၊ အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၁၇ ) ဖြင့် **ဒေါ်ငွေငွေရီ ( Managing Director,Golden Hours Co., Ltd နှင့်ရွှေနရီဆောက်လုပ်ရေး)** အား နိုင်ငံတော်မှ ချီးမြှောက်သော **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်တော်အား ထိုက်တန်စွာ ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်းသက်ရှည်ကျန်းမာစွာဖြင့်နိုင်ငံနှင့်သာသနာတော်အကျိုးကိုဆထက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် ဂုဏ်ပြုအပ်ပါသည်။

**ချစ်ခင်ပွန်း** - ဦးစိုးနိုင်(ဒုတိယညွှန်ကြားရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊နေပြည်တော်)

**ချစ်သမီးကြီး** - မနှင်းဝတီစိုး (SIM Global Education,Singapore Institute of Management)

**ချစ်သမီးငယ်** - မခင်ကလျာစိုး(Grade 9 – A ၊TTC ၊ပြည်လမ်းကမာရွတ်)

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/မြို့မအနောက်ရပ်၊ လူနေရပ်ကွက်အမှတ် ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၀၄၄၂)၊ ဧရိယာ ဝဒသမ ၀၅၅၈က ပါမစ်မြေကွက်၏ အမည်ပေါက် ဦးမြင့်ဆွေ ကွယ်လွန်သွားသဖြင့် ဦးမြင့်ဆွေ၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်မာရီ (ဘ) ဦးသိန်းဖေ ၉/ပမန(နိုင်)၀၈၃၄၉၇ မှ ဦးမြင့်ဆွေ သေဆုံးမှု အထောက်အထားမိတ္တူ၊ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ချက် မူရင်း၊ မြေပေးစလစ်မူရင်း၊ နေအိမ် ဆောက်လုပ်ပြီးစီးကြောင်း ထောက်ခံချက်မူရင်း၊ မြေကွက်ဖိုးသွင်းချလန်မိတ္တူမြေတိုင်းမြေပုံမူရင်းတင်ပြ၍ မြေကွက်အမှတ် (ပ-၃၀၄၄၂)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၄၂၃၇)၊ ဧရိယာ ဝဒသမ ၀၅၅၈က ဦးသန်းထွန်းအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၈၇/၂၀၁၆ (၁၉-၁-၂၀၁၆)ဖြင့် ဦးသန်းထွန်း၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်ခင်နီလာစိန် ၁၂/ရကန(နိုင်)၀၁၆၂၉၉ (ဘ) ဦးပေါ်စိန်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ရွှေနဂါးရစ် အုတ်မြစ်စတော်
ဒေတာမီးမြေအုတ်ရိုက်စက်ရှိပြီ
09 4200 35882
09 4200 35884
(မြင့်)အင်းလေး(၁)လမ်း၊ရန်(၂)၊တောင်ဒဂုံ။





## CLAIMS DAY NOTICE

### M.V. LORD VISHNU VOY:NO(089)

Consignees of cargo carried by M.V. LORD VISHNU VOY:NO(089) are here by notified that the vessel will arrive on about 14-1-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


ဒေါ်ယုယုမြင့်
ACCA
DIP IFR
CIMA
LCCI
အမှတ် (၁၁၇)၊ ၅-ထပ်၊ စဥ့်အိုးတန်းလမ်း (အထက်) (၁၈ လမ်း နှင့် ၁၉ လမ်းကြား)၊ လသာမြို့နယ်။
09 795940344, 09 73030977

ချာချီးယား ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862




ပေါ်ဆန်းမွှေးသစ်ရပြီဗျို့
ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီမို့ 12ပြည် အိတ်များစပို့ပေးနေပါပြီ။
09-73077711 ☎ 01-682844
09-73077722 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ဗီယံပေါ်ဆန်းမွှေး


## အများသိစေရန် အသိပေးကြေညာခြင်း

ငပုတောမြို့နယ်၊ သဇင်ကျွန်းကျေးရွာအုပ်စု၊ သဇင်ကျွန်းကျေးရွာနေ ကျွန်ုပ်အမှုသည် ဦးချစ်အုံး (ဘ) ဦးချစ်လှိုင် ၁၄/ငပတ(နိုင်)၀၇၄၇၅၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးချစ်အုံးသည် ၁၉၉၃ ခုနှစ်မှစပြီး ၄င်းအမည်ပေါက် ကွင်းအမှတ် ၁၇၂၄ ဦးပိုင်အမှတ် ၁+၂ ရှိ ဆားချက်မြေဧရိယာ ၃၁ဒသမ ၃၂ဧကအား ယခုအချိန်အထိ ဆားလုပ်ငန်း လုပ်ကိုင်လျက်ရှိပါသည်။

ကျွန်ုပ်အမှုသည်မှာ ဦးငွေလွင်၊ ဒေါ်ခင်ကြွေ၊ ဦးမြင့်ရွှေဆိုသည့် ပုဂ္ဂိုလ်များနှင့် ညီအစ်ကိုမောင်နှမများတော်စပ်ပါသည်။ သို့သော်လည်း အဆိုပါ ဆားချက်မြေ ၃၁ဒသမ ၃၂ဧကနှင့်ပတ်သက်ပြီး ညီအစ်ကိုမောင်နှမများမှာ မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။

ကျွန်ုပ်အမှုသည် ဦးချစ်အုံး၏ခွင့်ပြုချက်မရှိဘဲ အဆိုပါပစ္စည်းဖြစ်သည့် ဆားချက်မြေ ၃၁ဒသမ ၃၂ဧကအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မတရားကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်းမပြုရန် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။ အဆိုပါပစ္စည်းများနှင့် သက်ဆိုင်သည်ဟုယူဆသည့် မည်သူမဆို ကျွန်ုပ်ထံသို့ အထောက်အထားပြည့်စုံစွာဖြင့် ၁၅-၁-၂၀၁၇ ရက် နောက်ဆုံးထား လာရောက်ကန့်ကွက်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးချစ်အုံး (ဘ) ဦးချစ်လှိုင်**
**၁၄/ငပတ(နိုင်)၀၇၄၇၅၆**
**သဇင်ကျွန်းကျေးရွာအုပ်စု၊**
**သဇင်ကျွန်းကျေးရွာ၊**
**ငပုတောမြို့နယ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ထွဋ် LL.B,C.B.L**
**IP-Law(WIPO,Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၅၇၉)**
**အမှတ် ၄၊ ပန်းခြံလမ်း၊ ရကအ(၂)**
**ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**


ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်
ပင်လုံနှင်းဆီ
ကက-၁၃/၁၁/၂၂၅
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ
မူလတန်း၊အလယ်တန်း၊အထက်တန်း
စည်းကမ်းကောင်းသောကျောင်း သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။
-ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။Study-Guideများနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
-ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)နှင့် ပါမောက္ခတွဲဖက်ပါမောက္ခ၊ ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
-တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက်စာမေးပွဲကြီးမေးခွန်းပုံစံ (၅) ကြိမ်လေ့ကျင့်ဖြေဆိုစေပါသည်။
-၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်၆ဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။သိပ္ပံတွဲအောင်ချက်ရာခိုင်နှုန်း (၈၁. ၁၈)ဖြင့်အောင်မြင်ခဲ့ပါသည်။
-အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီလုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
-ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။
၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ။အမှတ်(၆၆-ခ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874


မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးလာခြင်းအတွက် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

| စဉ် | မြို့နယ် | မြေတိုင်းရပ်ကွက် | မြေကွက်အမှတ် | ပါမစ်/လိုင်စင် မူလအမည်ပေါက် | မြေငှားစာချုပ် ပျောက်ဆုံးသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒဂုံမြို့သစ်(အရှေ့) | ၁၁/အေ | 3.P | ဒေါ်မွှေးပပဇော် | ဒေါ်ခင်ဇာဇာဝင်း | ၁၂/ပဘတ(နိုင်)၀၂၆၄၁၅ | |
| ၂ | ဒဂုံမြို့သစ်(မြောက်) | ၂၇/၄ | ၄၂ | ဦးဇော်ထွန်း | ဦးဖုန်းသော်အေး၊ ဒေါ်မြတ်မြတ်အေး | ၁၂/ကမတ(နိုင်)၀၀၁၂၇၅ ၁၂/လမတ(နိုင်)၀၂၅၅၁၉ | |
| ၃ | လှိုင်သာယာ | ၄-A | ၁၆၆ | ဒေါ်ညွန့်ယဉ်ဝင်း | ဒေါ်အိမ့်အိမ့်အောင် | ၁၂/စခန(နိုင်)၀၅၅၇၈၄ | |
| ၄ | သန်လျင် | ဘုရားကုန်းအဆင့်(၁) | ၇၀၄ | ဦးလှဝင်း | ဦးတင်မောင် | ၁၂/သလန(ပြု)၀၀၁၁၃၁ | |
| ၅ | သန်လျင် | ။ | ၁၅၇ | ဒေါ်တင်တင်အောင် | ဒေါ်လင်းလဲ့လဲ့လှိုင် | ၁၃/တကန(နိုင်)၁၉၉၇၂၂ | |
| ၆ | ကျောက်တန်း | စံချိန်မီအဆင့်(၂) | ၁၄၆၄ | ဒုတပ်ကြပ်-ကျော်ထွန်း | ဒုတပ်ကြပ်-ကျော်ထွန်း | တ-၃၀၇၃၅၄ | |

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်





## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကြည်ဆွေ(ဘ) ဦးဘိုတင် ၁၂/ဒပန(နိုင်)၀၄၅၃၂၃ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန် အကြောင်းကြားပါသည်။ **ဖုန်း-၀၉-၇၉၇၂၂၉၇၇၈**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ ရုက္ခဗေဒ စတုတ္ထနှစ်အောင်မြင်သူ မညိုနွယ်ဦး၏ ဖခင် ဦးမောင်ညိုနှင့် ဦးစန်းလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ညို(ခ)ဦးစန်းလွင်**
**၅/ကဘလ(နိုင်)၁၈၈၈၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/7949 Mitsubishi Canter FE72EE Truck(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင် ၁၂/ကမန(နိုင်)၀၄၉၉၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီး ဒေါ်ဉာဏသီ(ခင်မာဆွေ B.Ed)**

**(မဟာဂန္ထဝါစက ပဏ္ဍိတ၊ B.Ed ပထမကျော်**
**သာသနဓဇ ဓမ္မာစရိယ)**

**ဉက္ကဋ္ဌ၊ ပြည်နယ်သီလရှင် အမှုဆောင်အဖွဲ့၊ ကချင်ပြည်နယ်**
**သက်တော် (၆၂)နှစ်၊ သိက္ခာတော် (၃၈)ဝါ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာကြီး ဒေါ်ဉာဏသီ (မဟာဂန္ထဝါစကပဏ္ဍိတ၊ B.Ed ပထမကျော်၊ သာသနဓဇဓမ္မာစရိယ၊ သမိဒ္ဓေါဒယသမဂ္ဂဒါယီအဖွဲ့နာယက)သည် ၄-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့်အတွက် မိသားစုများနှင့် ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**B.Ed အပတ်စဉ်(၁၃)၊ ၁၉၇၇ နိုဝင်ဘာဆင်း သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-အိပ်ချ်၊ မြေကွက်အမှတ် ၆၃/အေ၊ မြေကွက်တည်နေရာအမှတ် ၅၅/ခ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ကဥ္စနာညွန့် ၁၂/ဗဟန(နိုင်) ၀၅၅၇၄၆ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ကဥ္စနာညွန့် ၁၂/ဗဟန(နိုင်) ၀၅၅၇၄၆ ၏ကိုယ်စား ၎င်း၏ SP (၉၃၃၅/၂၀၁၆)ရရှိသူ ဦးလှဦး ၁၂/ဗဟန(နိုင်)၀၀၄၁၈၉ မှ ယင်းမြေအား ဒေါ်ကဥ္စနာညွန့် ရရှိသည့် မေတ္တာဖြင့်အပိုင်ပေးစာချုပ် ၄၉၂/၁၉၇၃(၅-၅-၁၉၇၃)လက်ခံအမှန်တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိမ်ရောင်းမည်

ပေ ၄၀ × ပေ ၆၀ (ဂရန်မြေ)
ပေ ၂၀×ပေ ၃၀
တစ်ထပ်အုတ်ညှပ်တိုက်
မင်းဘူးလမ်း၊ လှိုင်သာယာ
ဘီအိုစီ မှတ်တိုင်အနီး။
**ဖုန်း-၀၉-၇၈၂၅၁၅၃၅၄**

## ကျေးဇူးတင်ရှိပါကြောင်း

၂၉-၁၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသော ဒေါ်ခင်ထားမေ(သူကောင်း)၊ အသက်(၇၁)နှစ် ပါမောက္ခဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ နာရေးနှင့် ရက်လည်ဆွမ်းကျွေးကိစ္စတွင် ရပ်နီးရပ်ဝေးမှ ဖုန်းဆက်သတင်းမေး နှစ်သိမ့်အားပေးခြင်း၊ လူမှုကွန်ရက်များမှတစ်ဆင့် နှစ်သိမ့်အားပေးခြင်း လွမ်းသူ့ပန်းခွေပို့ခြင်း၊ ငွေအား၊ လူအား၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကူညီခြင်း၊ အချိန်ပေး၍ လိုက်ပါပို့ဆောင်ခြင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြခြင်းစသည်ဖြင့် လိုလေသေးမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော တက္ကသိုလ်အသီးသီးမှ မြန်မာစာဌာနများနှင့် အခြား ဘာသာရပ်ဆိုင်ရာဌာနများမှ ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူ၊ ဆရာ၊ ဆရာမများနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ အငြိမ်းစားမြန်မာစာ ဆရာ၊ ဆရာမကြီးများ၊ မြိတ်တက္ကသိုလ် မြန်မာစာဌာန ကျောင်းသား ကျောင်းသူဟောင်းများအသင်း၊ မန္တလေးစက်မှုတက္ကသိုလ် (1st, 2nd, 3rd batch) နှင့် MIT/MTU ကျောင်းသူကျောင်းသားဟောင်းများ၊ အမှတ်(၂) စက်မှုလက်မှု အထက်တန်းကျောင်း (ဘောင်ဒရီ) ကျောင်းသားဟောင်းများနှင့် အငြိမ်းစားဆရာ၊ ဆရာမကြီးများ၊ ဆပ်ပြာစက်ရုံ အမှတ်(၁)၊ (၂)မှ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ Barons & Fujikura EPC Co.,Ltd, Telenor Myanmar Ltd တို့မှ အကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ချမ်းမြေ့အိမ်ရာ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်မှ မိတ်သင်္ဂဟများနှင့် ဆွေမျိုးအပေါင်းတို့အား ကျန်ရစ်သူမိသားစုက ကျေးဇူးအထူးတင်ရှိပါသည်။ မိသားစုအနေဖြင့် ဧည့်ဝတ်မကျေပွန်မှု၊ အားနည်းချို့ယွင်းမှုများရှိနိုင်ပါသဖြင့် နားလည်ခွင့်လွှတ်ပေးကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

HTUN KYAW THU CO., LTD. အမည်ဖြင့် ILV 16-17 7055 18-10-2016 Declaration No 100001029732 12-12-2016 Customs Statement ယာဉ်ဓာတ်ပုံမှုရင်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဒင် (ထားဝယ်)**

**အကောက်ခွန်ဦးစီးဌာန(ငြိမ်း)**

**အသက် (၉၃)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)တို့၏ ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**ဝင်းမာလာအောင်ကုမ္ပဏီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းအေး (မြင်းခြံမြို့)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန**

**အသက် (၈၃)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏ မိခင်သည် ၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**ဝင်းမာလာအောင်ကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ခင်သန်းနွယ်

**အသက် (၈၀)**

RECOFTC -မြန်မာနိုင်ငံအစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာ မောင်မောင်သန်းနှင့်ဇနီး ဒေါ်မို့မို့ကြည်၏ မိခင် ဒေါ်ခင်သန်းနွယ်သည် ၈-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RECOFTC - မြန်မာနိုင်ငံအစီအစဉ်မှ**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးအုံးခိုင်(မြောင်းမြ)**

**ရေယာဉ်မှိုင်ရှင် BE(Civil) 1977**

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ B.06-01 လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်းနေ ဒေါက်တာကြည်ကြည်အေး၏ချစ်လှစွာသောခင်ပွန်း ရေယာဉ်နှင့်ပတ်သက်သောဗဟုသုတနှင့်လိုအပ်ချက်များကို အစစအရာရာတွင် သွန်သင်ညွှန်ပြ၊ လက်တွဲခေါ်ဆောင်ခဲ့သော အစ်ကိုတစ်ယောက်ကဲ့သို့ အားကိုးရသည့် ဦးအုံးခိုင်သည်(၈. ၁. ၂၀၁၇) တနင်္ဂနွေနေ့ ည (၉း၀၅) နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ကြည်၊ ဦးအောင်ကြည်၊ ဦးမောင်မောင်အုန်း၊ ဦးမောင်မောင်ရိုး**

## အထူးကျေးဇူးဥပကာရတင်ရှိခြင်း

# ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး (ငြိမ်း)

### သားဖွားမီးယပ်ပညာဌာန

### အသက်(၈၇)နှစ်

ပါမောက္ခ ဒေါက်တာဒေါ်နန်းဦး(ငြိမ်း) နာမကျန်းဖြစ်နေစဉ်အချိန်အတွင်း အထူးကြပ်မတ်ကုသပေးပါသော အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)မှ အထွေထွေအထူးကုသမားတော်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဦးဇော်လင်းအောင်၊ ပါမောက္ခ ဒေါက်တာဒေါ်မိုးမိုးစမ်းနှင့် လက်ထောက်ဆရာဝန်များ၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများဖြစ်သော ဒေါက်တာဦးလွန်းနိုင်၊ ဒေါက်တာဒေါ်နီနီဝင်း၊ အထူးကြပ်မတ်ကုသဆောင်မှ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ အမျိုးသားသွေးလှူဌာနမှ ဆရာဝန်များနှင့် ဆရာမများ၊ နာမကျန်းဖြစ်နေချိန်မှ မီးသင်္ဂြိုဟ်ပြီးစီးချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော စစ်ဘက် နယ်ဘက် ပုဂ္ဂိုလ်များ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ လွမ်းသူ့ပန်းခြင်းများ ပို့ပေးကြသူများ၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ အားပေးစကားပြောကြားကြသော လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ တပည့်များနှင့် နာရေးလိုက်ပါပို့ဆောင်ပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းအေး (မြင်းခြံမြို့)

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန

### အသက်(၈၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏ မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ရက် နံနက်ပိုင်းတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းအေး (မြင်းခြံမြို့)

### ညွှန်ကြားရေးမှူး(ငြိမ်း)
### စက်မှုစီမံကိန်းဦးစီးဌာန

### အသက်(၈၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏ မိခင်သည် ၉-၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ**
**အမှတ်(၂)လေ့ကျင့်ရေးသင်တန်းကျောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းအေး (မြင်းခြံမြို့)

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန

### အသက်(၈၃)နှစ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်ဥမ္မာကိုတို့၏မိခင်ဖြစ်သူသည် ၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးကျော်-ဒေါ်ဝိုင်းနုအေး**
**အထွေထွေမန်နေဂျာ (ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန)**
**မြန်မာ့သစ်လုပ်ငန်း**

## ဒေါ်ရွှေပု

### (သာယာကုန်း-ရမ်းဗြဲမြို့)

### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ သာယာကုန်းနေ (ဦးငပိန်ချေ)၏ဇနီး၊ ဦးဘဝင်း-(ဒေါ်ခင်သန်း)၊ ဦးအောင်စံဝင်း-ဒေါ်အောင်ကြည်၊ (ဦးရဲမြင့်)-ဒေါ်ဝင်းရီ၊ ဦးခင်မောင်ကျော်၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ ၂လမ်း၊ အမှတ် ၁၂၆နေ ဦးဝင်းတင်-ဒေါ်နှင်းရည်ဦး၊ ဦးလင်းထင်-ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇ရက်(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်စန်းရီ

### အသက်(၇၆)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာ(၂)လမ်း၊ ခြံအမှတ် ၉နေ ဦးထွန်းရွှေ (မိုးကုတ်မြို့တော်ဝန်၊ ငြိမ်း)၊ ဥက္ကဋ္ဌ (ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့)၊ နာယက(မိုးကုတ်မြို့ကျောက်မျက်လုပ်ငန်းရှင်များအသင်း)၏ဇနီး ဒေါ်ခင်စန်းရီအား နေမကောင်းနေစဉ်မှ ကွယ်လွန်ချိန်အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော အာရှတော်ဝင်ဆေးရုံမှအထူးကုဆရာဝန်ကြီးများနှင့်ဝန်ထမ်းများ၊ ကွယ်လွန်ချိန်မှနာရေးကိစ္စများ ပြီးဆုံးသည်အထိ အဘက်ဘက်မှ လိုလေသေးမရှိအောင်ဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ FACEBOOK၊ VIBER၊ MESSENGER တို့ဖြင့် ဆက်သွယ်မေးမြန်း အားပေးစကားပြောကြားကြသော ရပ်ဝေးရပ်နီးမှ အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်း မိတ်ဆွေအပေါင်းသင်းများ၊ နာရေးသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့သူများ၊ နာရေးအလှူအတွက် ကူညီပံ့ပိုးပေးခဲ့သူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို မိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးကြည်စိန် (ဥက္ကံ)

### ဦးစီးအရာရှိ (ဒု)ဗိသုကာ(ငြိမ်း)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က)ရပ်ကွက်၊ အမှတ် ၄၁၊ သတိပဋ္ဌာန်လမ်းနေ (ဒေါ်ခင်လှလှ)၏ခင်ပွန်း၊ ဦးကျော်ကျော်မိုး-ဒေါ်တိုးနှင်းခိုင်၊ ဦးကျော်ဆန်း - ဒေါ်နိုင်နိုင်ဝင်း၊ ဦးကျော်ကျော်မိုး - ဒေါ်ကေတီဇော်တို့၏ဖခင်၊ မခိုင်သဉ္ဇာဝင်း၊ မအိအိဖြိုးကျော်၊ မထက်မြတ်နိုးဦးတို့၏ အဘိုးသည် ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကြည် (အပေါင်မြို့)

### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက ၂၅လမ်း၊ အမှတ် ၇၅၀နေ (ဦးချင်ကြူး-ဒေါ်မြ)တို့၏သမီး၊ ဦးလှတင် (ရေနံ၊ ငြိမ်း)၏ဇနီး၊ ဦးသန်းနွယ်(A.M Sae Paing Development Co.,Ltd)-ဒေါ်လှလှချို(ရေနံ၊ ငြိမ်း)တို့၏မိခင်၊ မသင်းနန္ဒာစိုး(ခေတ္တ-စင်ကာပူ)၊ မောင်ရဲမင်းဖြိုး(ခေတ္တ-စင်ကာပူ)တို့၏ အဘွားသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မြင့်လှိုင် (Richard)

### B.E (Electrical)

### အသက်(၆၇)နှစ်

[အမွေထိန်းမင်းကြီး(ငြိမ်း) ဦးစိုးလှိုင်-ဒေါ်ကြည်ကြည်လှိုင်]တို့၏သား၊ [အကျဉ်းဦးစီးဌာနမင်းကြီး(ငြိမ်း) ဦးဘသိန်း - ဒေါ်မြင့်မြင့်သန်း]တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးသိန်း Teacher Aye English Classes (ယခင် Myanmar Noble College)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းလှိုင်၏ဖခင်၊ ဒေါက်တာဒေါ်မီမီလှိုင်၊ ဒေါက်တာဦးမျိုးလှိုင် - ဒေါ်ခင်မာလွင်၊ ဒေါက်တာဒေါ်နီနီလှိုင်၊ ဒေါက်တာဦးကြည်ဝင်းလှိုင်-ဒေါက်တာမီမီလေးတို့၏မောင်/ညီ/အစ်ကိုသည် ၁-၁-၂၀၁၇ ရက်တွင် Vancouver မြို့ CANADA နိုင်ငံ၌ကွယ်လွန်သွားပါ၍ Vancouver မြို့ရှိ မြန်မာဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ် ၁၂၄ နေအိမ်တွင်လည်းကောင်း ရက်လည်ဆွမ်းကျွေးပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဒင် အသက်(၉၃)နှစ်

### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီး)တို့၏ဖခင်ဖြစ်သူ ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးကျော်ဒင် (ထားဝယ်)

### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)

### အသက်(၉၃)နှစ်

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင်ဖြစ်သူ ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**VIVO MYANMAR DMC TEAM**
**Rich Myanmar Travel Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဒင် (ထားဝယ်)

### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)

### အသက်(၉၃)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့်ဇနီး ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်/ခရီး)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ၊**
**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**သီရိဘက်စုံစိုက်ပျိုးရေးကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းအေး

### အသက်(၈၃)နှစ်

ဦးခင်မောင်ရီ (အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာကိုတို့၏ မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ၊**
**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**သီရိဘက်စုံစိုက်ပျိုးရေးကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်ညို (ပန်းချီမင်းညို)

စစ်တွေမြို့၊ မောလိပ်ရပ်၊ ဈေးလမ်းနေ လှခတ်ပုံတိုက် ဒေါ်လှ၏ခင်ပွန်း ဦးမောင်ညို(ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ကွယ်လွန်သွားကြောင်း သိရပါသည်။ လွှတ်တော်အတူတကခဲ့သော ရောင်းရင်းတစ်ဦးဆုံးရှုံးခဲ့ရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကပ္ပတိန် သာစိန်နှင့် ဇနီး ဒေါ်လှမြသိန်း**

## ဦးသန်းထွန်း

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် ၁၂(ငါးလွှာ-ယာ)နေ ဒေါ်မြသောင်း(စိန် ဟိုင်း)၏ခင်ပွန်း၊ မနီနီဝင်း၊ မကြည်ကြည်ဝင်း-ကိုစိုးမြင့်၊ မတင်တင်အိ-(ကိုကိုဦး)၊ မအေးဒါထွန်း-ကိုသူရအောင်၊ ကိုနေလင်းထွန်း-မမိုးမိုးမြင့်၊ ကိုအာကာဖြိုးဝေတို့၏ဖခင်၊မြေးကိုးယောက်တို့၏ အဘိုးသည် ၁၂-၁-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး

## ဒေါ်လဲ့လဲ့ခိုင် အသက်(၄၇)နှစ်

### အထက(၃)ဟသ်ာတ ကျောင်းသူဟောင်း

ရန်ကုန်မြို့နေ (ဦးကျော်မြင်-ဒေါ်ကြည်ကြည်ဝင်း)တို့၏သမီး၊ ဟသ်ာတမြို့နေ (ဦးထွန်းရှိန်-ဒေါ်တင်မေ)တို့၏သမီးချွေးမ၊ ဦးဆန်းထွန်းဦး(အား/ကာ၊ ဟသ်ာတ)၏ဇနီး၊ မခြူးငြိမ်းငြိမ်းဆန်း၏မိခင်၊ ဦးထွန်းအောင်ကျော်-ဒေါ်မိမိခိုင်တို့၏ညီမ၊ ဦးလှမင်းဟန်-ဒေါ်တင်တင်ခိုင်တို့၏အစ်မသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## မချောစုလတ်

### (KMD Group of Companies)

### အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၃၉၊ ပထမထပ်(ယာ)နေ ဦးလှဘော်-ဒေါ်ငွေငွေဝင်းတို့၏သမီး၊ မအိအိငြိမ်း(KMD Group of Companies)၊ မောင်ဖြိုးဟန်ကျော်(အထက ကျောက်တံတား)တို့၏ အစ်မ၊ (ဦးထွန်းအောင်)ဦးသိန်းဇံ-ဒေါ်လှလှငွေ၊ ဦးထွန်းကြိုင်(GGI အာမခံ)-ဒေါ်ကြူကြူဇင်၊ ဦးနေဝင်း၊ (ဦးသိန်းဟန်)၊ ဦးညီညီထွန်း-ဒေါ်လှလှမြင့်(ခေတ္တ-USA)တို့၏တူမသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းနု (ဘုတလင်/မုံရွာ)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ (၃)ရပ်ကွက်၊ အမှတ် ၄၆၇၊ အောင်မြေမျက်စိအထူးကုဆေးခန်းနေ (ဦးအုန်းဖေ)၏ဇနီး၊ ဒေါက်တာဒေါ်အောင်မေကြည်(တွဲဖက်ပါမောက္ခ၊ မျက်စိအထူးကုဆရာဝန်ကြီး၊ ငြိမ်း)၊ (ဦးမြင့်စိုး)-ဒေါ်ဖြူဖြူ(သဃ်န်းကျွန်းဈေးကြီး)၊ ဒေါ်မြင့်မြင့်အုန်း(ဥပဒေအရာရှိ၊ ငြိမ်း)၊ ဒေါ်မြမြအုန်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဦးဝေမင်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၀၀း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်သိန်း

### အလုပ်သမားဦးစီးအရာရှိ(ငြိမ်း)

### ဗဟိုအမျိုးသားအထက်တန်းကျောင်း၊ နေရှင်နယ်ကျောင်းသားဟောင်း

### အသက်(၈၇)နှစ်

မန္တလေးမြို့၊ ၄၁×၄၂၊ ၈၂×၈၃လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်၊ ရွှေတုန်းလေ့တန်း(အလယ်ပြ)နေ (ဦးသန်း-ဒေါ်သက်ဝင်း)တို့၏သား၊ ဦးလှမျိုးမြင့်-ဒေါ်သန်းသန်းညွန့်၊ ဒေါ်ခင်ယုယုသိန်း(ကျောင်းအုပ်ကြီး၊ အထက-၂၊ တပ်ကုန်း)၊ ဦးဆန်းထွန်းအောင်-ဒေါ်ခင်မာကြူအေး၊ ဦးငွေဝင်း(မြို့နယ်ဦးစီးဌာန၊ လဝက၊ ကျောက်ဆည်)-ဒေါ်ခင်ကျော့ကျော့သိန်း၊ ဦးမိုးကျော်[DY. General Manager MYANMAR POWER SPECTRUM]-ဒေါ်ခင်ခိုင်ခိုင်သိန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်ခင်ညို)၏ခင်ပွန်းသည် ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျင်သိန်း အသက်(၇၅)နှစ်

### သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးမောင်ငွေ-ဒေါ်လှမြင့်တို့၏သားသမက်၊ အခန်း ၀၀၁၊ တိုက် ၃၀၊ ၄၀၊ လမ်း၊ စီဘလောက်နေ (ဒေါ်သန်းသန်းဦး)၏ခင်ပွန်း၊ ဦးထိန်လင်း(သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ (ဦးဇာနည်ဝင်း)-ဒေါ်ယဉ်ယဉ်ငွေ၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်-ဒေါ်ဝါဝါခိုင်၊ ဦးထွန်းသော်တာတို့၏ယောက်ဖ၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မရွှန်းလဲ့သိန်း၊ မောင်မင်းမောင်၊ မောင်အေးမောင်(အထက-၂၊ ဒဂုံဆိပ်ကမ်း)တို့၏ဖခင်သည် ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ငွေ(ခ)ဦးမျိုးညွန့် (ပြွန်တန်ဆာ)

### စာရေးဆရာကောင်းညွန့်၊ အယ်ဒီတာ

### မြဝတီသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်(ငြိမ်း)

### အသက်(၇၁)နှစ်

ပြွန်တန်ဆာမြို့နေ (ဦးသာအောင်-ဒေါ်စိုးမြင့်)၊ (ဦးယုဆွယ်-ဒေါ်စိုးချစ်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတက်တိုး-ဒေါ်နုယဉ်)တို့၏သားသမက်၊ ဒေါ်ငွေရည်(အလယ်တန်းပြ၊ အထက-၁၊ ဒဂုံ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးလင်းထွဋ်ခေါင်-ဒေါ်နှင်းငုံ၊ ဦးအောင်သိုက်-ဒေါ်သူသူဆွေတို့၏ဖခင်၊ မောင်ဟိန်းထွဋ်၊ မောင်သွေးသန့်၊ မောင်သွေးသစ်တို့၏အဘိုးသည် ၁၁-၁-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးလှခို (မဲဇလီအောက်စု)

### အသက်(၇၇)နှစ်

လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၈)လမ်းနေ ကိုကျော်ဝင်းနိုင်-မအေးသိန်း၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗောဓိလမ်းနေ ကိုကြည်စန်း(မြို့တော်စည်ပင်၊ လမ်း/တံတား)-မတင်တင်ဝင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၇လမ်းနေ ကိုမျိုးမင်းဇော်-မသန်းသန်း(အမက-၃၉၊ လှိုင်သာယာ)၊ (ကိုထိန်လင်း)-မခင်လှငွေ၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်းနေ ကိုအေးမင်း(MPRL E & P PTELTD) - မစိုးစိုးမော် (မြို့တော်စည်ပင်အခွန်ဌာန)တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး၊ ဒေါ်ကျင်ဟန်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ရက်(အင်္ဂါနေ့) တွင် လှိုင်မြို့နယ်၊ မာလာမြိုင် ၈လမ်း၊ အမှတ် ၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး

## ဒေါ်တင်ညွန့်

### ကုန်သွယ်/လယ်ယာ(ငြိမ်း)

### အသက်(၈၀)

ရန်ကုန်မြို့နေ (ဦးစိုးဝင်း-ဒေါ်ခန့်)တို့၏သမီး၊ (ဦးဘသင်-ဒေါ်အေးပို)တို့၏သမီးချွေးမ၊(ဦးတင်လတ်-ဒေါ်လှကြည်)တို့၏ညီမ၊ (ဦးဟန်စိန်)-ဒေါ်ခင်ငွေပိုင်တို့၏အစ်မ၊ရန်ကုန်မြို့၊သာကေတမြို့နယ်၊(၉)ရပ်ကွက်၊ ရတနာပုံ ၅လမ်း၊ အမှတ် ၁၁၃၅နေ (ဦးဝင်းလွင်)၏ဇနီး၊ ဒေါ်လဲ့လဲ့ဝင်း၊ ဦးလေးလွင်-ဒေါ်ဝင်းဝင်းကြည်၊ ဦးကျော်ကျော်အောင်-ဒေါ်ပပဝင်း၊ ဒေါ်မိုးသူဇာလွင်တို့၏မိခင်၊ မောင်အောင်ထက်အောင်၊ မောင်အာကာကျော်၊ မဟေမာန်သဲစုကျော်၊ မောင်ပြည့်ဝထက်အောင်၊ မသော်တာလဝန်း၊ မစုစန္ဒီလွင်တို့၏အဘွားသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင်ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

# မိမိတို့နိုင်ငံအတွက် ပြည်ထောင်စုနေ့သည် အရေးပါသည့်နေ့တစ်နေ့ဖြစ်

**နေပြည်တော်  ဇန်နဝါရီ  ၁၂**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုနှစ် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး စသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းဦးတည်ချက်များ အောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ပြည်ထောင်စုနေ့သည် အလွန်အရေးပါသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

# ဇွဲကပင်ကေဘယ်ကားစီမံကိန်း သဘောတူစာချုပ် ချုပ်ဆို

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

**ဘားအံ  ဇန်နဝါရီ  ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ပေါ်နှင့် လုမ္ဗိနီဥယျာဉ်၌ တပ်ဆင်တည်ဆောက်မည့် ဇွဲကပင်ကေဘယ်ကား စီမံကိန်းအကောင်အထည်ဖော် လည်ပတ်နိုင်ရေးအတွက် ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီလီမိတက်နှင့် ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့ ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်၌ ဇွဲကပင်ကေဘယ်ကားစီမံကိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီနာယကဆရာတော်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှစ်ဦးနှစ်ဖက်ကုမ္ပဏီတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များရှေ့တွင် ဇန်နဝါရီ ၁၂ ရက်နံနက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဇွဲကပင်ကေဘယ်ကားစီမံကိန်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဆပ်မကော်မတီများကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစတင်ဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဝင်းမြေတိုင်းကုမ္ပဏီဖြင့် လည်းကောင်း၊ SunTech အဖွဲ့ဖြင့်လည်းကောင်း၊ ဇွဲကပင်တောင်ပေါ်နှင့် တောင်အောက်တို့ကို Survey ဆောင်ရွက်ခြင်း၊ တောင်ခြေကေဘယ်ကား ရပ်နားနေရာတည်ဆောက်မည့် လုမ္ဗိနီဥယျာဉ်

စာမျက်နှာ ၅ ကော်လံ ၃

## ယနေ့ မာတိကာ

### ကြက်သားမှန့်သုံးစွဲသူများ အချိုမှုန့်များပါဝင်သည်ကို သတိထား

စာမျက်နှာ » ၅

### ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်ဆွေးနွေး

စာမျက်နှာ » ၇

### ယမ်းထုတ်လုပ်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းများ လောက်ကိုင်၌ သိမ်းဆည်းရမိ

စာမျက်နှာ » ၉

# မြို့နယ်ပေါင်း ၁၀၀ ၌ ဘောလုံးအဖွဲ့ချုပ်များ ထူထောင်ပေးမည်

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန်  ဇန်နဝါရီ  ၁၂**

ရှက်ပုန်းသီးလူငယ်ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်ပေါင်း ၁၀၀ ရွေးချယ်ကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းထူထောင်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

"အခုအခါမှာ ဘောလုံးနည်းပြ ၇၀၀ လောက်ရှိလာပါပြီ။ ဘောလုံးက မြို့နယ်တွေမှာ စနစ်တကျသင်ကြားပေးမှသာ တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စဉ်းစားတာက မြို့နယ်အဖွဲ့ချုပ်တွေဖွဲ့ပေးပြီး မြို့နယ်တွေမှာ မြို့နယ်အားကစားကွင်းတွေရှိတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁



# ပြိုင်ပွဲဝင် ကမ္ဘာ့အလှမယ် ထက်ထက်ထွန်း မြန်မာ့ရုပ်သေးရုပ်အကဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်  ဇန်နဝါရီ  ၁၂**

ဖိလစ်ပိုင်နိုင်ငံ Mall of Asia Arena,Pasay,Metro Manila ၌ ကျင်းပမည့် (၆၅)ကြိမ်မြောက် ကမ္ဘာ့အလှမယ် Miss Universe ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် ထက်ထက်ထွန်းနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

"ပြိုင်ပွဲနဲ့ပတ်သက်ပြီးတော့ ရင်ခုန်စိတ်ပူနေတာလေးတွေတော့ ရှိတာပေါ့။ ပြီးခဲ့တဲ့ ဖိလစ်ပိုင်အလှမယ်ပြိုင်ပွဲမှာလည်း သွားရောက်ယှဉ်ပြိုင်ခဲ့တယ်။ အဲဒီပွဲမှာ တွေ့ခဲ့တဲ့ ပြိုင်ဘက်တွေကို အခု Miss Universe ပြိုင်ပွဲကြီးမှာ

စာမျက်နှာ ၅ ကော်လံ ၁

